http://www.dhammadownload.com

"ယခုခေတ် နိုင်ငံခြားရဟန်းတော်များ မြန်မာပြည်သို့လာရာ ပါလာသော ဒေါ်လာငွေများကို မကြေညာပဲ ထိန်ဝှက်ချန်ထားပြီးလျှင် မှောင်ခိုဈေး၌ လဲလှယ်ရာ ဒုတိယပါရာဇိက အာပတ် သင့်,မသင့်......"

# ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်

မေးရှ


# သပြေကန် ဆရာတော်ကြီး

ဖြေသည်

သာမဏေကျော်

သာသနာနှစ်-၂၅၄၃ မြန်မာနှစ်-၁၃၆၂ ခရစ်နှစ်-၂၀၀၀

http://www.dhammadownload.com



http://www.dhammadownload.com

# ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်

မေး၍

# သပြေကန် ဆရာတော်ကြီး

ဖြေသည်

သာမဏေကျော်

စုစည်းပူဇော်သည်

သာသနာနှစ်-၂၅၅၄ မြန်မာနှစ်-၁၃၇၂ ခရစ်နှစ်-၂၀၁

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် --၁၁၉ /၀၁/(ပုံနှိပ်) သသန-၁၀

အကြိမ် - တတိယအကြိမ်

ခုနှစ် - ၂၀၁၀ခု၊ အောက်တိုဘာလ

ပုံနှိပ်သူ - ဦးအေးမြင့် (၀၃၃၄၂)
"သင်း"ပုံနှိပ်တိုက်

စီစဉ်သူ - ဒေါ်ဂန္ဓသောဘာ

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သပြေကန်ဆရာတော်ကြီးနှင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် | ၁ |
| ၂။ | မွေးလွန်းသည့်ပန်း | ၉ |
| ၃။ | ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်မေး၍ သပြေကန် ဆရာတော်ကြီးဖြေသည် | ၁၇ |
| ၄။ | သက်သတ်လွတ်စားခြင်းသာ မြတ်သလော | ၂၁ |
| ၅။ | မာဂဏ္ဍီ၏ မိဘနှစ်ပါးကို တရားထူး ရစေသည့် တရားသည် သမီးမာဂဏ္ဍီ အဖို့မူ အဘယ့်ကြောင့် ဒေါပွစရာ ဖြစ်ရပါသနည်း | ၂၅ |
| ၆။ | အရှင်မောဂ္ဂလာန်မထေရ် နန္ဒောပနန္ဒနဂါး မင်းကို နှိမ်နင်းဆုံးမရာ၌ အရှင်မောဂ္ဂလာန် မှာ အပြစ် ရှိ - မရှိ | ၃၁ |
| ၇။ | သီဟသေနာပတိနှင့် အချို့ပုဂ္ဂိုလ်တို့၏ သံသယ | ၃၅ |

http://www.dhammadownload.com

# မာတိကာ


| ဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | မိဂါရသူဌေးက ဝိသာခါ နို့ ကို စို့-မစို့ | ၄၁ |
| ၉။ | ဝိသာခါကို ဘုရားရှင် မိန့်တော်မူသည် ဆိုသော စကားတစ်ရပ်ကို စိစစ်ချက် | ၄၅ |
| ၁၀။ | နိုင်ငံခြား ရဟန်းတော်များနှင့် ဒေါ်လာကိစ္စ | ၅၁ |
| ၁၁။ | သပြေကန်ဆရာတော်ကြီးနှင့် ဩစတြေးလျမှ အရှင်ပညာသာမိ | ၇၁ |

http://www.dhammadownload.com



# သပြေကန်ဆရာတော်ကြီး နှင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်

သပြေကန် ပရိတ်ကြီးနိဿယသစ်ကို ရေးသားပြုစုတော်
သော ပုဗ္ဗန်တောင်ရွှေကျင်ကျောင်းတိုက် ဆရာတော်ကြီး အ
ဝါသေဋ္ဌာဘိဝံသကို ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်
ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသသည် ပြည်ပသို့ ဓမ္မဂုဏ်ရည်
ဓမ္မဒူတခရီး ကြွခါနီးအချိန်နှင့် ထိုခရီးမှ ပြန်ကြွလာရာအချိန်တို
ဖူးမြော်ကန်တော့ခြင်း၊ သပြေကန်ဆရာတော်ကြီး၏ ကျန်းမာ
အတွက် လိုအပ်ရာရာ ဆေးပစ္စည်းများနှင့် အခြားလိုအပ်ရာ
ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခြင်း၊ ကျန်းမာရေးအခြေအ
မေးမြန်းလျှောက်ထားခြင်း၊ ပိဋကတ်တော်လာ သိလိုသည့် ခ
ဆစ်အကြောင်းအရာများ မေးမြန်းလျှောက်ထားခြင်း စသည်တို့
ပြုလုပ်လေ့ရှိပေ၏။ သပြေကန်ဆရာတော်ကြီး အကြောင်းကို စာ
ဆရာတို့ ရေးသားထားသည့် စာပေ၊ ဆောင်းပါး စသည်တို့
ဖတ်ရှုရသဖြင့် သပြေကန်ဆရာတော်ကြီးအကြော
သိတန်သလောက် သိရပါ၏။

http://www.dhammadownload.com

## ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်မေး၍

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သည် သပြေကန်
ရာတော်ကြီး၏ စာအရေးအသား ညက်ညောကြောင်း, အယူအဆ,
တွေးအခေါ်, အဆုံးအဖြတ် ရှင်းလင်းပြတ်သား၍ အတုယူဖွယ်
ာင်းကြောင်း, စာအရေးအသားမှာ ခေတ်မီ၍ ကောင်းမွန်ကြောင်း
ည်ကို ဤဆောင်းပါးရေးသားသူအား ပြောပြသည်ကို မှတ်သားခဲ့
ါ၏။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ,
လာအမြုတေစာအုပ်ကို ရေးသားသည့် မလှိုင် ကံကြီးဆရာတော်
ဇ္ဇဝိဒူ အရှင်စန္ဒောဘတိနှင့် ဤသပြေကန်ဆရာတော်တို့၏ စာရေး
ားပုံတို့မှာ သူ့နည်းသူ့ဟန်နှင့် တစ်မျိုးစီ ကောင်းကြကြောင်း
တောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်က မိန့်ကြားသည်ကို
ယူဖူးပါ၏။

မဟာဂန္ဓာရုံဆရာတော်မှာ ဤဆောင်းပါးရေးသူ၏
ျးဇူးရှင် ဆရာတော်ဖြစ်၍ ဆရာတော်၏ စာအရေးအသား
ာင်းမှုကို နားလည်သဘောပေါက်ခဲ့ရပါ၏။ မလှိုင်
ကြီးဆရာတော်၏ စာအရေးအသားကို မင်္ဂလာအမြုတေစာအုပ်
်ရသောအခါ ခေတ်မီမှု, ရှင်းလင်းမှု ရှိသည်ကို သိခွင့်ရခဲ့ပါ၏။
ပြေကန်ဆရာတော်၏ စာအရေးအသား ကျွမ်းကျင်မှုကို ကျေးဇူးရှင်
တောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ မိန့်ကြားချက်ဖြင့်ပင်

http://www.dhammadownload.com



လေးစားမြတ်နိုးနှင့်ပါ၏။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က ပြဿနာ(၇
ချက် မေး၍ သပြေကန်ဆရာတော်ကြီးက စာဖြင့်ရေး၍ ဖြေထာ
အပ်သော အဖြေများကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်
က တပည့်ရဟန်းငယ်တို့ကိုဖတ်ရှုစေ၍ မှတ်သားစေသဖြင့်
သပြေကန်ဆရာတော်ကြီး၏ ပိဋကတ်ကျွမ်းကျင်မှု, အယူအဆ
အတွေးအခေါ် ရှင်းလင်းပြတ်သားမှု, စာအရေးအသား ညက်ညောမှု
တို့ကို သိရှိ ကြည်ညိုခဲ့ရပါသည်။

အဖြေပေးထားအပ်သော ထိုမေးခွန်း (၇)ချက်မှာ --

(၁) သက်သတ်လွတ်စားခြင်းသာ မြတ်သလော။

(၂) မာဂဏ္ဍီ၏ မိဘနှစ်ပါးကို တရားထူး ရစေသည့်
တရားသည် သမီးမာဂဏ္ဍီအဖို့မူ အဘယ့်ကြောင့်
ဒေါသပွစရာ ဖြစ်ရပါသနည်း။

(၃) အရှင်မောဂ္ဂလ္လာန်မထေရ်က နန္ဒောပနန္ဒနဂါးမင်းကို
နှိမ်နင်းဆုံးမရာ၌ အပြစ် ရှိ-- မရှိ။

(၄) သောတာပန်ဖြစ်ပြီးနောက်လည်း ဗိုလ်ချုပ်ကြီးတာဝန်
ကို ထမ်းဆောင်လျက်ပင် ရှိနေသော သီဟမှာ
ပါဏာတိပါတ ကင်းနိုင်ပါသလော။

http://www.dhammadownload.com



(၅) မိဂါရသူဌေးက ချွေးမ ဝိသာခါ၏ နို့ကို စို့-မစို့။
(၆) "ကာမဂုဏ် မှိဝဲစဉ်မှာပင် ငါဘုရားကို မမေ့နဲ့ ဟု ဝိသာခါအား ဘုရားရှင် မိန့်တော်မူသည်"ဟု ဆိုရာ ထိုအဆို မှန်-- မမှန်။
(၇) နိုင်ငံခြားသား ရဟန်းတော်များနှင့် ဒေါ်လာကိစ္စတို့ ဖြစ်ပါ၏။

သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်သည် ာမည်ကြီးလှ၏၊ သို့သော် ဤဆောင်းပါးရေးသူ စေ့စေ့ငုငု မဖတ်ရှု ရသေးမီက နာမည်ကြီးရခြင်း၏ အကြောင်းကို ကောင်းကောင်း သိလှ၊ စေ့စေ့ငုငု ဖတ်ရှုမိသောအခါ၌မူကား သပြေကန် ဆရာတော်ကြီးကို ယခင်က လေးစားသည်ထက် ပို၍ လေးစား ပါ၏။ ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် မိန့်ကြားအပ်သော စကားတို့ကိုလည်း ပို၍ နားလည် သဘောပေါက် လာပါ၏။ "စာရေးနည်း အတုယူ"ဟု တိုက်တွန်းအပ်ခဲ့သော ကားသည် ပို၍ လေးနက်လာပါ၏၊ တကယ်ပင် အတုယူဖွယ် ကောင်းပါ၏။

ဆရာတော်ကြီးသည် အနေအထိုင် အပြောအဆို ညက်သ လောက် စာအရေးအသားကား သွက်လက်၏၊ ထက်မြက်၏၊ ာက်ကြွ၏၊ ခေတ်မီ၏၊ ပိဋကဗဟုသုတ, ဘာသန္တရဗဟုသုတ

http://www.dhammadownload.com

## *သပြေကန်ဆရာတော်ကြီးဖြေသည်*

စုံလင်လှပေ၏၊ ဤစာရေးသူ ဉာဏ်မီသမျှဖြင့် ဤသို့ သုံးသ
မိပါ၏။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် တပ
ရဟန်းပရိသတ်, သိက္ခာရှင်(သီလရှင်)ပရိသတ်, အမျိုးသား
အမျိုးသမီးယောဂီ ပရိသတ်တို့နှင့် အတူ ၁၃၅၄–ခု တပို့တွဲလပြ
ကျော် (၈)ရက် (၁၅ –၂ – ၉၃)နေ့က ညနေ (၄)နာရီခွဲအချိန်တွ
သပြေကန်ဆရာတော်ကြီးကို ဖူးမြော်ကန်တော့သွားခဲ့ပြန်ပါ
ဤတစ်ကြိမ်ကား မလေးရှား, စင်္ကာပူ, အင်ဒိုနီးရှားနိုင်ငံတို့သ
(၃)လကြာ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီးမှ အပြန် သွားရော
ကန်တော့ခဲ့သည့် အကြိမ် ဖြစ်ပါ၏။ ဤတစ်ကြိမ်တွင် သပြေက
ဆရာတော်ကြီး၏ မျက်နှာတော်မှာ ပို၍ လန်းဆန်းနေပါ
စိုပြေနေပါ၏၊ ကျန်းမာရေး ပို၍ ကောင်းနေပုံ ပေါ်ပါ၏၊ သပြေက
ဆရာတော်ကြီးထံ ရဟန်းငယ်ဘဝက အထက်တန်းစာ
လေ့လာနည်း ခံယူဖူးသည့် ရွှေတောင်ကုန်း သာသနာ့ရိပ်သ
ဆရာတော်နှင့် တပည့်အပေါင်းတို့က ဩကာသဖြင့် ကန်တော့ကြ
ဆရာတော်ကြီးက ဆုပေးပါသည်။

http://www.dhammadownload.com



ထို့နောက် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က
နည်းနှင့်စပ်သည့် မေးခွန်းတစ်ခုကို သပြေကန်ဆရာတော်ကြီးအား
မေးပါ၏၊ ကျမ်းဂန် အကိုးအကားနှင့်တကွ သပြေကန်
ရာတော်ကြီး၏ အဖြေကို လိုလားကြောင်း လျှောက်ထားပါ၏။
"အသက်ကြီးလာတော့ မေ့လာတယ်၊ ဆွမ်းစားပင့်ထားလို့
င်ယာရီမှာ ညက ရေးမှတ်ထားပေမယ့် မနက်ရောက်တော့ မေ့သွား
ယ်"ဟုဆရာတော်ကြီး၏ မိန့်ကြားသံကို နာကြားရသောအခါ
အသက်ကြီးလာရင် ရုပ်ခန္ဓာ ယိုယွင်း လာသည်နှင့်အမျှ သတိလည်း
ိုယွင်းလာတတ်ပါတကား"ဟု စဉ်းစားမိပါ၏၊ ကပ္ပိယကာရက
ို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ရာတွင် ဆရာတော်ကြီးက
နည်းနှင့်အညီ အကပ်ခံထိုက်သည်ကိုသာ အကပ်ခံ၍
ကပ်မခံထိုက်သည်ကိုမူ မကပ်စေသည်ကို တွေ့ရသဖြင့် ဝိနည်းကို
သေးအမွှားလေးမှအစ လေးစား လိုက်နာသော ဆရာတော်ကြီး-
ယခင်က ကြားရုံသာ ကြားခဲ့ဖူးရာ ယခုအခါမူ မျက်မြင်ကိုယ်တွေ့
စ်ခဲ့ရပါ၏၊ တပည့်ဖြစ်ဖူးသည့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ
ရာတော်ကိုပင် "ဆရာတော်" ဟူသော အသုံးအနှုန်းဖြင့် သုံးနှုန်း
ပြောဆိုသည်ကို မြင်တွေ့ရသောအခါ ဆရာတော်ကြီး၏ မာန်မာန
ရှိပုံ, ဝါငယ်သူကိုပင် လေးစားပုံတို့ကို ကြည်ညိုရပါ၏၊ စကားကို

http://www.dhammadownload.com

## *သပြေကန်ဆရာတော်ကြီးဖြေသည်*

အကျယ်ကြီး မပြော၊ တိုးတိုးသာသာ ပြောဆိုတော်မူ၍၊ ညင်ည
သာသာ မိန့်တော်မူ၍၊ ဆရာတော်ကြီး သီတင်းသုံးရာ အခန်းထဲ
ဧည့်ခန်းသို့ ကြွလာပုံ၊ ကုလားထိုင်ပေါ် ထိုင်တော်မူပုံ၊ တည်ငြိ
အေးချမ်းသော မျက်နှာရှိပုံ၊ ဖြေညှင်း ညင်သာစွာ လှုပ်ရှားပုံ၊ ထန်းရွက
ယပ်တောင်ကို ကိုင်လျက် ပြုံးချည် တစ်ခါ တည်ချည်တစ်လှည့်ဖြ
ဆရာတပည့်တို့ ပွင့်လင်းရင်းနှီးစွာ ဆက်ဆံကြပုံ၊ မေးပုံ၊ ဖြေပုံတို့ဂ
မြင်တွေ့ရ၍ ကြည်ညိုသဒ္ဓါ ပွားရပါသည်။

လာရောက်ကန်တော့ကြသည့် ပရိသတ်တို့တွင် ဗုဒ္ဓစာပေသ
ယူနေကြသည့် နီပေါမှ သိက္ခာရှင်(သီလရှင်) (၃)ပါးနှင့် မလေးရှား
သိက္ခာရှင် (သီလရှင်) တစ်ပါးတို့အပြင် ပြည်တွင်းမှ စာသင်သိက္ခာရှ
တို့လည်း ပါဝင်လာလေရာ ထိုသိက္ခာရှင်တို့အား ဆရာတော်ကြီးက
ဩဝါဒစကား မိန့်ချွေလိုက်ပါသည်။

"ဂုဏ်-ဆိုတာ ရှိရတယ်၊ ခန္ဓာကိုယ်ကြီးက ပျက်စီးသွာ
ပေမယ့် ဂုဏ်ဆိုတာကတော့ ကမ္ဘာတည်သရွေ့ ရှိနေမှာပဲ၊ ကမ္ဘာကေ
သော်လည်း ဥဒါန်း မကျေစေရဘူး၊ လူသေပေမယ့် နာမည်မသေ
စေရဘူး၊စာသင်နေကြတဲ့ ဆရာလေးတွေ ဆိုတော့ ပရိယတ်ဂုဏ်
ပဋိပတ်ဂုဏ် ထွန်းထွန်းပေါက်ပေါက် ဖြစ်အောင် ကြိုးစားကြရမယ်
ကြိုးစားနိုင်ကြပါစေ"

၁၃၅၄(၁၉၉၃)-ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

သပြေကန်ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသနှင့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ ဂူသော ကျေးဇူးရှင် ဆရာအရှင်မြတ်ကြီး (၂) ပါး၏ ပြုမူပြောဆို က်ဆံကြပုံ မေးပုံ, ဖြေပုံ စသည်တို့ကား ဤစာရေးသူတို့လို နှောင်းခေတ်သာသနာ့ဝန်ထမ်းငယ်တို့အဖို့ အတုယူဖွယ် ကြည်ညို ွယ် ဖြစ်ပါပေသည်။

သပြေကန်ဆရာတော်ကြီးကား သက်တော်(၈၃), ဝါတော် (၆၃)ဝါ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကား သက် တော်(၇၂), ဝါတော်(၅၂)ဝါ ရှိကြပေပြီ၊ သက်တော်, ဝါတော် ကြီးမားတော်မူကြသည်နှင့် အမျှ သီလ, သမာဓိ, ပညာ အင်အားကြီး မားတော်မူကြသည့် ကျေးဇူးရှင် ဆရာတော်ကြီး(၂)ပါး သက်တော်ရာ ကျော်ရှည်ကာ သာသနာ့အကျိုး သယ်ပိုးတော်မူနိုင်ကြပါစေ-ဟု တ္တနာပြုကာ ခြေတော်ဦးခိုက်လိုက်ပါသည်။

(ဤဆောင်းပါးကို ၁၉၉၃-ခု မေလထုတ် ရတနာမွန်မဂ္ဂဇင်း၌ ဖော်ပြခဲ့ပါသည်။)

http://www.dhammadownload.com



ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဒကာကြီး ဦးထွန်းလွ
(ဓမ္မာစရိယ+ဘီအေ)ထံမှ တစ်ဆင့် စာရေးသူထံသို့ (၂၄–၆–၉၃)နေ
က စာတစ်စောင် ရောက်လာပါသည်၊ စာရေးလိုက်သူကား
မကွေးတိုင်း, ရေနံချောင်းမြို့, အမှတ် (၂၅၉) လက်မှတ်ကုန်းရပ်
မောင်အောင်ကြီး ဖြစ်ပါသည်။

သူရေးလိုက်သည့် စာကား––

သာမဏေကျော် အရှင်မြတ်ဘုရား

တပည့်တော် ရှိသေစွာ ရှိခိုးလျှောက်ထားအပ်ပါသည်ဘုရား

၁၉၉၃–ခု မေလထုတ် ရတနာမွန်မဂ္ဂဇင်းမှာ အရှင်ဘုရာ
ရေးသားထားတဲ့ "သပြေကန်ဆရာတော်ကြီးနှင့်ရွှေတောင်ကုန်
သာသနာ့ရိပ်သာဆရာတော်"အကြောင်း ဓမ္မဆောင်းပါးကို ဖတ်
သားကြည်ညိုရပါသည်ဘုရား။

တပည့်တော် ဖတ်ရှုကြည်ညိုပြီးသည့်အခါတွင် ရွှေတောင်
ကုန်းသာသနာ့ရိပ်သာဆရာတော်ဘုရားက မေးခွန်း(၇)ချက် မေးထာ
သဖြင့် သပြေကန်ဆရာတော်ကြီးက ဖြေထားအပ်သော အဖြေများကိ
ဖတ်ရှုကြည်ညိုလိုလှပါသည် အရှင်မြတ်ဘုရား၊ ထိုမေးခွန်
(၇)ချက်၏ အဖြေများကို တပည့်တော်တို့ ဖတ်ရှုကြည်ညိုနိုင်ပါရ
ရတနာမွန်မဂ္ဂဇင်းမှပင်ဖြစ်စေ, (သို့မဟုတ်) အရှင်ဘုရာ

http://www.dhammadownload.com



ခား လပ်တော်မူသောအချိန်မှာ သီးသန့် စာပြန်ကြား
ရေးသားတော်မူ၍ ဖြစ်စေ ချီးမြှင့်သနားတော် မူပါဘုရား-တဲ့။

စာဖတ်ပရိသတ်တို့ထံမှ ဤကဲ့သို့ တောင်းဆိုသည့် စာတွေ
ပာလေမည်ကို ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဒကာကြီး
ီးထွန်းလွင်(ဓမ္မာစရိယ+ဘီအေ)က ကြိုတင်နားလည်ထားပုံ
ပါသည်။ ထို့ကြောင့်ပင် ဒကာကြီး ဦးထွန်းလွင်က "သပြေကန်
ဆရာတော်ကြီး၏ အဖြေများကို စာဖတ်ပရိသတ်များက
မျှော်လင့်စောင့်စားနေကြပါလိမ့်မယ်ဘုရား၊ အဘိဓမ္မာဟာရဋ္ဌဂုရု
ဆရာတော်ကြီး ဖြစ်သည့် သပြေကန်ဆရာတော်ကြီးရဲ့ အဖြေများဟာ
ပညာရှင်တို့အဖို့ လေးစား မြတ်နိုးဖွယ် ဖြစ်ပါလိမ့်မယ်ဘုရား၊
ို့ကြောင့် အဲဒီအဖြေများကို ဆက်လက်ရေးသားပေးပို့ပါဘုရား"ဟု
လျှောက်ထားလာသဖြင့် ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့
ရိပ်သာဆရာတော်၏ ခွင့်ပြုချက်ဖြင့် ရတနာမွန်မဂ္ဂဇင်းသို့
ပေးပို့ခဲ့ပါပြီ၊ "နှုလိုင်လမှစ၍ ဆက်တိုက် ဖော်ပြသွားမည်"ဟုလည်း
ကာကြီး ဦးထွန်းလွင်က လျှောက်ထားလာပြန်ပါသည်။

ထိုအဖြေများကို တောင်းဆိုမည်ဆိုလျှင်လည်း တောင်းဆို
ိုက်ပါပေသည်၊ ထိုအဖြေများသည် ပညာရှင်တို့အဖို့ တကယ်ပင်
လေးစားမြတ်နိုးဖွယ်ဖြစ်ပါပေသည်။

http://www.dhammadownload.com



ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကဲ့သို့ပင် အခြာ
အခြား ဆရာတော်,သံဃာတော်တွေ, ဒကာ–ဒကာမတွေကလည်
သပြေကန်ဆရာတော်ကြီးအား မေးထားသည့် မေးခွန်းတေ
ရှိနေဦးမည်မှာ မလွဲပါပေ၊ ထိုမေးခွန်းတွေကိုလည်း ဆရာတေ
ကြီးက ဖြေပေးခဲ့မှာ သေချာပါသည်၊ ထိုအမေး အဖြေများကိုလည်
စာဖတ်ပရိသတ်တို့က ဖတ်ရှုလိုနေကြပါလိမ့်မည်၊ သပြေကန
ဆရာတော်ကြီး၏ အနီးရှိ တပည့်တွေ ဖော်ထုတ်ပေးနိုင်မည်ဆိုလျှ
ကောင်းပါပေစွ၊ သာသနာတော်အား လွန်စွာ အကျိုးများပါလိမ့်မည်

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် အမေရိက
အင်္ဂလန်, ဂျာမနီ, ပြင်သစ်, ဩစတြေးလျ, ကနေဒါ, ကိုရီးယား
မလေးရှား, အင်ဒိုနီးရှား, စင်္ကာပူ, သီရိလင်္ကာ, နီပေါ, ထိုင်း စသေ
နိုင်ငံတို့၌ ဗုဒ္ဓ၏ ဓမ္မဂုဏ်ရည်များကို လက်လှမ်းမီရာ၌ ဖော်ပြ
ပေးလျက်ရှိပါ၏၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်အာ
အထက်ဖော်ပြပါ နိုင်ငံတို့မှလည်းကောင်း, အခြားအခြား နိုင်ငံတို့မှ
လည်းကောင်း ဘာသာပေါင်းစုံမှ လူပေါင်းစုံတို့က မေးခွန်းတွေ
စုံနေအောင် မေးခဲ့ကြသဖြင့် ဆရာတော်သည် စွမ်းအားရှိသမျှ
ဖြေကြားပေးခဲ့ပါသည်၊ သူတို့ကျေနပ်အားရမှု ရှိကြသည်ကိ
စာရေးသူကိုယ်တိုင် မြင်တွေ့လည်း မြင်တွေ့ရ, တစ်ဆင့်လည်း

http://www.dhammadownload.com



ကြားသိနေရပါသည်။

ထိုကဲ့သို့သော ဆရာတော်က သပြေကန်ဆရာတော်ကြီးအား ပူသိလိုရာရာ ခက်ဆစ်ခက်ရာ ပြဿနာတို့ကို လေးလေးစားစား မြတ်မြတ်နိုးနိုး လိုလိုချင်ချင်ဖြင့် မေးမြန်းလျှောက်ထားသည်ကို တွေ့ရသဖြင့် ဆရာတော်ကြီးသည် ပိဋကတ်ဆိုင်ရာတွင် အလွန်ပင် ကျွမ်းကျင်ပညာရှင်ကြီး တစ်ပါးဖြစ်လိမ့်မည် ဟု တွေးဆခဲ့ပါ၏၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သည် ပြည်ပသို့ မ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး ကြွလေတိုင်း သပြေကန် ဆရာတော်ကြီး ရေးသားထားသည့်, ဟောကြားထားသည့် တရား စာအုပ်တို့ကို ပူသွားလေ့ရှိ၏၊ ဖတ်ရှု၏၊ ဟောပြောရာတွင် အသုံးပြု၏၊ ဝရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်စာအုပ်ကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က တပည့်ဒကာ မောင်လှမြင့်ကို အင်္ဂလိပ်လို ဘာသာပြန်စေပြီး၍ အမေရိကယောဂီ ကို့ထံ ပို့ပေးစေခဲ့ပါသည်၊ အမေရိကယောဂီတို့ ထိုစာအုပ်ကို လေ့လာ နေကြလေပြီ။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် အခါအခွင့် ပင့်တိုင်း သပြေကန်ဆရာတော်ကြီးအား ခက်ဆစ်ခက်ရာများကို

http://www.dhammadownload.com



မေးမြန်းခဲ့ရာ ဆရာတော်ကြီးက လေးလေးစားစား မြတ်မြတ်နိုးနိုးဖြင့်
ကြိုးကြိုးစားစား ဖြေကြားပေးသည်ကို တွေ့ခဲ့ရပါသည်။ တစ်ချို့
မေးခွန်းများကို နှုတ်ဖြင့် တိုက်ရိုက် ဖြေကြားပေးသည့်အခါ ရှိ၏
တစ်ချို့ မေးခွန်းများကို စာဖြင့်ရေး၍ ဖြေကြားပေးသည့်အခါ ရှိ၏
သပြေကန် ဆရာတော်ကြီး ပိဋကစာပေ မည်မျှ ကျွမ်းကျင်သည်
ဘာသန္တရစာပေတွေ မည်မျှ နှံ့စပ်သည်ကိုမူ သပြေကန်
ဆရာတော်ကြီးလို ပညာရှင်တစ်ဦးကသာ သိနိုင်ပါလိမ့်မည်
စာရေးသူတို့အသိမှာ ဆရာတော်ကြီး၏ အသိနှင့် နှိုင်းစာလျှင်
တောင်ပေါ်က လူ၏အသိနှင့် တောင်အောက်က လူ၏အသိပမာ
ကွာခြားပါလိမ့်မည်၊ ဆရာတော်ကြီး အဖြေပေးသည့်အခါတိုင်း
စာရေးသူ၏ စိတ်ထဲမှာ ပေါ်လာမိသည်မှာ–သပြေကန်ဆရာတော်
ကြီးသည် မတီး မမြည်, တီးမှ မြည်သည့်, စည်ကြီးနှယ် ပါတကား၊
လိုရာရာ ပစ္စည်းတွေကို ပေးနိုင်သည်ဟု ပြောဆိုကြသော
ပဒေသာပင်ကြီးနှယ်ပါတကား ဟူ၍ပင် ဖြစ်ပါ၏။

သပြေကန်ဆရာတော်ကြီးတည်းဟူသော စည်ကြီးကို မေးခွန်း
တည်းဟူသော လက်ခတ်ဖြင့် စမ်း၍ တီးခတ်လေလျှင် ပြောင်
မြောက်သော အဖြေတည်းဟူသော စည်သံကြီးမှာ ကျယ်လောင်စွာ
မြည်ဟိန်းလာလိမ့်မည်သာတည်း၊ ပိဋကစာပေဆိုင်ရာ
ဗဟုသုတအဖြာဖြာတည်းဟူသော ပစ္စည်းဥစ္စာတို့ကို အလိုရှိလို

http://www.dhammadownload.com



ဆရာတော်ကြီးတည်း ဟူသော ပဒေသာပင်ကြီးထံသို့ သွားယူလေလျှင်လည်း ပေးလိုက်နိုင်မှာ သေချာပါ၏၊ သို့သော် ဆရာတော်ကြီးမှာ အသက်ကြီးလာပြီ ဖြစ်သဖြင့် သတိတွေ မေ့လာပြီဟု ဆိုသော်ငြားလည်း အသိဉာဏ်ကား ကြီးမားလျက်ပင် ရှိနေပါ၏။

သပြေကန်ဆရာတော်ကြီးထံသို့ ဖူးမြော်ကန်တော့ သွားတိုင်း ဆရာတော်ကြီး၏ တည်ငြိမ်သော မျက်နှာတော်, အေးဆေးညင်သာသော အပြောတို့ကို ဖူးမြော်ကြားသိရသည့်အပြင် ကြီးမားလှသော ပညာ,မေတ္တာ, ကရုဏာတော်တို့ကို သိခွင့်ရသဖြင့် ဆရာတော်ကြီးလို တည်ငြိမ်သော မျက်နှာပိုင်ရှင် ဖြစ်ချင်ခဲ့လှပါပြီ၊ အေးဆေးညင်သာစွာ ပြောတတ်ချင်လှပါသည်၊ ကြီးမားသော ပညာရှင်, မေတ္တာရှင်, ကရုဏာရှင် ဖြစ်ချင်လှပါဘိသည်၊ ဆရာတော်ကြီး၏ မျက်နှာတော်က "ဘုရားသားတော်ရဲ့ မျက်နှာဟာ ဒီလို တည်ငြိမ်မှု ရှိရတယ်"ဟု ပြောပြနေသယောင် ရှိနေပါသည်၊ ဆရာတော်ကြီး၏ အပြောက "ဘုရားသားတော်ဆိုတာ ဒီလိုပြောဆိုရတယ်" ဟု ဆုံးမနေသယောင် ရှိနေပါသည်၊ ဆရာတော်ကြီး၏ ကြီးမားသော ပညာ, မေတ္တာ, ကရုဏာများက "အရှင်မြတ်လေးတို့- ပညာရှင်ကြီးဖြစ်လာအောင်, မေတ္တာရှင်ကြီး, ကရုဏာရှင်ကြီး ဖြစ်လာအောင် ကြိုးစားကြ"ဟု တိုက်တွန်းသယောင် ရှိနေပါတော့သည်။

ဝိနည်းကိုလည်း အသေးစိတ်ကလေးမှအစ ရိရိသေသေ

http://www.dhammadownload.com



လိုက်နာသည်ဟု သတင်းကြီးလှသော သပြေကန်ဆရာတော်ကြီး သည် သတင်းကြီးသည့်အတိုင်း တကယ်ပင် မှန်သလော ဟူသော စူးစမ်း လေ့လာသော အကြည့်ဖြင့် စူးစမ်းခဲ့ပါ၏၊ လေ့လာခဲ့ပါ၏၊ အစူးစမ်းခံနိုင်သည့် သီလပိုင်ရှင်, အလေ့လာခံနိုင်သည့် သီလပိုင်ရှင်, အနီးကပ်ကြည်ညိုလို့ရသည့် သီလပိုင်ရှင်အဖြစ် ကြည်ညိုခဲ့ရပါ၏၊ လေးစားခဲ့ရပါ၏။

"ဗဟုသုတရှိလျက် သီလမရှိလျှင် ရေမရှိသော ကန်နှင့်တူ၏၊ ပညာရှိလျက် သီလမရှိလျှင် အသီးမရှိသော သစ်ပင်နှင့် တူ၏၊ စာပေပို့ချနိုင်လျက် သီလမရှိလျှင် အသီးမချိုသော သစ်ပင်နှင့် တူ၏၊ တရားဟောကောင်းလျက် သီလ မရှိလျှင် အနံ့မရှိသောပန်းနှင့် တူ၏၊ ကျမ်းဂန်တတ်လျက် သီလ မရှိလျှင် အဆိပ်သီးပင် နှင့်တူ၏၊ ဘုန်းကြီးလျက် သီလ မရှိလျှင် အနှစ်မရှိသော သစ်ပင်နှင့်တူ၏၊ " ဟူသော ပထမရွှေကျင်ဆရာတော်ကြီး၏ ဩဝါဒတော်အရ ဆိုရလျှင် ၁၉၉၃–ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ် ဆက်ကပ်ခံရသည့် တွဲဖက် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးဖြစ်သည့် သပြေကန် ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည် ရေရှိသော ရေကန်, အသီးရှိသော သစ်ပင်, အသီး ချိုသော သစ်ပင်, အနံ့မွှေးသော ပန်း, အနှစ်ရှိသောသစ်ပင်တို့နှင့် တူလှပါပေသည်။

http://www.dhammadownload.com



မြတ်ဗုဒ္ဓသာသနာတော်မှာ သပြေကန် ဆရာတော်ကြီးကဲ့သို့ ကြီးမားသော, ခိုင်ခံ့သော သီလပိုင်ရှင်, သမာဓိရှင်, ပညာရှင်ကြီး တွေပေါ်များလာလျှင် ပေါ်များလာသလောက် မြတ်ဗုဒ္ဓသာသနာ ရောင်ဝါမှာ ထွန်းတောက်လျက် ရှိမည်မှာ မလွဲပါပေ။

(ဤဆောင်းပါးဖြင့် သပြေကန်ဆရာတော်ကြီး၏ အဘိဓဇ မဟာရဋ္ဌဂုရုပူဇော်ပွဲမှာ ဆရာတော်ကြီးကို ပူဇော်ခဲ့ပါသည်။)

http://www.dhammadownload.com



# ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် မေး၍ သပြေကန်ဆရာတော်ကြီး ဖြေသည်

"အရှင်ဘုရား--အရှင်ဘုရား ရေးသားခဲ့တဲ့ သပြေကန်ဆ
တော်ကြီးနှင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်အကြော
ဆောင်းပါးမှာ ရွှေတောင်ကုန်းသာသာနာ့ရိပ်သာဆရာတော် (အရှ
ပဏ္ဍိတာဘိဝံသ)က မေးထားအပ်သော မေးခွန်း (၇) ချက်
သပြေကန်ဆရာတော်ကြီး (အရှင်ဝါသေဋ္ဌာဘိဝံသ)
ဖြေထားကြောင်း ပါရှိရာ ထိုအဖြေများကို စာဖတ်ပရိသတ်များ
မျှော်လင့်စောင့်စားနေကြပါလိမ့်မယ်ဘုရား၊ အဘိဓမဟာရဋ္ဌ
ဆရာတော်ကြီးဖြစ်သည့် သပြေကန်ဆရာတော်ကြီး
အဖြေများသည် ပညာရှင်တို့အဖို့ လေးစားမြတ်နိုးဖွယ်လ
ဖြစ်ပါလိမ့်မယ်ဘုရား၊ ဒါ့ကြောင့် အဲဒီအဖြေများ
ဆက်လက်ရေးသားပို့ပေးပါဘုရား"ဟု ရတနာမွန်မဂ္ဂဇ
အယ်ဒီတာချုပ် ဒကာကြီးဦးထွန်းလွင် (ဓမ္မာစရိယ+ဘီအေ)
လျှောက်ထားလာသဖြင့် "ရွှေတောင်ကုန်းသာသနာ့ရိပ်သ
ဆရာတော်မေး၍ သပြေကန်ဆရာတော်ကြီးဖြေသည်"ဟူ
နာမည်ဖြင့် ထိုအဖြေများကို စာဖတ်ပရိသတ်တို့အား စာရေးသူ
တစ်ဆင့် ဓမ္မဒါန ပြုလိုက်ပါသည်။

http://www.dhammadownload.com

[illegible]

[illegible] . . .

http://www.dhammadownload.com



ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် “သ
သတ်လွတ်စားခြင်းသာ မြတ်သလော”ဟူသော မေးခွန်းကို ၁၉၈
ခုနှစ်က တောင်ကိုးရီးယားနိုင်ငံသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခ
မထွက်မီ သပြေကန်ဆရာတော်ကြီးအား မေးလျှောက်ခဲ့ပါသည်
တောင်ကိုးရီးယားနိုင်ငံသည် မဟာယာနဗုဒ္ဓသာသနာဝင်ပေါ
များစွာတို့ နေထိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်ပါ၏၊ ထိုနှစ်ခရီးသည်လည်
ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ထံ သတိပဋ္ဌာန်တရ
အားထုတ်ဖူးသည့် ကိုးရီးယားတပည့်ယောဂီများ, ထေရဝါဒ
သတိပဋ္ဌာန်တရားကို စိတ်ဝင်စားကြ, မြတ်နိုးလိုလားကြသည်
မဟာယာန ဘုန်းတော်ကြီးများ, မဟာယာန သီလရှင်များ, မဟာယာ
ဗုဒ္ဓသာသနာဝင် ဒကာ-ဒကာမများက ပင့်လျှောက်ထားသဖြ
ကြွရောက်ချီးမြှောက်ရသည့် ခရီးဖြစ်ပါ၏။

“သက်သတ်လွတ်စားခြင်းသာ မြတ်သည်”ဟု အစွဲသန်
သည့် မဟာယာန ဗုဒ္ဓသာသနာဝင်တို့ကို ဗုဒ္ဓဝါဒအမှန် သိမြင်စေ
သည့် ဆန္ဒသည်လည်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတေ
သန္တာန်တွင် အားသန်လျက် ရှိခဲ့ဟန်တူပါ၏၊

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် သူ့ထ
ပိဋကစာပေကို ပိုမို ကျွမ်းကျင်နှံ့စပ်သည်ဟု ထင်မြင်ယူဆ
လေးစားထားအပ်သော ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီးထံ

http://www.dhammadownload.com



ထောက်အထား ခိုင်လုံ၍ တိကျသော အဖြေကို လေးလေးစားစား တ်မြတ်နိုးနိုးဖြင့် မျှော်လင့်အားကိုးခဲ့ပါ၏၊ သပြေကန် ရာတော်ကြီးဘက်ကလည်း လေးလေးစားစား မြတ်မြတ်နိုးနိုးဖြင့် ကြိုးကြိုးစားစားဖြေထားသည်ကို စာရှုသူတို့ ရှုစားနိုင်ပါ၏။

“သက်သတ်လွတ်စားခြင်းသာ မြတ်သလော”ဟူသော မေးခွန်းနှင့် စပ်၍ သပြေကန်ဆရာတော်ကြီး ပြန်ကြားဖြေဆိုအပ်သော န်ကြားဖြေဆိုချက်များကား ဤသို့ဖြစ်ပါ၏။

နေ့စွဲ။ ။ ၂၁-၆-၈၈

ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ လေးစားစွာ ရေးသား ပ်ပါသည် ဆရာတော်။ မနေ့က ကတိုက်ကရိုက် ရေးသားလိုက် ၍ စာက ရှုပ်သွားသည်ကို ခွင့်လွှတ်စေလိုပါ၏။

ဆရာတော်၏ ကိုးရီးယားခရီးမှာ အောင်မြင်သော သာသနာ့ ခရီးတစ်ခု ဖြစ်ပါစေကြောင်း တောင့်တပါ၏။

ရာတော်အရှင်, ထာဝစဉ်, ကြည်လင်ချမ်းမြေ့ပါစေသော်။

အရှင်ဝါသေဋ္ဌာဘိဝံသ

(ရွှေကျင်)

http://www.dhammadownload.com



# သက်သတ်လွတ်စားခြင်းသာ မြတ်သလော

အစွန်းသုံးပါးမှ လွတ်ကင်းစင်ကြယ်သော သားငါး
ရဟန်းတို့အား ဘုရားရှင်ခွင့်ပြုတော်မူခဲ့၏၊ အရှင်ဒေဝဒတ်
ရဟန်းတော်များ အသက်ထက်ဆုံး သားငါး မစားဖို့ တားမြစ်ဖို့
လျှောက်ထားသောအခါ ခွင့်မပြုခဲ့၊ မြင်ခြင်း, ကြားခြင်း, ယုံမှားခြ
အစွန်းသုံးပါး လွတ်ကင်း စင်ကြယ်သော သားငါး စားသောက်
ငါဘုရား ခွင့်ပြုထားကြောင်း မိန့်ကြားတော်မူခဲ့၏။

ထိုထိုပါဠိအရ ဘုရားရှင်ကိုယ်တော်တို့၏ သားငါးဘုဉ်း
တော်မူသည်ကို သိရပါ၏၊ အာမဂန္ဓသုတ်အရ ဆိုလျှင်"ထမ
ဟင်းသားငါးတို့ကို အာမဂန္ဓ=အညှီအဟောက်"ဟု ဆိုသော အာမ
ရသေ့ကို သားငါးက အာမဂန္ဓမဟုတ်ကြောင်း, ပါဏာတိပါ
စသည်, ကာမဂုဏ်မှီဝဲမှု စသည်, ရသာရုံ၌ တွယ်တာမှုစသည
ဤတရားများသာ အညှီအဟောက် အာမဂန္ဓဖြစ်ကြော
မိန့်တော်မူခဲ့၏။

ဤသုတ္တန်အရ သားငါးစသည်က ရသေ့ရဟန်းတို့အ
အန္တရာယ်ပြုသည် မဟုတ်၊ တကယ် အန္တရာယ်ပြုသည်
သူတို့ကြောက်သော သားငါး မဟုတ်၊ ရသတဏှာ လော

http://www.dhammadownload.com



ည်တို့ကသာ အန္တရာယ်ပြုတတ်၏၊ ထိုအန္တရာယ်ပြုတတ်သော
ဘာတဏှာစသည်မှာ သားငါးတို့ကိုသာ စွဲ၍ ဖြစ်သည် မဟုတ်၊
တို့က နိရာမဂန္ဓ (အညှီအဟောက်မဟုတ်) ဟု ဆိုလျက်
းဆောင်နေသော သစ်သီး သစ်ဥ သစ်ဖု စသည်တို့ကိုလည်း
စွဲပြုဖြစ်သည်သာ၊ ပေါရိသာဒ လူသားစွဲသလို
ဇာတသူကြွယ်၏ သားကလေး ရသေ့တွေ ပေးသော သပြေသီး
းရပြီး ရသေ့တွေ ပြန်သွား၍ မရသောအခါ သေသွားရသည်အထိ
ဉ်မောစွဲလမ်းမှု ဖြစ်ရ၏။(ဇာတက-၄-၅၊၅၃၁)

ဤသို့ ဆိုလျှင် တဏှာဆိုသည်မှာ သားငါးစသည်ကို အစွဲပြု
သာ လွန်ကဲစွာ ဖြစ်သည် မဟုတ်၊ သစ်သီး သစ်ရွက် သစ်ဥ
သာ သက်သက်လွတ်ပစ္စည်းတို့ကို အစွဲပြု၍လည်း အလွန်အကဲ
်ရသည်သာ။

ထို့ကြောင့် တကယ်ရှောင်ရမှာကသားငါးလော, သစ်သီး
စ်ရွက်စသည်လော, ရသတဏှာစသည်လော ဤအချက်ကို
ားနက်စွာ စဉ်းစားသင့်ပါ၏။

ဗုဒ္ဓဝါဒမှာ သားငါးရှောင်ကြဉ်ဖို့ မဟုတ်၊ ဆန္ဒရာဂ (လိုချင်
ပ်မက်မှု) ရှောင်ဖို့ဖျက်ဖို့သာဖြစ်၏၊ သားငါးဟင်းကို
ှာင်ဖို့မဟုတ်၊ တိကောဋိပရိသုဒ္ဓ (အစွန်းသုံးပါး
ာ်ကင်းစင်ကြယ်မှု) ဖြစ်လျှင် အနဝဇ္ဇ (အပြစ်မရှိ) ဖြစ်သည်
သော ဘုရားအလိုတော်အရလည်းကောင်း, ရှုမှတ်ပွားများခြင်းဖြင့်

http://www.dhammadownload.com



ဆန္ဒရာဂ ဖျက်ဖို့ လိုလားသော ဘုရားအလိုတော်အရလည်းကော
စားသင့်သော အာဟာရသာ ဖြစ်ပါပေသည်။

ဤနေရာ၌ ဗုဒ္ဓဝါဒကို အတန်ငယ် ပြဆိုသင့်ပါ၏၊ တို
တစ်ပါး သွားမည့် ရဟန်းတော်တို့ကို နည်းပေးတော်မူသော အရှင်သ
ရိပုတြာက ပစ္ဆာဘူမက သွားမည့် ရဟန်းတော်တို့အား တိုင်းတစ်ပ
ရောက်သောအခါ မင်း ပုဏ္ဏား သူကြွယ် ရဟန်းပညာရှိတို့က "(
ဝါဒီ ပနာယသ္မန္တာနံ သတ္ထာ ကိမက္ခာယီ=အရှင်ဘုရားတို့၏
ဆရာဘုရားသည် ဘယ်သို့သော ဝါဒ ရှိပါသနည်း"(သံ-၂-၆) (
မေးလျှင် "ဆန္ဒရာဂဝိနယက္ခာယီ ခေါ နော အာဝုသေ
သတ္ထာ=ငါ့ရှင်တို့ စင်စစ် ငါတို့ဆရာဘုရားရှင်သည် ဆန္ဒရာဂ (
ချင်တပ်မက်မှု) ပယ်ရှားခြင်းကို ဟောတော်မူသည် ဟု ဖြေဖို့ နည်
ပေးတော်မူခဲ့၏။

တစ်ခါ ဆန္ဒရာဂ ပယ်ရသည်ဆိုလျှင်" ဘယ်မှာ ဖြစ်သ
ဆန္ဒရာဂကို ပယ်ရမည်နည်း"ဟု မေးလိမ့်ဦးမည်၊ ထိုအခါ "ရုပ်
ဖြစ်သော ဆန္ဒရာဂ,ဝေဒနာ၌,သညာ၌ ,သင်္ခါရ၌, ဝိညာဉ်၌ ဖြစ်သေ
ဆန္ဒရာဂကို ပယ်ဖို့ရာ ဟောတော်မူကြောင်း" ဖြေဖို့နည်းပေးခဲ့ပြ
သည်။

ရုပ်၌ ဖြစ်သော ဆန္ဒရာဂ ပယ်ရမည်ဆိုတော့ ကဗဠီကာ

http://www.dhammadownload.com



ာဟာရရုပ်၌ ဖြစ်သော ဆန္ဒရာဂကိုလည်း ပယ်ရမည်သာ၊
ဂဗဠီကာရေ ဘိက္ခဝေ အာဟာရေ ပရိညာတေ ပဉ္စကာမဂုဏိကော
ဂေါ ပရိညာတော ဟောတိ=ကဗဠီကာရအာဟာရကို ပိုင်းခြားသိ
ပ်သည်ရှိသော် ကာမဂုဏ်ငါးပါး၌ဖြစ်သော ဆန္ဒရာဂကို ပိုင်းခြား
ါအပ်တော့သည်(သံ–၁–၃၂၃)"အရ သားငါးအာဟာရ ကဗဠီကာရ
သည်း ပရိညာသုံးပါး ရနိုင်သည်သာ။

သစ်သီး သစ်ရွက် သစ်ဥ စသည့် ကဗဠီကာရ အာဟာရ
ဉ်ဇာ၌လည်း ပရိညာသုံးပါး ရနိုင်သည်သာ၊ သို့ဖြစ်လျှင် ရှုမှတ်ခြင်း
ငှ် သားငါး၌ ပရိညာတရား ဖော်နိုင်မှ အစာစားတတ်သူဖြစ်၍
မြတ်ရသလို သစ်သီးစသော အာဟာရတို့၌လည်း ထိုသို့ပင် ရှုမှတ်
းများ ပရိညာတရား ပေါ်အောင် ပြုလုပ်တတ်က စားတတ်သူ,
မြတ်ရသူ ဖြစ်၍ ပရိညာ မတင်, အဆင်ခြင် မရှိ စားရုံမျှ
က်သတ်လွတ်သမား၌ကား ဘယ်ဂုဏ်မျှ မထင်, ဘယ်အမြင်မျှ
တက်, သက်သက် စားရုံမျှ စားရသူ တစ်ယောက်ပါပေတည်း။

အမှန်တရား, လွန်ထွန်းကား, အများ ချမ်းသာစေ။
အမှားကိုကား, လူအများ, ပယ်ရှားနိုင်ပါစေ။

အရှင်ဝါသေဋ္ဌာဘိဝံသ (ရွှေကျင်)

http://www.dhammadownload.com

ဓလေ့ကျင့်ထုံး မိဆွေနှိပ်စက်ကို

တေရုပ်းတုံးရှုဓေဓကောင့် တေရုပ်းတေဓင့်

သဒ်မိုးပေဓလျှက်ဓရှိုမ

ဓလေလေ့ပါရကြရင်

ရဒ်ိမှုဓရမ ပြန်ရှိတော့ည်း

http://www.dhammadownload.com



# မာဂဏ္ဍီ၏ မိဘ(၂)ပါးကို တရားထူး ရစေသည့် တရားသည် သမီးမာဂဏ္ဍီအဖို့မူ အဘယ့်ကြောင့် ဒေါပွစရာ ဖြစ်ရပါသနည်း

"မာဂဏ္ဍီ၏ မိဘ(၂)ပါးကို တရားထူး ရစေသည့်တရားသည် သမီးမာဂဏ္ဍီအဖို့မူ အဘယ့်ကြောင့် ဒေါပွစရာ ဖြစ်ရပါသနည်း" ဟူသော ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ အမေး... သပြေကန်ဆရာတော်ကြီးက ဤသို့ အဖြေပေးထားပါ၏။

လေးစားအပ်သော
အရှင်ပဏ္ဍိတာဘိဝံသ နာယကမထေရ်ထံ

ဆရာတော်က ရိပ်သာမှာ တွေ့စဉ် မာဂဏ္ဍီနှင့် စပ်သော... ဗုဒ္ဓဒေသနာတော်ကို မေးခဲ့ပါ၏၊ ထိုအခါက ဘုရားရှင်ဟာ ကျွတ်... မည့်ပုဂ္ဂိုလ်ကိုသာ ကြည့်ကြောင်း၊ ဤကဲ့သို့ ခပ်ကြမ်းကြမ်းကလေ... ဟောမှ တရားရမှာမို့ ခပ်ကြမ်းကြမ်းကလေး ဟောရကြောင်း အကျဉ်... မျှ ပြန်ကြားခဲ့ပါ၏။ ထို့နောက် တပည့်တော်လည်း ပြန်ပြီး စကာ...

http://www.dhammadownload.com



စပ်မိခဲ့၊ ယခုမှ သတိရလို့ ပြန်ဆက်ရပါသည်။

တကယ်တော့ သမီးမာဂဏ္ဍီအဖို့က တရားကို ခံနိုင်သော ာတ်ခံအဇ္ဈာသယ မရှိခဲ့၊ ၎င်းအဖို့မှာတော့ ကြမ်းသည်ဖြစ်စေ သည်ဖြစ်စေ သူ့ကို မလိုချင်တဲ့ ဘုရားရှင်ကို ကျေနပ်မည်မဟုတ်၊ ဘနှစ်ပါး တရားရဖို့အတွက် ဟောရာမှာ မာဂဏ္ဍီကိုငဲ့ဖို့ မလို၊ ဒသနာဝိလာသ ပုဂ္ဂလဇ္ဈာသယ(ဒေသနာတော်၌ ကျွမ်းကျင်မှုနှင့် ဂ္ဂိုလ်၏ အလိုအကြိုက်ကို သိမှု)အရာ ကျွမ်းကျင်နိုင်နင်းလှသော ဒ္ဓအရှင်၏ ထိုဒေသနာမှာ လိုသည်, လွန်သည် မရှိ၊ အပြည့်အစုံ ဟာတော်မူခြင်းသာ ဖြစ်ရာ မာဂဏ္ဍီကို မငဲ့လား ဟု ဆိုဖို့ မရှိပါပေ၊ ၍နေရာမှာ သမီးနှင့်မိဘ အဇ္ဈာသယချင်း မည်မျှ ကွာလှသည်ကို ာရားရ–မရက သက်သေပြနေပါသည်။

တကယ် သမီးမာဂဏ္ဍီအဇ္ဈာသယမျိုး ဖြစ်လျှင် မိခင်ကြီး ာဂဏ္ဍီမှာ ပို မခံချင်ဖြစ်ဖို့ ရှိပါ၏။ ငါ့သမီးကို ခြေထောက်နဲ့တောင် တို့ချင် ဆိုရကောင်းလား ဟု ဒေါပွမည်သာ ဖြစ်ပါ၏။ အမိဆိုသည် ာ အဖထက် ပို မခံချင်၊ သို့သော် ဘုရားခြေရာတော် မြင်ရထဲက တ်က နူးညံ့နေ, ကိုယ်တော်တိုင်ကို မြင်ရတော့ ကြည်ညိုခြင်းဖြင့် ာ၍ နူးညံ့နေ၏၊ ပုဏ္ဏားကြီးလည်း ထိုနည်း၊ စိတ်က ကြည်ညို

http://www.dhammadownload.com



ခြင်းဖြင့် အလွန်နူးညံ့ကောင်းမွန်နေသော မာဂဏ္ဍီတို့ ဇနီးမောင်နှံမှာ တရားကို ခံယူနိုင်ကြ၏၊ နဂိုက ခေတ်ခံညံ့၊ ဘုရားကို မကြည်ညိုနိုင်စိတ်က တင်းမာနေတဲ့ မာဂဏ္ဍီသမီးအဖို့ကတော့ တရားခံနိုင်အောင် အဘယ်မှာ စိတ်ခေတ်ခံ ပျော့ပျောင်းနိုင်အံ့နည်း၊

သို့ဖြစ်၍ ဤတရား အတူကြားရသော သုံးယောက်တို့တွင် နှစ်ယောက်က တရားရ၊ တစ်ယောက်က ဒေါပွ၊ ဒေါပွသည်မှာ သည်တရားကြောင့် ဆိုရမည်ထက် တရားကို ခံယူနိုင်သော ခေတ်ခံ မရှိသည်က ပဓာနသာ၊ ထို့ကြောင့်ပင် မိဘအတွက်လည်းကောင်း သမီးအတွက်လည်းကောင်း မခံချင်ဖွယ်ဟု လောကက မြင်ရသော တရားတစ်ပုဒ်မှာ မိဘအတွက် အနာဂါမ်ဖြစ်ဖို့ ဖြစ်၍ သမီးအတွက် အကုသလအာဃာတ ဖြစ်သွားရသည်မှာ သားအမိ သားအဖ သုံး ယောက်တို့၏ ဘယ်သူမပြု မိမိမှုသာ ဟု ဆိုရပါလိမ့်မည်တကား၊

ဝါသေဋ္ဌာဘိဝံသတ္တေရော

http://www.dhammadownload.com

[illegible]

[illegible]

[illegible]

[illegible]

[illegible] ...

http://www.dhammadownload.com



"အရှင်မောဂ္ဂလာန်မထေရ်က နန္ဒောပနန္ဒနဂါးမင်းကို နှိမ်နင်း ဆုံးမရာ၌ အရှင်မောဂ္ဂလာန်မှာ အပြစ်ရှိ-မရှိ" ဟူသော မေးခွန်းနှင့် "သောတာပန် ဖြစ်ပြီးနောက်လည်း ဗိုလ်ချုပ်ကြီးတာဝန်ကို ထမ်းဆောင်လျက်ပင် ရှိနေသော သီဟမှာ ပါဏာတိပါတ ကင်းနိုင် ပါသလော" ဟူသော မေးခွန်းတို့ကို ရွှေတောင်ကုန်း သာသနာ့ရိပ် သာဆရာတော်က မေးသဖြင့် သပြေကန် ဆရာတော်ကြီးက ဤသို့ အဖြေ ပေးထားပါသည်။

ဩဝါဒါစရိယဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ

အလေးထား ရေးသားအပ်ပါ၏၊ ဆရာတော်အရှင် လျှောက်ထားခဲ့သော ပြဿနာနှစ်ရပ်ကို ဖြေကြားပေးလိုက်ပါသည်။ တပည့်တော်များကား အလုပ် မအားလှ၊ သူတစ်ပါးတာဝန် ပေးထားသော ပြင်ဖို့ ဆင်ဖို့ ရေးသားဖို့ တာဝန်အကြွေးများက များလှသည်ဖြစ်ရာ ဆရာတော် အတွက်စာမှာ ကြာသွားပါသည်၊ ခွင့်လွှတ်တော်မူပါရန်။

ဒွိဓာဝါဒကထာ ပြန်ရသည်ကို လွန်စွာ ဝမ်းသာလှပါ၏၊ ဤစာအုပ်မှာသပြေကန်မှာ တစ်အုပ် ရှိနေသော်လဲ ယခု ရှာမ

http://www.dhammadownload.com



န်းရွှေကျင်စာပေထိန်းသိမ်းရေး လုပ်ငန်းမေးသော်လဲ ပြန်စာ မရ၊ ဆရာ
တော်လဲ မေ့တတ်ပါလားဟု သိရတော့ တို့လိုပါပဲလား...
အောက်မေ့ရပါသည်၊ တပည့်တော်များလဲ အတော်မေ့တတ်ပါသည်၊
ကိုယ်က ပိုပြီး မေ့မေ့လာတော့ မေ့တတ်သော မဟာစည်
ဆရာတော်ကြီးကိုလဲ အမှတ်ရလျက် ရှိပါသည်၊ တပည့်တော်များ
ဘ၌ မသင့်မလျော်ဟု ထင်သောအရာ ရှိက အားမနာ ပါးမနာ
စောဒနာစေချင်ပါသည်၊ တပည့်တော်များက မိမိအမှားကို
ထောက်ပြလျှင် ဝမ်းမြောက်ပါသည်။

ပရိယတ် ပဋိပတ် အမြတ်နှစ်ပါးတရားတွေ တိုးအောင်
အကျိုးဆောင်တော်မူနိုင်ပါစေ။

အရှင်ဝါသေဋ္ဌာဘိဝံသ
ရွှေကျင်
၁၃၅၀-ဝါခေါင်လဆန်း-၆

http://www.dhammadownload.com



# အရှင်မောဂ္ဂလာန်မထေရ် နန္ဒောပနန္ဒနဂါးမင်းကို နှိမ်နင်းဆုံးမရာ၌ အရှင်မောဂ္ဂလာန်မှာ အပြစ်ရှိ–မရှိ

နန္ဒောပနန္ဒနဂါးမင်းကို အရှင်မောဂ္ဂလာန် ဆုံးမရာ နှိမ်နင်းရာ၌ ၎င်းကို နာကျင်အောင် ပြုသည့်အတွက် အရှင်မောဂ္ဂလာန်၏ ကိုယ်နာ ကျင်အောင်ပြုမှုကို ကျမ်းဂန်အရ သိကြရသော ပုဂ္ဂိုလ်အချို့က ရဟန္တာတို့၏ ကိုယ်နာကျင်အောင် ပြုမှုမျိုးကို အပြစ် မရှိဟု ဆိုနိုင် အံ့လောဟု စောဒနာလိုကြ၏၊ ရဟန္တာအရှင်များ၌ ဒေါသ ဝိဟိံသာစသော အကုသိုလ်တရားများ အလျှင်း ပယ်သတ်ပြီးဖြစ်ရ အရှင်မောဂ္ဂလာန်မထေရ်မြတ် နန္ဒောပနန္ဒနဂါးမင်းကို နှိမ်နင်းဆုံး ရာ၌ စိတ်ဆိုးသောစိတ် ညှင်းဆဲလိုသောစိတ်ထား သဘောထားမျိုးဖြ ပြုခြင်းကား မဟုတ်ပါပေ၊ အကျိုးမဲ့ပြုနေသော သတ္တဝါတစ်ဦးအပေ ၌ သနားငဲ့ညှာ မေတ္တာ ကရုဏာတရားဖြင့် ဒုက္ခရောက်မည့်အရေး အကာအကွယ်ပေးခြင်းသာ ဖြစ်ပါသည်၊ အမူက ကြမ်းသော်လည် စိတ်ထားက နူးညံ့လျက်ရှိရာ အပြစ်ရှိသည်ဟု မဆိုနိုင်ပါပေ။

ဤနေရာ၌ အဘယရာဇကုမာရသုတ်ဖြင့်လည်း ရှင်းလင် နိုင်ပါသည်၊ တစ်ခါက အဘယမင်းသားအား နိဂဏ္ဌနာဋပုတ္တ ဝါဒတင်ရန် သင်ပေးခဲ့၏၊ "မြတ်စွာဘုရား... သူတစ်ပါး မနှစ်သ

http://www.dhammadownload.com



သာစကားများ ပြောပါသလား”ဟုမေး၊ ပြောတယ်ဆိုလျှင် သို့ဖြစ်က ပုထုဇဉ်နှင့် ဘာထူးသေးသလဲ”ဟု ဆိုရမည့်အကြောင်း , မပြောဘူး ဆိုလျှင် “မြတ်စွာဘုရားသည် ဒေဝဒတ်ကို အပါယ်သွားမည့်သူ, ရဲလားမည့်သူ, ငရဲမှာ တစ်ကမ္ဘာလုံး တည်မည့်သူ, ကုစားမရ ကောင်းသူ”ဟု ပြောခဲ့သည် မဟုတ်ပါလော ပြောဖို့အကြောင်း, ဤသို့ နှစ်ဖက်စွန်းထွက်သော အမေးမျိုး မေးဖို့ရာ သင်ပေးခဲ့၏။

အဘယမင်းသားက ဘုရားရှင်ကို ဆွမ်းဘုဉ်းပေးပင့်လျက် နက် အိမ်ကြွ ဆွမ်းဘုဉ်းပေးပြီးသောအခါ သင်ပေးသည့်အတိုင်း မေးလျှောက်ခဲ့၏၊ ဘုရားရှင်က မပြောဘူး၊ ပြောတယ် တစ်ခုခု ပြောရမည့် ထောင်ဖမ်းပုံကို သိတော်မူသည့်အတိုင်း “ဤအချက်မှာ တစ်ထစ်ချ ပုံသေ ပြောမရဘူး မင်းသား”ဟု ဖြေတော်မူသောအခါ ဤအရာမှာတော့ နိဂဏ္ဌတွေ ပျက်စီးကုန်ပါပြီဘုရား” ဟု လျှောက်ထားခဲ့၏၊ ဘုရားရှင်က အကြောင်းမေးသောအခါ ဂဏ္ဌနာဋပုတ္တက မိမိကို ဘုရားရှင်ကို ဝါဒတင်ဖို့ သင်ပေးလိုက် ကြောင်း, ယခု ဘုရားရှင်က ရှောင်လွှဲဖြေလိုက်၍ သူတို့အလို ယူအဆတွေ ပျက်ရတော့သည်ဖြစ်ရာ ဤသို့ လျှောက်ရကြောင်း လျှောက်၏။

ထိုအခါက မင်းသားရင်ခွင်၌ သားတော်ကလေး ရှိနေရာ

http://www.dhammadownload.com



ထိုကလေးကို ပုံစံထားလျက် ဘုရားရှင် မိန့်တော်မူသည်။

"သင့် သားတော်ကလေးမှာ ကလေးထိန်းက မေ့လျော့တုန်
သစ်သားစ အိုးချမ်းကွဲ တစ်ခုခု မျိုချမိ၍ လည်ချောင်းထဲ တစ်ဆို့
လျှင် သင် ဘာလုပ်မလဲ"၊ "တပည့်တော် မရအရ လက်ချိတ်ပြ
ဆွဲထုတ်မှာပါ၊ အကယ်၍ မရလျှင် သံဆူးခွဖြင့် ကော်ထုတ်တ
ကော်ထုတ်ရပါမည်၊ အဘယ့်ကြောင့်ဆိုသော် တပည့်တော်သာ
အပေါ်မှာ သနားချစ်ခင်ခြင်း ရှိသောကြောင့် ဖြစ်ကြောင်း" လျှောက
ထား၏။

"ထို့အတူပဲ မင်းသား-သူတစ်ပါး မနှစ်သက်သော်လည်
မှန်ကန်အကျိုးရှိသော စကားမျိုးကို ငါဘုရား အခါအားလျော်စွ
မိန့်တော်မူရကြောင်း၊ အကြောင်းမှာ သတ္တဝါတို့၌ ငါဘုရား သနာ
ခြင်း ရှိကြောင်း" ဘုရားရှင်က မိန့်တော်မူခဲ့၏။(မ၊၂၊၅၄)

အရှင်မောဂ္ဂလာန်မှာ ဘုရားရှင်၏ ဤသနားကြင်နာခြင်
မျိုးဖြင့် နှိမ်နင်းဆောင်ရွက်ရခြင်းဖြစ်ရာ သား၏ လည်ချောင်းတွင်း
သစ်သားစ, အိုးချမ်းကွဲကို ဆွဲထုတ်သော မိဘမေတ္တာ, ကရုဏာမျိုး
မြင်လျှင်, ကြည့်တတ်လျှင် ထိုအရှင်မောဂ္ဂလာန်၏ နှိမ်နင်းခြင်း
အပြစ်ဟု မရှုနိုင်တော့ပါပြီ။

အရှင်ဝါသေဋ္ဌာဘိဝံ

http://www.dhammadownload.com

[illegible]

[illegible]

[illegible] ...

http://www.dhammadownload.com



# သီဟသေနာပတိနှင့် အချို့ပုဂ္ဂိုလ်တို့၏ သံသယ

"သီဟသေနာပတိသည် သောတာပန် ဖြစ်ခဲ့၏၊ သောတာပ ဖြစ်ပြီးနောက်လည်း ဗိုလ်ချုပ်ကြီးတာဝန် ထမ်းလျက်ပင်၊ သို့ဖြစ်လျှ သူ့အဖို့ ပါဏာတိပါတ ကင်းနိုင်ပါအံ့လော"၊ ဤအချက် ဖြေရှင်းရပါမည်။

သီဟသေနာပတိသည် သောတာပန်ပင်၊ ထို့ကြော ပါဏာတိပါတကိုကား မဖြစ်စေပါ၊ သောတာပန်ဖြစ်ပြီးနော ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းဆက်ကပ်ဖို့ ဟင်းလျာ ဝယ်ခိုင်းသောအခါ "ဂစ္ဆ ဘဏေ ပဝတ္တမံသံ ဇာနာဟိ အချင်းယောကျ်ား-အလိုအလျောက် ပေါ်သော အသား ရှာချေလော"ဟု အပြစ်ကင်းအောင် မှာခဲ့၏၊ များစွာသေ နိဂဏ္ဌတို့က ဝေသာလီပြည် လမ်းတကာ လျှောက် , လက်မော တို့ကို မြှောက်၍ "သီဟသေနာပတိသည် ယနေ့ ဝဖြိုးသော နွား သတ်၍ ရဟန်းဂေါတမအား ဆွမ်းကပ်၏၊ မိမိကို ရည်မှန်း,မိမိ အကြောင်းပြု၍ ဖြစ်လာသော ထိုအသားကို ရဟန်းဂေါတမ သိလျ စား၏"ဟု ကြွေးကြော်ကြ၏။

ယောကျ်ားတစ်ယောက်က စစ်သူကြီးထံသွားကာ နားအနီးမှ

http://www.dhammadownload.com



အကြောင်းကို ပြောသောအခါ "သူတို့ဟာ ကာလကြာမြင့်စွာက
ိ ဘုရား, တရား, သံဃာ၏ ကျေးဇူးမဲ့ ပြောနေကြပဲကွာ၊ တို့ဟာ
သက်ဟူသော အကြောင်းကြောင့်ပင် သူ့အသက် သတ်တော့မှာ
ဘုတ်ပါဘူး"ဟု ပြန်ပြောခဲ့၏၊ ဤ၌ စစ်ဗိုလ်ချုပ်ကြီး ဖြစ်လျက်
ု့အသက် မသတ်ဟူသော စကားကို လက်ခံဖို့ ခက်သလို
စ်ပါလိမ့်မည်၊ သို့သော် သူကား စစ်သားသာမန် မဟုတ်၊ ဗိုလ်ချုပ်
စ်၏၊ ထို့ကြောင့် သူ့အဖို့စစ်မတိုက်ပဲ စီမံရုံ စီမံနိုင်သူ ဖြစ်၏၊
ပြစ်ကင်း သော တိုက်တွန်းမှု, စီမံမှုစသည်ဖြင့် အပြစ်ကင်းအောင်
ဆောင်ရွက်နိုင်ပါသည်။ (ဝိ ၊ ၃ ၊ ၃၃၄ ။)

ဤအရာ၌ ဗိမ္ဗိသာရမင်းကြီး ဆောင်ရွက်ပုံကို သတိပြုသင့်၏၊
စ်ခါက တိုင်းစွန်ပြည်နား ပစ္စန္တရစ်မှာ သူပုန်တွေထ၍ လာရောက်
လျှောက်ထား သံတော်ဦးတင်ကြ၏၊ ထိုအခါ မင်းကြီးက "ဂစ္ဆထ
ဏေ ပစ္စန္တံ ဥစ္စိနထ(ဝိ၊၃-၁၀၃)=အချင်းတို့ သွားကြ၊ ပစ္စန္တရစ်ကို
ကြီးပွားသာယာအောင် ပြုကြ"ဟု ခိုင်း၏၊ "သာယာကြီးပွားအောင်"
ိသည်မှာ "သူပုန်တွေ ထွက်ခွါသွားကြပြီး ရပ်သူရွာသားတွေ
န်လာအောင် လုပ်ကြ"ဟု ဆိုလိုကြောင်း အဋ္ဌကထာက ဖွင့်ခဲ့၏၊
သာတာပန်ဖြစ်သောကြောင့် သတ်ကြ တိုက်ကြ ဟု မခိုင်းဘဲ ယခုလို

http://www.dhammadownload.com



တိုက်တွန်းခြင်း ဖြစ်ကြောင်းလဲ ဖွင့်ခဲ့ပါသည်။

သီဟသေနာပတိ, ဗိမ္ဗိသာရရာဇာတို့ပါဏာတိပါတ
မထိုက်ပုံကို ပိုရှင်းလင်းစေဖို့ ဓမ္မပဒ, ပါပဝဂ္ဂ, ကုက္ကုဋမိနေသာဒဝတ္ထု
လာ အချက်အလက်ကို အတန်ငယ်မျှ ပြပါဦးမည်။

ရာဇဂြိုဟ်ပြည်က သူဌေးသမီးတစ်ယောက် မုဆိုးကြီးနောက
လိုက်ကာ အတူအကွ ပေါင်းသင်းနေထိုင်ခဲ့၏၊

ထိုအမျိုးသမီးမှာ ငယ်ရွယ်စဉ်ကပင် သောတာပတ္တိဖိုလ် ဆိုက
ပြီး ဖြစ်၏၊ မုဆိုးကြီးနှင့် ပေါင်းသင်းနေထိုင်စဉ် မုဆိုးကြီး တောလည
သွားမည့်အခါ "လေး မြား လှံ တံကျင် ပိုက်ကွန် ယူခဲ့" ဆိုလျှ
ယူပေးရ၏၊ ဤအချက်ကို အစွဲပြု၍ "သောတာပန်မျာ
ပါဏာတိပါတ ပြုသေးသလော"ဟု ရဟန်းများက ပြောကြဆိုကြ၏

ဘုရားရှင်က "သောတာပန်များ ပါဏာတိပါတ ပြုကြသည
မဟုတ်ကြောင်း, တကယ်တော့ ထိုအမျိုးသမီးမှာ လင်ယောကျာ်း၏
စကားကို လိုက်နာမည်ဟူသော စိတ်ထားဖြင့် ထိုသို့ လက်နက်တွေ
ယူပေးခြင်း ဖြစ်ကြောင်း, ဤလက်နက်တွေ ယူသွားပြီ
အသက်သတ်မှု ပြုစေလို သောစိတ်ထား သူ့မှာ မရှိကြောင်း
လက်ဝါးပြင်မှာ အနာမရှိလျှင် အဆိပ်ကို ကိုင်သော်လည်
ထိုအဆိပ်က အစဉ်မလိုက် မလောင်မြိုက်နိုင်ကြောင်း, ထို့အတ

http://www.dhammadownload.com



ကုသိုလ်စေတနာ မရှိခြင်းကြောင့် မကောင်းမှု မပြုသော ပုဂ္ဂိုလ်အား
လး၊မြှား စသည် ထုတ်ပေးသော်လည်း မကောင်းမှု မည်သည်
ဖြစ်ကြောင်း” မိန့်တော်မူခဲ့၏။

ဤအမိန့်တော်အရ သောတာပန်တို့အား “ကိုယ်တိုင် တိုက်
ဥန်း ချီးမွမ်း စိတ်တူ” ဆိုသော ပါဏာတိပါတ မြောက်ကြောင်းအမှု
ျား မဖြစ်, မပြု၊ တာဝန်အရ, ဝတ္တရားအရ ပြုလုပ်ဆောင်ရွက်ရာ၌
ို့အမှု ထိုစိတ်ထားများ ကင်းလျက်ရှိကြောင်း ပြ၏၊ ဤသို့
ဲ့စ်ရသည်မှာလည်း မဂ်၏ အစွမ်းအရ ဟုလည်း ဆိုနိုင်ပါ၏။

မဂ်၏ အစွမ်းကြောင့်ဟုဆိုရာ၌ ယခုပြဆိုမည့် ခုဒ္ဒကပါဌလာ
ုတ်တစ်ခု၏ အဖွင့်အဆိုကိုလည်း ရှုပါဦး၊ ထိုသုတ်အဖွင့်၌
၍သောတာပန်အရိယာကား ဘဝတစ်ပါး၌သော်ပင် မိမိ၏ အရိယာ
ာဝကအဖြစ် မသိသော်လည်း ဓမ္မတာအားဖြင့် သာလျှင်
ဋ္ဌာနန္တရိယကံ, ဘုရားမှတစ်ပါး ဆရာကို ညွှန်ကြားခြင်း
ညသတ္တာရဒ္ဒေသ ပါဏာတိပါတစသော ကံငါးပါး မပြုကြောင်း
န့်ဆိုခဲ့၏၊ ဤ၌ ဓမ္မတာဆိုသည်မှာ မဂ္ဂါနုဘာဝကို ဆိုခြင်းတည်း၊
ဂ်၏ အာနုဘော်ကြောင့် ဤသို့သော စွမ်းရည် ရှိနေခြင်းတည်း။

ဤအချက် ထင်ရှားစေဖို့ရာ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ၂၇၃–
ာ ဓမ္မတာသိဒ္ဓ အရိယာတို့၏ သဘာဝကိုလည်း အကျဉ်းပြပါဦး
ည်၊ ကြိုးကြာတို့အား နို့နှင့် ရေ ရောတိုက်လျှင် နို့သာဝင်၍ ရေ

http://www.dhammadownload.com



မဝင်၊ ဤသည်မှာ ယောနိသိဒ္ဓ=အမျိုးဇာတ်အားဖြင့် ပြီးသော သဘာ
တစ်ရပ် ဖြစ်ပါ၏။

ထို့အတူ အရိယသာဝကသည် ဘဝတစ်ပါး၌သော်လည
အသက်ဟူသော အကြောင်းကြောင့်ပင် သတ္တဝါကို မသတ်တေ
သေရည်အရက်ကို မသောက်တော့၊ ထိုအရိယသာဝက၏ ခံတွင်း
သေရည်အရက်နှင့် နို့ရည် ရောလျက် လောင်းဦးတော့၊ နို့ရည်သ
ဝင်၏၊ သေအရက် မဝင်၊ ဤသို့ ဖြစ်ရသည်မှာ ဓမ္မတာသိဒ္ဓ=အရိယ
မဂ်တရား၏ အာနုဘော်ကြောင့် ပြီးသော စွမ်းရည် သဘာ
တစ်ရပ်ပေတည်း။

ဆိုခဲ့ပြီးသော သောတာပန်တို့၏ ဓမ္မတာသိဒ္ဓ=မဂ္ဂါနုဘာဝဖြ
ပြီးသော အစွမ်းဂုဏ်ရည်တို့ကို သိမြင်ခဲ့ပါက သောတာပန်
တာဝန်အရ ဝတ္တရားအရ ဆောင်ရွက်ရသော ကိစ္စများ အကြောင်းပြု
ပါဏာတိပါတ ဖြစ်လေသလော စသော သံသယများ ကင်းနို
လောက်ပါပြီ။

အရှင်ဝါသေဋ္ဌာဘိဝံ

http://www.dhammadownload.com

[illegible]

[illegible]

[illegible]

# မိဂါရသူဌေးက ဝိသာခါနို့ကို စို့-မစို့

"မိဂါရသူဌေးက ချွေးမ ဝိသာခါ၏ နို့ကို စို့-မစို့"ဟူသေ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏ မေးခွန်းကို သပြေက ဆရာတော်ကြီးက ဖြေထားသည်မှာ ဤသို့ ဖြစ်ပါ၏။

## နေယျတ္ထ-တဲ့

ကန့်လန့်ကာအတွင်းမှ နေ၍ တရားနာနေသော မိဂါရသူဌေ သည် သောတာပန်အဖြစ် ရောက်သွားသောအခါ ကန့်လန့်က မ,လျက် ထွက်လာကာ ချွေးမ ဝိသာခါ၏ သားမြတ်ကို ပါးစပ်ဖြ စုပ်ငုံ၍ "သမီးဟာ ယနေ့က စပြီး ငါ၏ အမေပဲ"ဟု ဝိသာခါ အမိအရာ၌ ထားကြောင်း ဓမ္မပဒအဋ္ဌကထာ၌ လာရှိရာ ထိုစကာ "သုဏှာယ ထနံ မုခေန ဂဟေတွာ"ဟု လာရှိသော ပါဌ်ကို အစွဲပြု အငြင်းပွားခဲ့ကြ၏၊ အချို့က "ဘုရားရှေ့မှာ ဤသို့ ပြုဖို့ မလျေ သားကလဲ ခံချင်မည် မဟုတ်,"ဟု ယူဆလျက် ဤစကားကို နီတ စကားအဖြစ် မယူလိုကြ၊ ထို့ကြောင့် "နို့" ဆိုသည်မှာ ပကတိ မဟုတ်၊ ပညာနို့ကို ဆိုလိုကြောင်း နေယျတ္ထစကားအဖြစ် ယူ ကြ၏။

http://www.dhammadownload.com



## နေယျတ္ထ ဟုတ်ပါ၏လော ?

"သာဏိကဏ္ဍံ ဥက္ခိပိတွာ အာဂတွာ သုဏှာယ ထနံ မုခေန ဟေတွာ တွံ မေ အဇ္ဇတော ပဋ္ဌာယ မာတာတိ တံ မာတုဋ္ဌာနေ ပေသိ" ဤပါဠိ၌ အထက်က မြန်မာလို ပြဆိုခဲ့သည့် အတိုင်း နယျတ္ထအရိပ်အသွင် မထင်ခဲ့ပါပေ၊ ထိုအခါက မိဂါရသူဌေးကြီး၏ ူပ်ရှားပြုမူပြောဆိုပုံကို အရှိအတိုင်း ဖော်ပြသော စကားအဖြစ် ါလွှင်လျက် ရှိပါသည်၊ အချို့ ယူဆသကဲ့သို့ ပညာနို့ ဆိုရလောက် အောင်လည်း ထိုသို့ ယူဆဖို့ ပါဠိအသွားက ညွှန်ပြသည် ဆိုဖို့လည်း လွယ်လှ၊ ပညာနို့ဖြစ်လျှင် ပညာနို့ဟု အဋ္ဌကထာ တိုက်ရိုက် ဲ့မည်သာ ဖြစ်ပါလိမ့်မည်။

## နေယျတ္ထ မဟုတ်ကြောင်းပြ စကားတစ်ရပ်

နေယျတ္ထ မဟုတ်ကြောင်းကို ညွှန်ပြသည့် စကားတစ်ရပ်လည်း ပါသေး၏၊ ၎င်းမှာ "မဟာသေဋ္ဌိ သုဏှာယ ထနံ ဝိဿဇ္ဇေတွာ" သော ပါဠိပင်ဖြစ်ပါပေ၏၊ နို့ကို ခံတွင်းဖြင့် စုပ်စို့သည် ဲစ်သောကြောင့်ပင် ချွေးမ၏ နို့ကို လွှတ်၍ ဟူသော နောက်စကားကို ိုခြင်း ဖြစ်ဖို့ ရှိပါ၏၊ နို့ကို ပညာဟုယူလျှင် "သုဏှာယ ထနံ

http://www.dhammadownload.com



ဝိသာခေ့ဝတ္ထု" ဟူသော ဤစကားကို ဘယ်သို့ ယူပါမည်နည်း
သင့်လျော်စပ်ဟပ်အောင် ယူဖို့ လွယ်လှမည်မထင်ပါ။

## အရှင်မဟာဗုဒ္ဓဃောသ အဆို မဟုတ်

သို့ဖြစ်လျှင် ဆိုခဲ့ပြီး စကားတွေကို ဘယ်သို့ ဆိုမည်နည်း
ဤနေရာ၌ ဆက်လက် စဉ်းစားဖွယ်အချက်များ ရှိပါ၏၊ ဓမ္မပဒအဋ္ဌ
ကထာ၌ အချို့အဆိုများသည် ထိုထိုအရှင်မဟာဗုဒ္ဓဃောသရေး
အဋ္ဌကထာအချို့အဆိုများနှင့် ကွဲပြားခြားနားလျက်ရှိရာ အချို့က ထို
ဓမ္မပဒအဋ္ဌကထာမှာ အရှင်မဟာဗုဒ္ဓဃောသရေး မဟုတ် ဆိုကြ၏
ထိုအဆိုတိုင်း ဆိုလျှင် ဆိုခဲ့ပြီး ဓမ္မပဒအဋ္ဌကထာအဆိုမှာ အရှင်မဟာ
ဗုဒ္ဓဃောသအဆို မဟုတ်ဟု ဆိုရန် ရှိ၏၊ သို့သော် ဓမ္မပဒအဋ္ဌကထာ
အရှင်မဟာဗုဒ္ဓဃောသမထေရ်ရေး မဟုတ် ဆိုသော စကားကို အများ
က လက်မခံကြ။

## ဓမ္မပဒဘာဏကတို့အဆို

အရှင်ဗုဒ္ဓဃောသမထေရ်ရေး အချို့အဋ္ဌကထာများ၌ပင်
အဋ္ဌကထာတစ်ခုနှင့်တစ်ခု အဆိုမတူ ကွဲပြားသောအရာ၌
ထိုအချက်ကို ဆရာ့အဆို မဟုတ်ကြောင်း, ထိုထိုဘာဏကတို့၏

အဆိုဖြစ်ကြောင်း ဆုံးဖြတ်ကြ၏၊ ဤ၌လည်း ဆရာ့အဆိုမဟုတ်၊ ဓမ္မပဒဘာဏကတို့အဆို ဖြစ်သည်ဟုဆိုရပါမည်၊ ထိုသို့ ဆိုရသည်မှာလည်း ဤဓမ္မပဒအဋ္ဌကထာနှင့် မတူကွဲပြားသော အဆိုတစ်မျိုးကို အင်္ဂုတ္တရအဋ္ဌကထာ၌ တွေ့ရသောကြောင့်တည်း။

ထိုအဋ္ဌကထာ၌ "ဒေသနာပရိယောသာနေ သေဋ္ဌိ သောတာပတ္တိဖလေ ပတိဋ္ဌာယ သာဏိံ ဥက္ခိပိတွာ သတ္ထု ပါဒေ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ သတ္ထု သန္တိကေယေဝ စ 'တွံ အမ္မ အဇ္ဇ အာဒိံ ကတွာ မမ မာတာ' တိ ဝိသာခံ မာတုဋ္ဌာနေ ဌပေသိ" (အံ၊ ဋ္ဌ၊ ၁၊ ၃၂၀) ဟုဆို၏။

ဤအဋ္ဌကထာ၌ကား ကန့်လန့်ကာ မ,ထွက်လာကာ ဝိသာခါနို့ စို့ကြောင်း မလာ၊ ကန့်လန့်ကာ မ,ထွက်လာကာ ဘုရားခြေတော်တို့ကို ရှိခိုး၍ ဘုရားရှေ့. ဘုရားအထံ၌ပင် "ချစ်သမီး သမီးသည် ယနေ့မှစ၍ ငါ့အမေပဲ" ဟု ဝိသာခါကို အမိအရာ ထားကြောင်းသာ လာ၏၊

ဤအဋ္ဌကထာစကားသည်သာ အငြင်းပွားစရာ အချက်မပါ စေဒနာဖွယ်အဆို မတွေ့ရသောကြောင့် ရှေးအဋ္ဌကထာဆရာတို့အဆို ဖြစ်လိမ့်မည်လော ဟု တွေးတောယူဆမိပါသတည်း။

အရှင်ဝါသေဋ္ဌာဘိဝံသ

http://www.dhammadownload.com

မိစ္ဆာဝါဒီတို့ ဘုရားရှင်

[illegible] သည့် [illegible]

[illegible] . . .

http://www.dhammadownload.com



# ဝိသာခါကို ဘုရားရှင် မိန့်တော်မူသည် ဆိုသော စကားတစ်ရပ်ကို စိစစ်ချက်

"ကာမဂုဏ် မှီဝဲစဉ်မှာပင် ငါဘုရားကို မမေ့နဲ့ဟု ဝိသာခါအား ဘုရားရှင်က မိန့်တော်မူသည်ဟု ဆိုရာ ထိုအဆို မှန်ပါသလော" ဟူသော ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏ အမေးကို သပြေကန်ဆရာတော်ကြီးက ဤသို့ အဖြေပေးထားပါသည်။

## အာဂုမ်လည်း မရှိ

"ဝိသာခါ ငါဘုရားကို ဘယ်အခါများ မေ့သလဲ? ဤသို့ ဘုရားရှင် မေးတော်မူသည်ကို ကာမဂုဏ် ခံစားပျော်ပါးနေသောအခါ မေ့ကြောင်း လျှောက်ထားသော် ထိုသို့သောအခါ၌ပင် မမေ့ဖို့, အမှတ်ရဖို့ တိုက်တွန်းမိန့်ကြားတော်မူသည်"၊ ဤကား အချို့ပြောနေကြသော စကားတစ်ရပ် ဖြစ်၏၊ ထိုစကားကို ငယ်ရွယ်စဉ်ကပင် ကြားဖူးခဲ့ရာ ကျမ်းဂန်များ၌ စုံစမ်းသော်လည်း ရှာမတွေ့ခဲ့၊ ခမ္ဘကထိကဆရာတော်တစ်ပါးက ထိုအကြောင်းကို ဆရာတော်ကြီး တစ်ပါး ဟောသံ ကြား၍ မိမိဟောခဲ့ကြောင်း, စာမှာ မတွေ့ရကြောင်း, ဘယ်မှာပါသည်ကို သိလိုကြောင်း လျှောက်ထားခဲ့၍ တိုက်ရိုက်အဆိုကို မတွေ့ရသော်လည်း အနီးကပ်ဆုံး ထိုသဘော

http://www.dhammadownload.com



ပါဝင်သော စကားများ တွေ့ရမည်လားဟု ရှာဖွေသော်လည်း မတွေ့ရ၊ စာတတ်ပေတတ်ဆရာတော်များအား မေးမြန်းကြည့်သော်လည်း မတွေ့ဖူးကြောင်းသာ ဆိုကြပါသည်၊ ကျမ်းဂန်မှာမပါ၊အပြောအရသာ တွင်ကျယ်နေသော ထိုစကားကို အမှန်စကား မဟုတ်ဟုသာ ဆိုဖို့ ရှိပါတော့၏။

## ယုတ္တိလည်း စမ်းမရ

ဤသို့ အာဂမယုတ္တိအားဖြင့် စမ်းမရသော်လည်း သဘာဝယုတ္တိအားဖြင့် စမ်းကြည့်ကြပါစို့၊ "ကာမဂုဏ်မှီဝဲသောအခါမှာပင် ငါဘုရားကို အောက်မေ့ရမည်ဟု ရှင်တော်မြတ် မိန့်တော်မူသည် "ဟူသော စကားမှာ အာဂုံအားဖြင့်လည်းကောင်း, ယုတ္တိအားဖြင့် လည်းကောင်း ဘယ်ဘက်ကမှ ရှင်းမရသော စကားပင် ဖြစ်ပါသည်၊ သာမန်ဝတ္ထု အာရုံတွေပင် စွဲနေလျှင် ဗုဒ္ဓါနုဿတိ၏ သက်ရောက်ရာ မဟုတ်၊ ဥပမာ–အလွန်လှပသော မိန်းကလေးရုပ်ပုံတွင် နစ်ဝင်အောင် မက်မောရူစားနေသူအဖို့ ဘုရားဂုဏ် အာရုံပြုဖို့ရာ မလွယ်လှ၊ ယခုလို အလွန်စွဲမက်ဖွယ် ဖောဋ္ဌဗ္ဗအတွေ့ မေထုန်မှီဝဲရာအခါ၌ သတိရဖို့ ဆိုသည်မှာ သာလွန်ခက်ခဲလှပါသည်၊ ကာမဂုဏ်နှင့် နေက္ခမ္မက တစ်ဖက်တစ်လမ်း ဖြောင့်ဖြောင့် ဆန့်ကျင့်ဖက်ဖြစ်ရာ

http://www.dhammadownload.com



ကာမဂုဏ်ဖြစ်ရာ၌ နေက္ခမ္မမဝင်သာ၊ နေက္ခမ္မဖြစ်ရာနေရာ၌လည်း ကာမဂုဏ်သက်ရောက်နိုင်ရာ အခွင့်မရှိ၊ တစ်ဖက်တစ်လမ်း ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်ဖြစ်သောကြောင့်ပင် ဘုရားရှင်က ဤသို့ အရာမျိုး၌ မိမိကို မမေ့ဖို့ တိုက်တွန်းသည် ဆိုသည်မှာ အရာမဟုတ်၍ ယုတ္တိမရ ယူဆပါသည်၊ ဤ၌နေက္ခမ္မဆိုသည်မှာ ကာမမှလွတ်ရာ ဈာန်,ဝိပဿနာ စသောတရားများကို ဆိုလိုပါသည်။

## ပါဠိဖြင့် နီးနှောကြဦးစို့

ဥပရိပဏ္ဏာသ ဒန္တဘူမိသုတ်၌ ဇယသေနမင်းသားက အစိရဝတသာမဏေကို 'သာသနာတော်၌ မမေ့မလျော့အားထုတ်နေသောရဟန်းမှာ သမာဓိရသည်ဆိုသည်မှာ ဟုတ်ပါသလော' ဟုမေး၏၊ ဟုတ်ကြောင်း ဖြေ၏၊ ထိုအခါ မင်းသားက တရားဟောဖို့ တောင်းပန်၏၊ ကိုရင်က ငြင်းသည်၊ ကိုရင် ဟောသောတရားကိုမင်းသားနားလည်လျှင် ကောင်း၏၊ မသိလျှင် ကိုရင်ပင်ပန်းရုံရှိမှာပေါ့၊ သိချင်သိမှာပေါ့ ကိုရင်၊ ဟောသာဟောပါ ဟု လျှောက်သောအခါ "ကိုရင်ဟောသောတရားကို သိလျှင် ကောင်း၏ မသိလျှင် အသာနေ၊ ထပ်တွန့် မေးမနေနဲ့"ဟု ချည်တုပ်သောအခါ မင်းသားက ဝန်ခံ၏၊ ထိုအခါကိုရင်က "ကသိဏ်း ဤသို့ပွား၊

http://www.dhammadownload.com



သမာဓိ ဤသို့ရလိမ့်မည်၊သမာပတ် ဤသို့ဝင်စားနိုင်လိမ့်မည်”စသည်ဖြင့် ပြောခဲ့၏၊ သူက လက်မခံ၊ သာသနာမှာ မမေ့မလျော့ အားထုတ်က သမာဓိ ရတယ် ဆိုတာ မဖြစ်နိုင် ဆိုကာ ထပြန်သွားခဲ့၏။

## ကာမသမားက နေက္ခမ္မကို လက်မခံနိုင်

ကိုရင်က သမာဓိဖြစ်ကြောင်းနည်း ပေး၏၊ နည်းကလည်း နည်းမှန်၊ သူက ကာမဂုဏ်သမား၊ သူ့စိတ်ထဲမှာ ကာမဂုဏ်တွေက နေရာယူထား၏၊ ကာမဓာတ်ခံ လက်ခံသိမ်းသွင်းထားသော သူ့စိတ်က ဘယ်မှာ သမာဓိဟူသော နေက္ခမ္မကို လက်ခံနိုင်ပါအံ့နည်း၊ ထို့ကြောင့်ပင် ငြင်းဆန်ထွက်ခွါသွားခြင်း ဖြစ်၏၊ ကိုရင်က ဤအကြောင်းကို ဘုရားရှင်ထံ သွားလျှောက်ထားသောအခါ ဘုရားရှင်က “နေက္ခမ္မဖြင့်သာ သိနိုင် မြင်နိုင် ရောက်နိုင်သော သမာဓိမျိုးကို ဘုရားရှင်ကို ကာမအလယ်မှာ နေ, ကာမဂုဏ်တွေ ခံစား, ကာမအကြံတွေ အစားခံနေရ, ကာမအပူတွေ အလောင်ခံနေရသော ဇယသေနလို မင်းသားမျိုး သိနိုင်သည်ဆိုသည်မှာ ဖြစ်နိုင်သော အကြောင်း မဟုတ်ကြောင်း ဟောတော်မူ၏။

http://www.dhammadownload.com



ဤဘုရားစကားတော်အရ ကာမနယ်သည် နေကွ
သက်ရောက်ရာ မဟုတ်ကြောင်း သိနိုင်သည်ဖြစ်ရာ ဘုရားရှင်
ဝိသာခါအား ဤသို့ တိုက်တွန်းသည် ဆိုသည်မှာ ယုတ္တိ၊ အာဂ
နှစ်ဌာန မရသော အပြောတစ်မျိုးဟု ယူဆဖွယ်သာဖြစ်
ပေသတည်း။

ကိံ နွယံ နိစ္ဆယော ယုတ္တော၊ န ယုတ္တောတိ ဝိစာရယံ။
ယုတ္တောတိ စေ မညေယျာသိ၊ ဂဏှ တံ ပဏ္ဍိတော တုဝံ။

(ကိံနွယံ–ကိံ နု အယံ)ဤအဆုံးအဖြတ်သည် သင့်သလော
မသင့်သလောဟု စဉ်းစားဆင်ခြင်လျက် သင့်သည်ထင်က ပဏ္ဍိတ
မည်တွင် ဆရာတော်အရှင်သည် ထိုအဆုံးအဖြတ်ကို လက်ခံပါလေ

အရှင်ဝါသေဋ္ဌာဘိဝံသ
ရွှေကျင်

http://www.dhammadownload.com

နိုင်ငံခြားရပ်ဝန်းဒေသများနှင့်

ဒေါ်လပဝကိုမှ ...

http://www.dhammadownload.com



# နိုင်ငံခြားသား ရဟန်းတော်များနှင့် ဒေါ်လာကိစ္စ

" နိုင်ငံခြားသား ရဟန်းတော်များနှင့် ဒေါ်လာကိစ္စ
အကြောင်းနှင့်စပ်၍ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်
မေးထားသဖြင့် သပြေကန်ဆရာတော်ကြီးက ဤသို့ပြန်လ
မိန့်ကြားကာ အဖြေ ပေးထားပါ၏။

၁၃၅၀၊ တော်သလင်းလပြည့်ကျော် (၅)ရ

ဆရာတော် အရှင်ပဏ္ဍိတထံ

အလေးထား ရေးသားအပ်ပါ၏။ ဆရာတော်အရှ
တာဝန်ပေးထားတာ တော်တော်ကြာသွားပါပြီ၊ တကယ်တေ
ဝိနည်းအရာ ဆိုသည်မှာ လွယ်ကူလှသည် မဟုတ်၊ တိုက်ရိုက်အဆို
ဆုံးဖြတ်ရသည် မဟုတ်တော့ အဆုံးအဖြတ် မလွယ်သလို ဖြစ်ရ၏
ထို့ကြောင့် သုတ်, ဝိနည်း, အဘိဓမ္မာမှာ ဝိနည်းအဆုံးအဖြ
အခက်ဆုံးဟု မိန့်ဆိုကြ၏။

http://www.dhammadownload.com



အာပတ်သင့်တဲ့ဖက် ရှုမြင်ဖို့ရာ မကြိုးစားဖို့ , အာပတ်သင့်ခြင်းကို ကြည့်ရှုမည်ဟု စိတ်ထားဖို့ အဋ္ဌကထာ မှာခဲ့သည် စ်ဖြာ, ပညာရှိတို့နှင့် တိုင်ပင်နှီးနှော စူးစမ်းဆင်ခြင် ုံးဖြတ်ရမည်ဆိုသည့် တစ်ချက်ကို သတိထားမိသော်လည်း ညာရှိတို့နှင့် နှီးနှောခွင့် မရ၍ ပညာရှိ အရှင်ပဏ္ဍိတာဘိဝံသနှင့်သာ ံသန္ဒနအမှု (နှီးနှောမှု) ပြုရတော့မည်ဖြစ်၍ ဂရုတစိုက် ရှုစားဆင် င်ပေးပါဟု တိုက်တွန်းရပါ၏။

အထောက်ပါဠိတွေကို ညွှန်းရုံသာညွှန်းလိုက်ပါသည်၊ ကယ်တော့ အဆုံးအဖြတ် သိဖို့က လိုရင်းဖြစ်ရာ ကြည့်နိုင်သော ဂိုလ်များအဖို့တော့ ကျမ်းညွှန်းနဲ့ပင် လုံလောက်ပြီ သဘောရပါ၏၊ ရေးပြီးတာတော့ ကြာပါပြီ၊ သို့သော် ကိုယ့်အဆို အားမရသလို စ်တိုင်း စာတွေကြည့်ရတာ တစ်ကြောင်း, တစ်ခြားကိစ္စ များလုတာ စ်ကြောင်းကြောင့် ကြာသွားရသည်ကို ခွင့်လွှတ်တော်မူရန် ာင်းပန်ရပါသည်။

ကျန်းမာ၍ ချမ်းသာတော်မူပါစေ

အရှင်ဝါသေဋ္ဌာဘိဝံသ

http://www.dhammadownload.com



## နိုင်ငံခြားသား ရဟန်းတော်များနှင့် ဒေါ်လာ

နိုင်ငံခြားသား ရဟန်းတော်များ၌ ဒေါ်လာများ ပါလာရာ“ 
ဒေါ်လာထဲမှ ဒေါ်လာတစ်ရာကိုကား မလဲမနေရ၊ ဤနိုင်ငံက ငွေ
လဲလှယ်ရ၏၊ ကျန်သော ဒေါ်လာများကိုကား ဘယ်လော
ရှိသည်ဟု စာရင်းကြေငြာရသည်” ဆို၏၊ ထိုသို့ကြေငြာသည့်အ
ပါသည့်အတိုင်း မကြေငြာဘဲ မိမိအကျိုးအမြတ်အတွ
မှော်လျက်ထိန်ဝှက် ချန်ထားတတ်၏၊ ဤကိစ္စ အတွ
ရဟန်းတော်များ၌ ဘယ်သို့ အပြစ်ရှိမည်ကို မေးလျှောက်ခဲ့ကြ
ဤအရာ၌ မိမိအမြင်ကို တင်ပြရပါမည်။

ဤအချက်၌ ထိုရဟန်းတို့သည် မရိုးသော စိတ်ထားဖြ
လိမ်လည်လှည့်ဖျားဝှက်ထားခြင်းဖြစ်ရာ ထေယျာဝဟာရန
ငြိနေမည်လော တွေးတောဖွယ်ရာ ဖြစ်နေပါ၏၊“ထေယျာဝဟာရ”
သည်မှာ ပုန်းလျှိုးကွယ်လျှိုးပြုကာ အိမ်နံရံကို ဖောက်ချိုးခြင်းစသ
ချိန်စဉ်းလဲ, တင်းစဉ်းလဲ, အသပြာစဉ်းလဲ စသည်တို့ဖြ
လိမ်လည်လှည့်ဖျားလျက် ယူခြင်းဖြစ်၏။ (ဝိ၊ ၌၊ ၁၊ ၃၃၀)

ထိုထေယျာဝဟာရအရာ၌ လိမ်လည်လှည့်ဖျား ယူရာဝ
ပစ္စည်းရှင်က ပေးအပ်သော ပရိစ္စတ္တဘဏ္ဍာ, မပေးအပ်သော

http://www.dhammadownload.com



ရပရိဂ္ဂဟိတဘဏ္ဍာဟု နှစ်မျိုး ရှိနိုင်၏၊ ထိုဘဏ္ဍာနှစ်မျိုးကို
ိမ်လည်လှည့်ဖျားယူမှု အစွဲပြု၍ ပါရာဇိက ကျ-မကျ ဆုံးဖြတ်ရ၏။
ပရိစ္စတ္တဘဏ္ဍာ ယူရာ၌ အဆုံးအဖြတ်ကို ဤသို့ သိအပ်၏၊
ူးက ရဟန်းတစ်ပါး သံဃာ၏ ဆွမ်းကို ဝေဖန်သောအခါ
ကယ်မရှိသော ပုဂ္ဂိုလ်တစ်ဦးကို ရည်ညွှန်းလျက် တစ်ပါးပုဂ္ဂိုလ်၏
ဖို့ကို ပေးပါဟု အခြေအမြစ် မရှိဘဲ မရိုးမသားလိမ်လည်လှည့်ဖျား
ျက် ယူခဲ့၏၊ နောက်ကုက္ကုစ္စ ဖြစ်၍ ဘုရားရှင်အား လျှောက်ထား
သာအခါ "အနာပတ္တိ ဘိက္ခု ပါရာဇိကဿ၊ အာပတ္တိ သမ္ပဇာန
သာဝါဒေ ပါစိတ္တိယဿ"ဟုအဆုံးအဖြတ် ပြုတော်မူခဲ့၏။
ါ၊၁၊၇၃)
ဤ၌ မရှိသော ပုဂ္ဂိုလ်ကို ရည်လျက် ထိုသူအတွက် ပေးပါဟု
ိမ်လည်လှည့်ဖျားတောင်းပါလျက် ပါရာဇိက အာပတ် မသင့်
ါသည်မှာ ဥစ္စာရှင်တို့က ပေးသောကြောင့် ဖြစ်ကြောင်း အဋ္ဌကထာ
န့်ဆိုခဲ့၏။ (ဝိ၊ ဋ္ဌ၊၁၊ ၃၃၄)
ဥစ္စာရှင်တို့က ပေးသော ဥစ္စာမှာ ပရိစ္စတ္တ ဖြစ်၏၊
ရပရိဂ္ဂဟိတ မဟုတ်တော့၊ ထို့ကြောင့် ပါရာဇိက မဖြစ်ရသည်
 သိ၊ ပစ္စည်းရှင်တို့က ပေး၍ ပါရာဇိက မကျသော်လည်း

http://www.dhammadownload.com



လိမ်လည်လှည့်ဖျား ယူသောကြောင့် ဘဏ္ဍာဒေယျကား ဖြစ်၏
ထိုစကား မှန်၏၊ လူတို့၏ ဥစ္စာကို ဥစ္စာရှင်ကဖြစ်စေ, ဥစ္စာရှင်စေခိုင်
အပ်သူကဖြစ်စေ ပေးလှူအပ်သည်ကို တစ်ပါးရဟန်း၏ အဖို့ကို
ပေးပါဦး ဆို၍ ယူသော ရဟန်းအား ဘဏ္ဍာဒေယျ ဖြစ်၏
အဋ္ဌကထာ ဆိုအပ်၏၊ တစ်ပါးရဟန်း၏ အဖို့ကို ပေးပါ ဆိုသည်မှ
ထင်ရှားမရှိသော ပုဂ္ဂိုလ်ကို ဖော်ပြ၍ ယူအပ်သောကြောင့် ဘဏ္ဍာဒေယျ
ဖြစ်ရ၏။ (ဝိ ဋ္ဌ ၊ ၁ ၊၃၃၄၊သာရတ္ထ၊ ၂ ၊ ၁၆ ။)

ဆိုခဲ့ပြီးစကားများအရ ထေယျာဝဟာရအရာ
လိမ်လည်လှည့်ဖျားရုံ သက်သက်ဖြင့် အပြစ် ရောက်သည် မဟုတ်
လိမ်လဲ လိမ်, သူ့ထံမှ ပစ္စည်းလဲ ရယူမှ အပြစ်ရခြင်း ဖြစ်၏၊ ဆိုခဲ့ပြီ
နိုင်ငံခြား ရဟန်းတော်များသည် ပစ္စည်းစာရင်းလိမ်ညာခြင်းသ
ပြုကြ၍ အစိုးရထံမှ ဘာပစ္စည်းကိုမှ ရသည် ယူသည်
မဟုတ်သောကြောင့် ပါရာဇိကဖြင့် စွဲဆိုနိုင်ခွင့် မရှိပေ၊ ပစ္စည်း မ
မယူသောကြောင့်ပင် လိမ်လည်သော်လည်း ဘဏ္ဍာဒေယျဖြင့် မဆိုနိ
သမ္ပဇာနမုသာဝါဒ ပါစိတ် အာပတ်ဖြင့်သာ ဆိုခွင့်ရှိပါတော့၏
ထို့ပြင် ထိုပစ္စည်းအတွက် အကောက်ခွန်ပေးဖို့ သတ်မှတ် ပြဋ္ဌာန်းချ
စသည် တစ်စုံတစ်ရာ မရှိသောကြောင့်"သုင်္ကဃာတ"စသည်ဖြင့်

http://www.dhammadownload.com



တာဒနာခွင့် မရှိပါ။

၁၅-၂-၈၉

ဩဝါဒါစရိယ ပဓာနနာယက အရှင်ပဏ္ဍိတာဘိဝံသထံ
လေးထား ရေးသားအပ်ပါသည် ဆရာတော်။

ဆရာတော် မေးခဲ့သော ပဌမ ဒေါ်လာပြဿနာကို
ဖြေပြီးနောက် ဒုတိယပြဿနာ(၅)ချက် မေးခဲ့ပြန်ပါသည်၊ ထိုအမေးကို
လေ့လာရင်း ပဌမ အမေး အဖြေကို ပြန်လည်လေ့လာခဲ့မိပြန်ပါသည်၊
အရေးကြီးသော အကြောင်းအရာဖြစ်၍ အစိုးရ အကောက်ခွန်ဆိုင်ရာ
ပဒေများကိုလည်း လေ့လာခဲ့ပါသည်၊ ထို့မှမက ထိုထိုဆရာတော်
ားကိုလည်း မေးမြန်းခဲ့ပါ၏၊ မေးသမျှ ဆရာတော်အားလုံးကပင်
ါရာဇိကဖြင့် ဆုံးဖြတ်လိုကြပါသည်၊ ယခု ဆရာတော်ထံ
လိုက်သော ဝိနိစ္ဆယရှင် အရှင်အဂ္ဂညနာဘိဝံသကျမှ အပြစ် မရှိ
ကြောင်း ဝိနိစ္ဆယ ရခဲ့ပါ၏၊ ဤဆရာတော်ထံ တပည့်တော် ပေးခဲ့
သည်မှာ အတော် နောက်ကျ, စာတိုက်ကလဲကြာသဖြင့် တော်တော်
ကြာသွားပါသည်။

http://www.dhammadownload.com



ဤဆရာတော်၏ အဆုံးအဖြတ်မှာ အတော်ကျန တိက
လှသည်ဖြစ်၍ ဗဟုသုတအများလည်း ပေးထား၍ မူရင်းအတိုင်
အပြည့်အစုံ ဆရာတော်ထံ ဆက်ကပ်စေရပါသည်၊ ဤမျှကြာသည
ထိအောင် ဖြစ်ရခြင်းဖြင့် မလေးစားသကဲ့သို့ ဖြစ်ရသည်ကိုလည်
ခွင့်လွှတ်စေချင်ပါသည်၊ ဆရာတော်နှင့် တစ်နေရာရာမှာ ဆုံမိတွေ
မိလျှင်လဲ မိမိ အကျိုးအကြောင်း ပြောဖြစ်ပါလိမ့်မည်၊ မတွေ့မဆ
ရ၍လည်း မပြောဖြစ်ခဲ့ခြင်း ဖြစ်ပါ၏၊ ပါရာဇိကဟု ဆုံးဖြတ်ဖို
အရေးကြုံက တပည့်တော်မှာ ဝန်လေးပါ၏၊ ထို့ကြောင့်ပင် ပါရာဇိက
မဖြစ်ဖို့ဖက်က သေချာအောင် လိုက်နေခြင်းဖြစ်ပါသည်။

ဆရာတော်အရှင်ထာဝစဉ် ကျန်းမာချမ်းသာတော်မူ
ကြောင်း ဆုတောင်းလျက် ရှိပါသည်။

ဝါသေဋ္ဌာဘိဝံသတ္တေရေ
ရွှေကျ

http://www.dhammadownload.com



၁၃၅၀–ခု တပို့တွဲလဆန်း (၄)ရက် (၉–၂–၈၉)

ရွှေကျင်ဆရာတော်,

ကျီတော်ရပ်, မင်္ဂလာတော်ညွန့်မြို့နယ်ထံ

တပည့်ရှိသေစွာ လျှောက်ထားပါသည် ဆရာတော်ဘုရား၊ ဆရာတော် ဘုရားထံမှ ပြာသိုလ်လဆန်း(၁)ရက် နေ့စွဲပါ စာကို ပြာသိုလ် လဆုတ်(၁၂)ရက်နေ့တွင် ရရှိပါသည်ဘုရား၊ ထိုစာ၌ ဆရာတော် ဘုရားက တပည့်အား ပြဿနာမေးခြင်းဖြင့် ချီးမြှောက်တော်မူသည်ကို တွေ့ရ၍ များစွာ ဝမ်းမြောက်မိပါသည်ဘုရား၊ ဆရာတော် ဘုရား၏ မေးမြန်းမှုသည်–

အဒိန္နာဒါနမနုဿဝိဂ္ဂဟဝိတိက္ကမာ ပန သုခမာ စိတ္တလ ဘုကာ၊ တေ သုခမေနေဝ အာပဇ္ဇတိ၊ သုခမေနေဝ ရက္ခတိ၊ တသ္မာ သေသေန တံဝတ္ထုကံ ကုက္ကုစ္စံ ပုစ္ဆိယမာနော“အာပတ္တိ”တိ အဝတွာ သစသ......။ပ။.....အန္တေဝါသိကော ပဏ္ဍိတော အတ္ထိ၊ တဿ သန္တိကံ ပေသေတဗ္ဗော။ (ဝိ၊ဋ္ဌ၊၁၊၂၀၂)

http://www.dhammadownload.com



ဟူသော အဋ္ဌကထာ၏ ညွှန်ကြားမှုအရ ဖြစ်နိုင်သည့်အပြင် တပည့်အား ဝိနိစ္ဆယဉာဏ် ထက်သန်လာစေရန် ချီးမြှောက်ခြင်းလည်း ဖြစ်နိုင်သည်ဟု ယူဆမိပါသည်၊ တပည့် လူမမယ်ကလေးဘဝက မြစ်ကမ်းနား ရေချိုးရာတွင် မိခင်ကြီးက အောက်မှ လက်နှစ်ဘက်ဖြင့် ခံကာ သားဖြစ်သူ တပည့်အား ရေကူးသင်ပေးခဲ့ပါသည်၊ ဤသို့ဖြင့် တပည့်သည် ရေကူးကျွမ်းကျင်သူ အဖြစ်သို့ ရောက်ခဲ့ရပါသည် ဘုရား၊ ဤအတူပင် ဆရာတော်ဘုရား၏ စီဝရပြဿနာ, ဒေါ်လာကဟာပဏပြဿနာ မေးမြန်းချီးမြှောက်ခြင်းဖြင့် တပည့်သည် ဝိနယဉာဏ် ကွန့်မြူး ဝိနစ္ဆယရေကူးတတ်မြောက်တော့မှာပဲ ဟု ဝမ်းမြောက်ရွှင်မြူး ကျေးဇူးအထူးတင်မိပါသည်ဘုရား၊ တပည့်၏ ဖြေကြားလျှောက်ထားလွှာကို ဆရာတော်ဘုရား နှစ်သက်ကြည်ဖြူ အလိုတော်ရှိတော်မူသည့်အတိုင်း (လက်ခံခြင်း,ပယ်စွန့်ခြင်းအမူ) ပြုတော်မူနိုင်ပါသည်ဘုရား။

၁။ ။ "ယခုခေတ် နိုင်ငံခြားရဟန်းတော်များ မြန်မာပြည်သို့လာရာ ပါလာသော ဒေါ်လာငွေများကို မကြေငြာပဲ ထိန်ဝှက်ချန်ထားပြီးလျှင် မှောင်ခိုဈေး လဲလှယ်ရာ ဒုတိယပါရာဇိက အာပတ် သင့်,မသင့်" ဟူသောပြဿနာကို –

http://www.dhammadownload.com



ဏ္ဍမေဟိ စ ပန တီဟိ လက္ခဏေဟိ သမန္နာဂတေန
ါနယခရေန ဝတ္ထုဝိနိစ္ဆယတ္ထံ သန္နိပတိတေ သံဃေ ဩတိဏ္ဏော
ဝတ္ထုသ္မိံ စောဒကေန, စုဒိတကေန စ ဝုတ္တေ ဝတ္တဗ္ဗေ သဟသာ
အဝိနိစ္ဆိနိတွာဝ ဆ ဌာနာနိ ဩလောကေတဗ္ဗာနိ" (ဝိ၊ ၄၊ ၁၊ ၂၁၀ )
ဟူသော အဋ္ဌကထာ၏ နယူပဒေသနှင့်အညီ ဝတ္ထု, မာတိကာ,
ပဒဘာဇနီ, တိကပရိစ္ဆေဒ, အန္တရာပတ္တိ, အနာပတ္တိ တို့ကို
ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်သင့်သည် ထင်ပါသည်ဘုရား။

၂။ ။ ရဟန်းတော်များသည် ဒေါ်လာငွေတို့ကို
(ဒုတိယပါရာဇိကမှ လွတ်သည့်) တရားသော နည်းလမ်းဖြင့်
နိုင်ငံခြားမှ ရရှိခဲ့ပါလျှင် ထိုရဟန်းတော်က မပေးစွန့်သမျှ
(သို့မဟုတ်)ထိုရဟန်းတော် စုတိမကျ(မသေလွန်)သေးသမျှ
ဒေါ်လာငွေများသည်–

အဒိန္နံ နာမ ယံ အဒိန္နံ အနိဿဋ္ဌံ အပရိစ္စတ္တံ ရက္ခိတံ ဂေါပိတံ
မမာယိတံ ပရပရိဂ္ဂဟိတံ၊ ဧတံ အဒိန္နံ နာမ။ (ဝိ၊ ၁၊ ၅၇)

ဟူသော ပဒဘာဇနီနှင့်အညီ အာဒါန (အဝဟာရ) ကြိယာ၏
အာရုံဝတ္ထု မဟုတ်နိုင်ပါ၊ ရဟန်းတော်ပိုင် အတ္တပရိဂ္ဂဟိတ
သကသန္တကသာ ဖြစ်ပါသည်၊ ထိုဒေါ်လာငွေကို မှောင်ခိုဈေး၌

http://www.dhammadownload.com



က္ကမေဟိ စ ပန တီဟိ လက္ခဏေဟိ သမန္နာဂတေန ဝိနယဓရေန ဝတ္ထုဝိနိစ္ဆယတ္ထံ သန္နိပတိတေ သံဃေ ဩတိဏ္ဏေ ဝတ္ထုသ္မိံ စောဒကေန, စုဒိတကေန စ ဝုတ္တေ ဝတ္တဗ္ဗေ သဟသာ အဝိနိစ္ဆိနိတွာဝ ဆ ဌာနာနိ ဩလောကေတဗ္ဗာနိ” (ဝိ၊ ၅ ၊ ၁ ၊ ၂၀၁ )

၃။ ။ သို့ရာတွင် အုပ်ချုပ်သူ အာဏာပိုင်တို့က သူတို့အာဏာလွှမ်းမိုးရာ(တိုင်းပြည်, နယ်ပယ်)အတွင်း၌ “ဤအရပ်သို့ ဤမျှသော ဒေါ်လာငွေတို့ကို ယူဆောင်လာလျှင် ဤမျှသော အခွန်အတုတ်ကို ပေးဆောင်ရမည်”ဟုဥပဒေအာဏာ ထားရှိပါလျှင် ထို ဥပဒေနှင့်အညီ အခွန်အတုတ်ကို ပေးဆောင်ရမည် ဖြစ်ပါသည်၊ အခွန်အတုတ် မပေးဆောင်ပဲ အခွန်ထိုက်သည့် ဒေါ်လာငွေများကို အခွန်ကောက်ခံရာ (သုင်္ကဌာန)မှ လွှန်မြောက် အောင် ဆောင်ယူသွားပါလျှင်–

တတြ (သုင်္ကဌာနေ) ပဝိသိတွာ ရာဇဂ္ဂံ ဘဏ္ဍံ ပဉ္စမာသကံ ဝါ အတိရေကပဉ္စမာသကံ ဝါ အဂ္ဃနကံ ထေယျစိတ္တော အာမသတိ၊ အာပတ္တိ ဒုက္ကဋဿ။ ဖန္ဒာပေတိ၊ အာပတ္တိ ထုလ္လစ္စယဿ။ ပဌမံ ပါဒံ သုင်္ကဃာတံ အတိက္ကာမေတိ၊ အာပတ္တိ ထုလ္လစ္စယဿ။ ဒုတိယံ ပါဒံ အတိက္ကာမေတိ၊ အာပတ္တိ ပါရာဇိကဿ (ဝိ၊၁၊၆၄)။ဟူသော

http://www.dhammadownload.com



ပါဠိတော်,

ရာဇဂ္ဂေ ဘဏ္ဍာဂါရိကံ ရာဇာရဟံ (သုင်္ကရဟံ) ဘဏ္ဍံ။ ယတော ရညော ပဉ္စမာသကံ ဝါ အတိရေကပဉ္စမာသကံ ဝါ အဂ္ဃနကံ သုင်္ကံ ဒါတဗ္ဗံ ဟောတိ၊ တံ ဘဏ္ဍာဂါရိကံ အဝတ္ထား။--ထေယျစိတ္တောတိ "ဣတော ရညော သုင်္ကံ န ဒဿာမိ"တိ ထေယျစိတ္တံ ဥပ္ပါဒေတွာ တံ ဘဏ္ဍံ အာမသတိ၊ ဒုက္ကဋံ။---သုင်္ကဋ္ဌာနပရိစ္ဆေဒံ ဒုတိယံ ပါဒံ အတိက္ကာမေတိ၊ ပါရာဇိကံ။ (ဝိ၊ဋ္ဌ၊၁၊၃၁၄။) ဟူသော အဋ္ဌကထာတို့နှင့်အညီ ပါရာဇိက, ထုလ္လစ္စည်း, ဒုက္ကဋ်အာပတ်တို့ဖြင့် ထိုက်သင့်သလို ဆုံးဖြတ်ရမည်။

သို့သော်လည်း အခွန်အတုတ် မလွတ်ကင်းသည့် ဒေါ်လာငွေများကို အခွန်ကောက်ခံရာ(သုင်္ကဋ္ဌာန)မှ အခွန်မပေးဘဲ လွန်မြောက်သွားတိုင်း ဖော်ပြပါ အာပတ်တို့ဖြင့် ဆုံးဖြတ်ရမည် မဟုတ်ပါ၊ မှုခင်းဖြစ်ပုံ အခြင်းအရာ အားလျော်စွာ အာပတ်မှ လွတ်မြောက်နိုင်သော နည်းလမ်း ဥပါယ်များလည်း ရှိပါသည်၊ထို့ကြောင့် အဋ္ဌကထာ(ဝိ၊ဋ္ဌ၊ ၁၊ ၃၁၅)၌-

ဂစ္ဆန္တေ ယာနေ ဝါ အဿပိဋ္ဌာဒီသု ဝါ ဌပေတိ "ဗဟိ နီဟရိဿတီ"တိ၊ နီဟဋေပိ အဝဟာရော နတ္ထိ၊ ဘဏ္ဍဒေယျမ္ပိ န

http://www.dhammadownload.com



ဟောတိ၊ ကသ္မာ? "အတြ ပဝိဋ္ဌဿ သက်ံ ဂဏှန္တဿ" တိ ဝုတ္တတ္တာ ဣဒဥ္စ သက်ံဌာနဿ ဗဟိ ဋ္ဌိတံ၊ န စ တေန ဂိဟိတံ၊ တသ္မာ နေဝ ဘဏ္ဍာဒေယျံ န ပါရာဇိကံ။

အစရှိသည်ဖြင့် မိန့်တော်မူပါသည်၊ အခွန်မပေးဘဲ ရှောင်လွှဲရာ၌လည်း-

သုက်ံ ပရိဟရတိ ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊၁ ၊ ၆၄)

ဟူသော ပါဠိတော်,

သုက်ံ ပရိဟရတီတိ ဧတ္ထ ဥပစာရံ ဩက္ကမိတွာ ကိဉ္စာပိ ပရိဟရတိ၊ အဝဟာရော ယေဝါတိ ကုရုန္ဒဋ္ဌကထာယံ ဝုတ္တံ။ မဟာအဋ္ဌကထာယံ ပန " ပရိဟရန္တံ ရာဇပုရိသာ ဝိဟေဌေန္တီတိ ကေဝလံ အာဒီနဝံ ဒဿေတွာ ဥပစာရံ ဩက္ကမိတွာ ပရိဟရတော ဒုက္ကဋံ။ အနောက္ကမိတွာ ပရိဟရတော အနာပတ္တိ" တိ ဝုတ္တံ၊ ဣဒံ ပါဠိယာ သမေတိ၊ ဧတ္ထ ဒွိဟိ လေဍ္ဍုပါတေဟိ ဥပစာရော ပရိစ္ဆိန္ဒိတဗ္ဗော။(ဝိ၊ ဋ္ဌ ၊ ၁၊ ၃၁၆)

ဟူသော အဋ္ဌကထာနှင့်အညီ ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

၄။ ။ ဤမှုခင်း၌ "ဒေါ်လာငွေတို့ကို ကြေငြာရမည် ဖြစ်ပါလျက်, ကြေငြာရမည်ဟု ဥပဒေရှိပါလျက် မကြေငြာဘဲ

http://www.dhammadownload.com



ယူဆောင်သွားခြင်းသည်ပင် ခိုးမှု အဝဟာရ မဖြစ်ပါလော” ဟု စောဒနာဖွယ် ရှိပါသည်၊ သို့သော်လည်း သက်ဆိုင်ရာ တရားရုံးတော်က ထိုက်သင့်သော ဒဏ်ငွေကို တပ်ရိုက်သောအခါမှ ပေးဆောင်ရမည့် ဒဏ်ငွေသည် ရာဇာရဟ ရာဇဒေယျဘဏ္ဍာ ဖြစ်ပါသည်၊ တရားရုံးတော်က ဒဏ်ငွေ မတပ်ရိုက်မိသော်လည်းကောင်း, (သို့မဟုတ်) မတပ်ရိုက်သော်လည်းကောင်း ရာဇာရဟ ရာဇဒေယျဘဏ္ဍာ အဖြစ်သို့ မရောက်ပါ၊ ထိုသို့ မရောက်လျှင် အဝဟာရ မဖြစ်နိုင်ပါ၊ ဒဏ်ငွေ တပ်ရိုက်ရာ၌လည်း တရားဥပဒေနှင့်အညီသာ တပ်ရိုက်ရပါမည်၊ တရားဥပဒေမဲ့ တပ်ရိုက်ပါလျှင် သက်ဆိုင်ရာ အာဏာပိုင်များလည်း ပသယှာဝဟာရ ဖြစ်ပါမည်။

အကယ်၍သာ ရဟန်းတော်သည် ဒေါ်လာငွေများကို ဝိနည်းတရားတော်နှင့်အညီ ကပ္ပိယကာရကဖြင့် ခံယူခဲ့၍ ကပ္ပိယက အပ်စပ်သော ဝတ္ထုပြစ္စည်းများကို လဲလှယ်လှူဒါန်းပါလျှင် အပြစ်တစ်စုံတစ်ရာ မဖြစ်နိုင်ပါဘုရား၊ ဤအဆုံးအဖြတ်ကို

ပါဋ္ဌိံ အဋ္ဌကထဉ္စေဝ,သာဓိပ္ပါယမသေသတော။
ဩဂယှ အပ္ပမတ္တေန, ကရဏီယော ဝိနိစ္ဆယော။

http://www.dhammadownload.com



အာပတ္တိဒဿနုဿာဟော, န ကတ္တဗ္ဗော ကုဒါစနံ။
ပဿိဿာမိ အနာပတ္တိ-မိတိ ကယိရာထ မာနသံ။

ဟူသော အဋ္ဌကထာ အနုသာသနီ (ဝိ၊ဋ္ဌ၊ ၁၊ ၃၄၆)နှင့်အည
လျှောက်ထားတင်သွင်းရခြင်း ဖြစ်ပါသည်။

ရဟန်းကောင်း ရဟန်းမြတ်တစ်ပါးအနေဖြင့်မူ-

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခ
သိက္ခာပဒေသု။ (အံ၊၁၊ ၆၅)-စသည်တို့နှင့်အညီ ဥပ
မလွတ်ကင်းသည့် ပြစ်မှုမျိုးကို တစ်စိုးတစ်စိ မပြုမိအော
ရှောင်ကြဉ်သင့်ပါသည်။

အချို့ပုဂ္ဂိုလ် တို့က-

ဝိနယဝိနိစ္ဆယေ ဟိ အာဂတေ ဂရုကေ ဌာတဗ္ဗံ၊ ဧသ
ဝိနယဓမ္မတာ။ (ဝိ၊ ဋ္ဌ၊ ၁၊ ၂၇၆)

နှင့်အညီ ဂရုကဉ္စ တည်၍ ဆုံးဖြတ်သင့်သည်ဟု ယူ
ကောင်းယူဆကြပါလိမ့်မည်၊ အရာခပ်သိမ်းဝယ် ဂရုကဉ္စ တည်
မဆုံးဖြတ်သင့်ကြောင်းကို ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်ဘုရ
ငယ်ရွယ်စဉ်က ဆုံးဖြတ်တော်မူခဲ့သည့် စောရာဝဟဋ္ဌဝိနိစ္ဆယ (လ
ရေးမှု)မှ သုံးသပ်ချက်အချို့ကို ဆက်လက်လျှောက်ထား လိုပါသ
ဘုရား။

http://www.dhammadownload.com



## စောရာဝဟာရဝိနိစ္ဆယ

၅။ ။ ဤအရာ၌ သူခိုး ခိုးသွားသောပစ္စည်းကို
မူလပိုင်ရှင်နှင့်သူခိုး မည်သူ စိုးပိုင်သည်ကို ရှေးဦးစွာ စိစစ်သင့်၏၊
အများအားဖြင့် "သူခိုးလက်ရောက်ပြီးပစ္စည်း သူခိုးတစ်ဦးတည်း
ပိုင်ဖြစ်ပြီ"ဟု သာမညဆုံးဖြတ် အမှတ်ပြုကြ၏၊ အချို့ကလည်း
ဏ္ဍဒဋ္ဌ ကာသာဝံ အတ္တနော သန္တကံ ကတွာ ဧတသောဝ
တိက္ခုနော ဒေဟိ (ဝိ၊၌၊၁၊၂၆၆)။ ဟု နိရာလယ မူလပစ္စည်းရှင်နှင့်
ထေယျစိတ္တကသူခိုး နှစ်ဦးနှစ်ဝ စိတ်အေးကြရန် စီမံသော ဝိနိစ္ဆယ
အဋ္ဌကထာလာဝတ္ထုကို ထောက်ဆ၍ ပစ္စည်းရှင်က အာလယ
ပြတ်ပြီးလျှင် သူခိုးတစ်ဦးတည်းပိုင် ဖြစ်သည် ဟုဆိုကြ၏။
အချို့ကလည်း--

ဘဏ္ဍာဒေယျန္တိ ဥဘိန္နံ သာလယဘာဝေ သတိ စောရဿ ဝါ
သာမိကဿ ဝါ သမ္ပတ္တဿ ကဿစိ ဒါတုံ ဝဋ္ဋတီတိ ဝဒန္တိ-

ဟူသော သာရတ္ထ ဝဒန္တိဝါဒ (သာရတ္ထ၊ ၂၊ ၁၆၄)ကို
ထောက်ဆ၍ နှစ်ဦးလုံး အာလယရှိသည့်အရာ ဒွိသန္တက၊
နှစ်ဦးလုံးပြတ်သည့် အရာ အဿာမိက ဟုဆိုကြ၏။ အမှန်ကား-

http://www.dhammadownload.com



ဘဏ္ဍာဒေယျန္တိ ဥဘိန္နံ သာလယဘာဝေပိ စောရဿ အဒတ္တ
သာမိကဿေဝ ဒါတဗ္ဗံ၊ စောရေနာပိ သာမိကဿေဝ ဒါတဗ္ဗတော
ဟူသော ဝိမတိဋီကာ (၁၊ ၂၀၂ )

ဓုရနိက္ခေပံ ကတွာပိ စောရေဟိ အာဟဋံ စောဒေတွ
ဂဏှတော အနာပတ္တိတိ ဒီပိတံ ဟောတိ။ ဟူသော ဝဇိရဗုဒ္ဓိဋီက
(၁၃၁) တို့နှင့်အညီ

သူခိုးနှင့်ပစ္စည်းရှင် မည်သူကပင် အာလယကပြတ်စေကာ
ပြန်၍ ယူနိုင်,မူလပစ္စည်းရှင်သာ ပိုင်ဆိုင်၏၊ ပရိဂ္ဂဟိတအားဖြင့်ကာ
တစ်ဦးဦးက အာလယရှိမူ အာလယရှိသူ၏ ပရိဂ္ဂဟိတ, နှစ်ဦးလုံ
အာလယရှိမူ နှစ်ဦးပရိဂ္ဂဟိတ ဖြစ်၏၊ ၎င်းကို ထေယျစိတ်ဖြ
အခြားသူ ယူက ဒုတိယသိက္ခာပုဒ်ဖြင့် အပြစ်သင့်၏၊ နှစ်ဦးလုံးအ
လယပြတ်က အပရိဂ္ဂဟိတ ဖြစ်၍ ထေယျစိတ်ဖြင့် တစ်ဆင့်ခိုးသေ
လည်း ဒုတိယသိက္ခာပုဒ်ဖြင့် အပြစ်မရှိ၊ ထေယျစိတ်အတွက် ဒုက္က
အာပတ်သာ သင့်၏။ ပံသုကူလသညာဖြင့် ယူသော်လည်းကောင်း
မူလဥစ္စာရှင်အား ပြန်ပေးရန် ယူသော်လည်းကောင်း ယူခြင်းကြေ
အပြစ်မရှိ၊ ဘဏ္ဍာဒေယျဖြစ်၍ နှစ်ဦးစုံ ဓုရနိက္ခေပ ပြုသည့်အခါ
ပါရာဇိက အာပတ်သင့်၏။ မူလ ပစ္စည်းရှင်ကိုယ်တိုင် ပြန်ယူမှုကာ

http://www.dhammadownload.com



အထင်များ၍ ထေယျစိတ်ဖြင့်ယူလျှင် ဒုက္ကဋ် အာပတ်မှတစ်ပါး ခြား အပြစ် တစ်စုံတစ်ရာမရှိ။

၆။ ။ ရှေးအခါ မန္တလေးမြို့တော်၌ အရေးတော်ဖြစ်စဉ် ူခိုး ခိုးယူပေါင်နှံထားသော စာထုပ်များကို စာထုပ်ရှင်များကလိုက်၍ ရွေးယူကြရာ စံကျောင်းဆရာတော်ကြီးက "ကိုယ့်ပစ္စည်းကို ငွေကုန် ပြီး ရွေးနေဖွယ် မရှိ၊ တွေ့မိသူထံက ပြန်ယူနိုင်သည်"ဟု မိန့်တော်မူ သောဟူ၏၊ ငါတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ငယ်ရွယ်စဉ် ရွကျင်တိုက်မကြီး၌လည်း ပစ္စည်းများကို သူခိုးခိုးသွား၍ အများ င်းလိုက်ကြရာ မန္တလေးတောင် ခုလတ်တွင် သူခိုးကို ပစ္စည်းနှင့်တကွ ါသော်လည်း "အတင်းလုယူက ပသယှာဝဟာရ၊ တောင်းယူက ညာတကဝိညတ္တိ ဖြစ်မည်"ကြောင့်ကြ၍ ဘာမှ မယူ ရန်မမူဘဲ ပြန်လာကြရာ ငါတို့ ကျေးဇူးရှင်ဆရာတော်ကြီးက "ကိုယ့်ပစ္စည်း ပုံးအောင်ဘဲ ကုက္ကုစ္စ လွန်ကဲကြသည်"ဟူ၍ ပြောလိုက်ရကြောင်း ိန့်တော်မူဖူး၏။

ယခု လျှောက်လွှာပါ ကြိမ်မန်းရိုက်မည့်ဟန် စီမံသော ရဟန်း, ခလိုတူ၍ ကူညီညာလိုင်း ဝိုင်းဝန်းပြောဆိုသော ရဟန်းများသည်

http://www.dhammadownload.com



မူလပစ္စည်းရှင်အား သူ့ပစ္စည်း သူပြန်ရရန် စီမံပေးကြသည်ဖြစ်
ဒုတိယသိက္ခာပုဒ်ဆိုင်ရာ ဘာအပြစ်သို့မှ မရောက်ကြ။

၇။ လျှောက်ထားတင်သွင်းခဲ့သော စည်ရှင်ဆရာတေ
ဘုရား၏ သုံးသပ်ချက်များကို ထောက်ရှုက အရာရာ၌ အလေးဖ
တည်ကာ မဆုံးဖြတ်သင့်ကြောင်း ထင်ရှားလှပါသည်ဘုရား။

"ဒါ လောက်တောင် လေးချင်ရင် ခေါင်းပေါ်မှာ ကျောက်ခဲပြ
တင်ထား ပေါ့"ဟူသော မြောင်းမြဆရာတော်ကြီးထံမှ တစ်ဆ
ကြားသိရသည့် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး
မိန့်ခွန်းတော်ကိုလည်း နှလုံးသွင်း သင့်သည်ဟု ထင်မြင်ပါသ
ဘုရား။

အထူးအားဖြင့် မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတို
အမရပူရကျောင်း ဆရာတော် ဦးဥက္ကံသဘိဝံသ
ဝိမတိစ္ဆေဒနီကျမ်း သုက်ဃာတာဒိ ဝိမတိစ္ဆေဒနီ (နှာ၊ ၁၉၁) ကိုလ
ကြည့်ရှုသင့်သည် ဟု ထင်မြင်ပါသည် ဆရာတော်ဘုရား။

ဆရာတော်ဘုရား သက်တော်ရာကျော် ရှည်တော်မူ၍ သာ
နာတော်ကြီး ဆက်လက် တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်တေ

http://www.dhammadownload.com



င်ပါစေဘုရား။

တပည့် – အဂ္ဂညာနာဘိဝံသ

ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်

အနောက်တောင်မြို့နယ်

မန္တလေး

http://www.dhammadownload.com



# သပြေကန်ဆရာတော်ကြီးနှင့် ဩစတြေးလျမှ အရှင်ပညာသာမိ

(အရှင်ပညာသာမိနှင့် အရှင်မုနိကတို့ မေး၍ သပြေကန်ဆ
တော်ကြီး ဖြေထားသည်တို့ကိုလည်း ဖော်ပြလိုက်ပါသည်။)

ဩစတေးတြေးလျမှ အမိမြန်မာပြည်သို့ ခေတ္တပြ
ကြွလာသည့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ နာယ
အရှင်ပညာသာမိသည် နက်ဖြန် (၁၅–၄–၉၃)နေ့တွင် ပဏ္ဍိတာရာ
ရွှေတောင်ကုန်း သာသနာ့ ရိပ်သာဆရာတော်ကြီးနှင့်အတူ အမေရိက
ကနေဒါ, ဂျာမနီ, ပြင်သစ်နိုင်ငံတို့သို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခ
ထွက်ပါတော့မည်၊ အရှင်ပညာသာမိသည် အမေရိက, အင်္ဂလ
ဩစတေးတြေးလျ, နယူးဇီလန်, မလေးရှား, စင်္ကာပူ, နီပေါ
သီရိလင်္ကာစသော နိုင်ငံတို့သို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခ
ကြွခဲ့ပေါင်းများလှလေပြီ၊ ပြည်ပ၌ ပြည်ပသားတို့အား သတိပဋ္ဌာ
ဓမ္မဂုဏ်ရည်များကို ပြသပေးခဲ့သည်မှာ နှစ်ပေါင်း (၁၀)နှစ်ပ
ကြာခဲ့လေပြီ၊ အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာခိုက
သပြေကန်ဆရာတော်ကြီးအား သူသိလိုသော အချက်များက

http://www.dhammadownload.com



မ်းလျှောက်လိုခြင်း၊ သပြေကန်ဆရာတော်ကြီးထံမှ အဆုံးအမ
ဝါဒများကို ခံယူလိုခြင်းတို့ကြောင့် သပြေကန်ဆရာတော်ကြီး
ံမှောက်သို့ (၁၄–၄–၉၃) နေ့ ည(၈)နာရီ (၃၀)မိနစ်ခန့်က
ရှင်မုနိက (မန္တလေးမှ ချမ်းမြသာစည်ကျောင်းဆရာတော်),
ရေးသူတို့နှင့်အတူ သွားရောက်ခဲ့ပါသည်။

ပုဗ္ဗန်တောင်မြို့နယ် ရွှေကျင်ကျောင်းတိုက်အတွင်းရှိ
ရာတော် ကြီး သီတင်းသုံးတော်မူရာ "သာဓုဇနာနန္ဒ" အမည်ရှိသော
ကျောင်းတော်တံခါးကို ပိတ်ထားလေပြီ၊ ထိုကျောင်းတိုက်အတွင်းရှိ
ခြားကျောင်းဆောင်တို့၌မူ သံဃာတော်တို့ကို လှမ်းမြင်ရပေ၏၊
ိုသံဃာတော်တို့ထဲမှ ရဟန်းတော်လေးတစ်ပါးက ကြွလာပြီး
ကျောင်းတော်တံခါးကို ဖွင့်ပေးကာ ဆရာတော်ကြီး သီတင်းသုံး
တော်မူရာ စံကျောင်းတော်အပေါ်ထပ်သို့ ခေါ်ဆောင်သွားပါသည်၊
ပေါ်ထပ်ရှိ ဆရာတော်ကြီး၏ အခန်းတံခါးကို ပိတ်ထားပြန်လေ၏၊
ခန်းတံခါးကို ထိုရဟန်းတော်လေးက (၃/၄)ခါလောက် ခေါက်မှ
ရာတော်ကြီးတံခါးကို ဖွင့်ပေးလာလေ၏၊ ဆရာတော်ကြီးက
ခန်းထဲသို့ ကြွလာကြရန် မိန့်တော်မူသဖြင့် အခန်းထဲသို့ဝင်ကာ
န်တော့ခဲ့ကြပါ၏၊ အရှင်ပညာသာမိက ဆရာတော်ကြီးအား

http://www.dhammadownload.com



စာကြည့်မှန်ဘီလူးတစ်ခု, ခေါင်းရိုပ်စက်တစ်လုံး, ကြက်သွန်ဖြူဖြ
ပြုလုပ်ထားသည့် ပြည်ပဖြစ် ဆေးတစ်မျိုးတို့ကို လှူဒါန်းပြီ
ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏ အလှူဖြစ်သေ
"Sheaffer" ဘော်လ်ပင်တစ်ချောင်းကိုလည်း လှူဒါန်းလိုက်ပါသည်

ဆရာတော်ကြီး၏ အခန်းရှိ တံခါးအားလုံးကို ပိတ်ထားလေ၏
လေအေးစက်ကိုကား ဖွင့်ထားပေ၏၊ သို့သော် အခန်းထဲမှာကာ
မအေးလှပေ၊ အခန်းတွင်းမှာ လှောင်ကာ ပူလျက်ရှိနေလေ၏
ဆရာတော်ကြီး၏ အသက်ရှူသံမှာ ပြင်းနေ၏၊ နှာခေါင်းပိတ
နေလေသည်၊ သတိတွေ မေ့မေ့လာလို့ ဦးနှောက်ကြည်ဆေးတွေက
ဆရာဝန်က စားခိုင်းထားလို့ အဲဒီဆေးတွေကြောင့် နှာခေါင်းတွေ
ပိတ်နေသည်-ဟု မိန့်တော်မူ၏၊ ဆရာတော်ကြီးမျက်နှာတော်မှ
အရင်တစ်ခေါက် ဖူးမြော်ရတုန်းကလောက် လန်းဆန်းမှုမရှိ
ညှိုးနွမ်းနေပါ၏၊ သင်္ကြန်တွင်းမို့ လာရောက်ဖူးမြော်ကြသည်
ပရိတ်သတ်တို့အား ဟောရပြောရများသဖြင့် ပင်ပန်းတော်မူနေ
ရပါ၏၊ ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုးကား ရှိပါ၏။

ဆရာတော်ကြီး၏ အခြေအနေကို အရှင်ပညာသာမိက အဂ
ခတ်နေလေပြီ၊ ဆရာတော်ကြီးက နှုတ်ဆက်စကား မိန့်ကြားပြီးနောက

http://www.dhammadownload.com



ဂိတ်ဆိတ်နေလေ၏၊ ထို့ကြောင့် အရှင်ပညာသာမိက သူမေးရန် ည်ရွယ်ခဲ့သော မေးခွန်းတွေကို မေးဖို့ ပါးစပ်ပြင်နေလေပြီ၊ မေးဖို့ ချိန်တန်ပြီဟု ယူဆကာ လက်အုပ်ချီလိုက်လေ၏။

"သီရိလင်္ကာမှာ တပည့်တော် နေခဲ့စဉ်က တွေ့ကြုံခဲ့ရတဲ့ ရသိမ်ကိစ္စအကြောင်း မေးမြန်းလျှောက်ထားခွင့် ပြုတော်မူပါဘုရား"- ဲ့။

ကျိန်းစက်ရာ ခုတင်ခေါင်းရင်းပိုင်း၏ မြောက်ဘက်တွင် ပ်လျက်ခင်းထားသည့် သံကုလားထိုင်လေးပေါ် ထိုင်နေသော ရာတော်ကြီးသည် ပြုံးရယ်တော်မူကာ "မေးပါ၊ မေးပါ" ဟု န့်တော်မူ၍ ခွင့်ပြုလိုက်သောအခါ အရှင်ပညာသာမိက ဤသို့ မေးလျှောက်လိုက်ပါသည်။

မေး။ ။ ရေသိမ်အတွင်း ကမ္မဝါစာဖတ်သည့်အခါမှာ ရထဲကို ဆင်းပြီး ဖတ်မှသာ ကံမြောက်ပါသလားဘုရား၊ ရေထဲ ဆင်းပဲ ရေစပ်မှာ ဖတ်ရင်ကော ကံမမြောက်နိုင်ပါလား ဘုရား။

ဖြေ။ ။ မိုးတွင်းလေးလ ရေရှိနေတဲ့ နေရာမျိုးဆိုရင် ရထဲဆင်းပြီးလဲ ဖတ်နိုင်ပါတယ်၊ လှေအစရှိတဲ့ အရာဝတ္ထု တစ်ခုခု ပေါ်လဲ ဖတ်နိုင်ပါတယ်၊ မိုးတွင်းလေးလ ရေရှိတဲ့ မြစ်ချောင်းစတဲ့ နေရာမျိုးဖြစ်ရင် ကမ္မဝါစာဖတ်တဲ့အခါ ရေရှိမနေသော်လည်း အဲဒီမြစ်

http://www.dhammadownload.com



ချောင်းစသည် ထိုထိုနေရာမှာ နေကာ ဖတ်နိုင်ပါတယ်။

အရှင်ပညာသာမိက မေးသဖြင့် ဆရာတော်ကြီးက ဖြေ
သောအခါ သီရိလင်္ကာ၌ သိမ်နှုတ်ကိစ္စ ဆောင်ရွက်ခဲ့ရစဉ်
သီရိလင်္ကာရဟန်းတော်တို့ ကမ္မဝါစာဖတ်ကြပုံနှင့် စပ်၍ မေးခွ
တစ်ခုကို အရှင်ပညာသာမိက ထပ်မေးလာပြန်ပါသည်။

မေး။ ။ သီရိလင်္ကာမှာ သိမ်နှုတ်ကိစ္စအတွက် ကမ္မ
စာ ဖတ်ကြတဲ့ သီရိလင်္ကာရဟန်းတော်များဟာ ကမ္မဝါစာကို မတ်တ
ရပ်ပြီး ဖတ်ကြပါတယ် ဘုရား၊ အဲဒါကိုရော ဘယ်လိုသဘောရ
သလဲဘုရား။

ဖြေ။ ။ မတ်တပ်ရပ်ပြီး ဖတ်တာကတော့ အကြော
မဟုတ်ပါဘူး၊ မတ်တပ်ရပ်ပြီး ဖတ်ဖတ်, ထိုင်ပြီး ဖတ်ဖတ် ဌာန်
ကရိုဏ်းမှန်ဖို့ကသာ အရေးကြီးပါတယ်။

အရှင်ပညာသာမိသည် သီရိလင်္ကာရဟန်းတော်များ ကမ္မဝါ
ဖတ်ပုံကို အားမလိုအားမရ ဖြစ်နေပုံပေါ်ပါသည်၊ ထို့ကြောင့် ထိုကိ
နှင့်ပတ်သက်၍လည်း ဤသို့ မေးလျှောက်ပြန်ပါသည်။

မေး။ ။ သီရိလင်္ကာမှာ ရဟန်းတော်များ ကမ္မဝါ
စာဖတ်တဲ့အခါ ဌာန်, ကရိုဏ်းကို အလေးပြုတဲ့သဘော မသ
ရောက်ပဲ ရိုးရိုး စာဖတ်သလိုနဲ့ ခပ်မြန်မြန် ဖတ်သွားကြပါတယ်၊

http://www.dhammadownload.com



ဲဒါကိုကော ဘယ်လိုသဘောရပါသလဲဘုရား။

ဖြေ။ ။ မြန်မာတို့အနေနဲ့ ဖြည်းဖြည်း ဖတ်မှ ဌာန်, ါရိုဏ်း ကျတယ်လို့ သိနေတာ ဖြစ်ပေမယ့် သီရိလင်္ကာတွေကတော့ ူတို့ရဲ့ သင်္ကေတ, သူတို့ရဲ့ သဘာဝနဲ့ မြန်မြန် ဖတ်သော်လည်း ာန်, ကရိုဏ်းကျအောင် ဖတ်တာ ဖြစ်မှာပါ၊ ဌာန်, ကရိုဏ်း ျတယ်လို့ သိထားမှာ ဖြစ်တာမို့ မှန်ကန်တယ်လို့ပဲ ထင်ပါတယ်။

အရှင်ပညာသာမိသည် နိုင်ငံပေါင်းများစွာသို့ ရောက်ခဲ့လေ ပဖြင့် အတွေ့အကြုံတွေ များလှလေ၏၊ သူ့စိတ်ထဲတွင် ဘဝင်မကျ ဖြစ်ခဲ့ရသော အကြောင်းအရာတို့ကို ဆရာတော်ကြီးနှင့် တွေ့လျှင် မေးမည်ဟု တေးထားခဲ့ရာ မေးခွင့်ကြုံနေသဖြင့် ထိုင်းနိုင်ငံမှ အတွေ့ ကြုံတစ်ခုကိုလည်း မေးလျှောက်လိုက်ပြန်ပါသည်။

မေး။ ။ ထိုင်းနိုင်ငံမှာ သိမ်သမုတ်တာ တစ်ခုကို တွေ့မိပါတယ်ဘုရား၊ သူတို့ သိမ်သမုတ်ပုံက–သိမ်သမုတ်မယ့် နေရာရဲ့ အလယ်ခေါင်မှာ ကျင်းကြီးတစ်ကျင်း တူးထားပါတယ်၊ အဲဒီကျင်းကြီးထဲမှာ အိုးကြီးတစ်လုံး ထားပြီး အဲဒီအိုးကြီးထဲမှာ ရေထည့်ကာ သိမ်သမုတ်တာ တွေ့ရပါတယ်၊ အဲဒါကိုတော့ ဘယ်လို သဘောရပါသလဲဘုရား။

http://www.dhammadownload.com



ဖြေ။ ။ ဘေးဖက် တစ်ခြားနေရာတွေမှာ သိမ်နိမိ
တွေ ရှိနေအုံးမှာနဲ့ တူပါတယ်ဟု ဆရာတော်ကြီးက အမိန့်ရှိလိုက်သေ
အခါ အရှင်ပညာသာမိက "မရှိပါဘုရား" ဟု ဖြေလိုက်ပါသည်
"အဲဒီသိမ်သမုတ်ပွဲမှာ ဦးပညာသာမိ ကိုယ်တိုင်ကော ပါဝင်ခဲ့ရပ
သလား"ဟု ဆရာတော်ကြီးက မေးသောအခါ အရှင်ပညာသာမိက
"အဲဒီလိုတော့ မပါခဲ့ပါဘုရား၊ မပါပေမယ့် အဲဒါကိုတော့
သေသေချာချာ သိခဲ့ရပါတယ်ဘုရား" ဟု လျှောက်ထားလေ၏။

ဖြေ။ ။ အဲဒါကတော့ အသိရခက်ပါတယ်၊ စာတွေထဲ
မှာတော့ မတွေ့မိဖူးပါဘူး၊ သူတို့ ဘယ်လိုအစီအစဉ်, ဘယ်လို အသိ
ဘယ်လိုအယူအဆနဲ့ သမုတ်တယ်တော့ မပြောနိုင်ဖူးပေါ့
မန်လည်ဆရာတော်ကြီး အမိန့်ရှိတယ်လို့ ကြားနာမှတ်သားရဖူးတဲ့
ရှေးတုန်းက ရှမ်းပြည်ဖက်က ရဟန်းတော်တွေ ကထိန်ခင်းကြတာ
လိုလဲ ဖြစ်နေပါအုံးမယ်၊ သူတို့ ကထိန်ခင်းကြတဲ့ အခါ
နှစ်ထပ်သင်္ကန်းကြီးကို ဖြန့်ပြီး အဲဒီနှစ်ထပ်သင်္ကန်းကြီးပေါ် တက်ကာ
ကမ္မဝါစာ ဖတ်ပြီး ကထိန်ခင်းကြတယ်–တဲ့၊ အခုလဲ ထိုင်းနိုင်ငံက
ကိုယ်တော်တွေ သိမ်သမုတ်တာက အဲဒီလို ဖြစ်နေတာပေါ့။

မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်အနီးရှိ "ချမ်းမြသာစည်

http://www.dhammadownload.com



ကျောင်းတိုက်”တွင် ကျောင်းထိုင်ဖြစ်ပြီး၍ မကြာသေးသော ဆရာတော်
သား အရှင်မုနိကာ၏ သိမ်ကျောင်း အဆောက်အဦးမှာ ကျဉ်းလျက်
နေလေ၏–တဲ့၊ သူ့သိမ်၌ အတွင်းသိမ်တိုင်နှင့် အပြင်သိမ်တိုင်ဟူ၍
ိုင်(၂) မျိုးဖြင့် ပိုင်းခြားထားသော အပိုင်းအခြား (၂)မျိုး ရှိနေလေ၏၊
ပြင်သိမ်တိုင်အထိ အဆောက်အဦးကို တိုးချဲ့၍ ဆောက်လို့ ရနိုင်,
ရနိုင် သိချင်နေလေ၏၊ ပိဋကစာပေ တတ်ကျွမ်းလှသော
ဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးထံ ရောက်ခိုက်
ိုက်ရောက်လာသည့် အခွင့်ကောင်းကို သူသည် လက်လွတ်
ခံလိုပေ၊ ထို့ကြောင့် အရှင်ပညာသာမိ မေးပြီးချိန်ကို စောင့်နေလေ၏၊
ရှင်ပညာသာမိ မေးလျှောက်စရာများ ကုန်သွား၍ အရှင်မုနိက
မေးဖို့အလှည့်ရောက်လာလေပြီ။

မေး။ ။ အတွင်းသိမ်တိုင်ကို အပြင်သိမ်တိုင်နားသို့
ပြောင်းရွှေ့ပြီး အဆောက်အဦးကို တိုးချဲ့ဆောက်လျှင် ဖြစ်နိုင်ပါ
လားဘုရား။

ဖြေ။ ။ ယခင် အုတ်လှေခါးကဲ့သို့ အုတ် ကျောက်
သည် ဖြစ်လျှင် ဗဒ္ဓသိမ်ပေါ် ရောက်သော်လဲ ဘူမိဂတိကဖြစ်၍
ပြစ် မရှိ၊ သစ်သား စသည်ဖြစ်လျှင် ဗဒ္ဓသိမ်ပေါ် ရောက်ခြင်း

http://www.dhammadownload.com



ကြောင့် သမေဒ ဖြစ်၏။ ဂါမနှင့်စပ်ခြင်းကြောင့်ကား အပြစ်မရှိ

**မေး**။ ။ လျှပ်စစ်ဓာတ်ကြိုးတစ်ခုကို သိမ်နိမိတ်အပြင်ဘက်ကနေ မြေကြီးထဲ မြှုပ်ထားပြီး သိမ်နိမိတ်အတွင်းသို့ သွယ်ယူရင် သင့်ပါသလားဘုရား။

**ဖြေ**။ ။ တချို့က ဘူမိဂတိက (မြေကြီးထဲမြှုပ်သွယ်ထားတာ ဖြစ်လို့ မြေကြီးနဲ့ အလားတူပင်)ဖြစ်လို့ သင့်တယ် အယူရှိပြီး သွယ်ထားကြပါတယ်၊ သင့်ဖွယ်ရှိပါတယ်၊ တချို့ကတော့ ဤအချက်ကို မသင့်ဘူးလို့ အယူရှိနေကြပါတယ်။

**မေး**။ ။ သိမ်အတွင်းရှိ ကျောင်းဆောင်မှ အုတ်လှေခါးဟာ မြေကြီးနှင့်ဆက်စပ်ပြီး သိမ်နိမိတ်အပြင်ဖက်သို့ ထွက်နေရင် သင့်ပါသလား, အပ်ပါသလား။

**ဖြေ**။ ။ အုတ်လှေခါးက ဘူမိဂတိကဖြစ်၍ ဗဒ္ဓသိမ်ပေါ်ရောက်သော်မှ အပြစ်မရှိ ဟု ဆရာတို့ ဆိုကြ၏၊ ဂါမနှင့်စပ်ရာမှာ ဆိုစရာ မရှိ။

အရှင်ပညာသာမိနှင့် အရှင်မုနိကတို့လည်း မေးချင်တာတွေ မေးရလို့ အားရကျေနပ်နေကြကုန်လေပြီ၊ ထိုသို့ အားရကျေနပ်ဖွယ် ကောင်းလောက်အောင် အဖြေပေးနိုင်တဲ့ ဆရာတော်ကြီး၏ ပညာစွမ်းအားနှင့် လိုက်လိုက်လှဲလှဲ ထက်ထက်သန်သန်ဖြင့်

http://www.dhammadownload.com



ို လိုလားလား လေးလေးစားစား ဖြေကြားပေးတော်မူသော ရာတော်ကြီး၏ မေတ္တာစွမ်းအား, ကရုဏာစွမ်းအားတို့ကို ြည်ညိုခွင့် ရခဲ့လေပြီ။

အရှင်ပညာသာမိအဖို့ အလွန့်အလွန် ရခဲသော အခွင့်အရေး ကာင်း တစ်ခု ဖြစ်ပါ၏၊ နောင်အခါတွင် ဤကဲ့သို့ လွယ်လွယ်ကူကူ င့် အခွင့်ကောင်း ရဖို့ နှစ်ပေါင်းမည်မျှ စောင့်စားနေရအုံးမည် မသိ၊ ို့ကြောင့် သူ့အား ဩဝါဒစကား မိန့်ကြားပေးဖို့လည်း လျှောက် ားပြန်လေသည်။

“အင်း––မဟာစည်ဆရာတော်ကြီးဟာ သူ့ဝိပဿနာရှုနည်း ျမ်းကြီးကို ဗုဒ္ဓစကားတွေနှင့်အညီ အခိုင်အမာ တည်ဆောက် ွားတယ်။”

“ဦးပညာသာမိတို့လည်း ဝိနည်းဖက်မှာရော, ကမ္မဋ္ဌာန်း သရာမှာပါ အကောင်းဆုံး ဖြစ်အောင် ကြိုးစားကြပါ၊ အကောင်းဆုံး ဖြစ်နိုင်တောင် မမှားအောင်တော့ ဂရုစိုက်ကြပါ၊ ရောက်လေရာ ပြင်ပဗဟုသုတတွေကိုလဲ ရအောင် ဆည်းပူးကြပါ၊ ဝိပဿနာ ရား ပြသလိုလျှင် မဟာစည်ဆရာတော်ကြီး ရေးသားထားတဲ့ ပဿနာ ရှုနည်းကျမ်း (၂)အုပ်ကိုတော့ ကျေပွန်အောင် ့လာထားကြဖို့ လိုအပ်ပါတယ်။”

http://www.dhammadownload.com



ဆရာတော်ကြီးထံမှ ဩဝါဒ ရေစဉ်ရေအေးတို့ကို သောက်သုံ ခွင့် ရရှိသော အရှင်ပညာသာမိသည် ဆရာတော်ကြီး၏ ခြေတော် အစုံကို ဦးတိုက်ကန်တော့ကာ ပြန်လာခဲ့ရသော်လည်း ဆရာတော်ကြီး ၏ အဖြေစကားတို့နှင့် ဩဝါဒစကားတို့ကို အမေရိက, ကနေဒါ, ဂျာမနီ, ပြင်သစ်နိုင်ငံတို့သို့ ရောက်သွားသည့်တိုင် သူ့နားထဲတွင် ကြားယောင်နေမည်မှာ မလွဲပါပေ။

သာမဏေကျော်

http://www.dhammadownload.com


http://www.dhammadownload.com

# ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်

မေး၍

သပြေကန် ဆရာတော်ကြီး

ဖြေသည်




သာမဏေကျော်

စုစည်းပူဇော်သည်

သာသနာနှစ်-၂၅၅၄ မြန်မာနှစ်-၁၃၇၂ ခရစ်နှစ်-၂၀၁၀

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် --၁၁၉ /၀၁/(ပုံနှိပ်) သသန-၁၀

အကြိမ် - တတိယအကြိမ်

ခုနှစ် - ၂၀၁၀ခု၊ အောက်တိုဘာလ

ပုံနှိပ်သူ - ဦးအေးမြင့် (၀၃၃၄၂)
"သင်း"ပုံနှိပ်တိုက်

စီစဉ်သူ - ဒေါ်ဂန္ဓသောဘာ

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သပြေကန်ဆရာတော်ကြီးနှင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် | ၁ |
| ၂။ | မွေးလွန်းသည့်ပန်း | ၉ |
| ၃။ | ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်မေး၍ သပြေကန် ဆရာတော်ကြီးဖြေသည် | ၁၇ |
| ၄။ | သက်သတ်လွတ်စားခြင်းသာ မြတ်သလော | ၂၁ |
| ၅။ | မာဂဏ္ဍီ၏ မိဘနှစ်ပါးကို တရားထူး ရစေသည့် တရားသည် သမီးမာဂဏ္ဍီ အဖို့မူ အဘယ့်ကြောင့် ဒေါပွစရာ ဖြစ်ရပါသနည်း | ၂၅ |
| ၆။ | အရှင်မောဂ္ဂလာန်မထေရ် နန္ဒောပနန္ဒနဂါး မင်းကို နှိမ်နင်းဆုံးမရာ၌ အရှင်မောဂ္ဂလာန် မှာ အပြစ် ရှိ – မရှိ | ၃၁ |
| ၇။ | သီဟသေနာပတိနှင့် အချို့ပုဂ္ဂိုလ်တို့၏ သံသယ | ၃၅ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | မိဂါရသူဌေးက ဝိသာခါ နို့ ကို စို့-မစို့ | ၄၁ |
| ၉။ | ဝိသာခါကို ဘုရားရှင် မိန့်တော်မူသည် ဆိုသော စကားတစ်ရပ်ကို စိစစ်ချက် | ၄၅ |
| ၁၀။ | နိုင်ငံခြား ရဟန်းတော်များနှင့် ဒေါ်လာကိစ္စ | ၅၁ |
| ၁၁။ | သပြေကန်ဆရာတော်ကြီးနှင့် ဩစတြေးလျမှ အရှင်ပညာသာမိ | ၇၁ |

http://www.dhammadownload.com



# သပြေကန်ဆရာတော်ကြီး နှင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်

သပြေကန် ပရိတ်ကြီးနိဿယသစ်ကို ရေးသားပြုစုတော်မူခဲ့သော ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသကို ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသသည် ပြည်ပသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး ကြွခါနီးအချိန်နှင့် ထိုခရီးမှ ပြန်ကြွလာရာအချိန်တို့၌ ဖူးမြော်ကန်တော့ခြင်း, သပြေကန်ဆရာတော်ကြီး၏ ကျန်းမာရေးအတွက် လိုအပ်ရာရာ ဆေးပစ္စည်းများနှင့် အခြားလိုအပ်ရာရာ ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခြင်း, ကျန်းမာရေးအခြေအနေ မေးမြန်းလျှောက်ထားခြင်း, ပိဋကတ်တော်လာ သိလိုသည့် ခက်ဆစ်အကြောင်းအရာများ မေးမြန်းလျှောက်ထားခြင်း စသည်တို့ကို ပြုလုပ်လေ့ရှိပေ၏၊ သပြေကန်ဆရာတော်ကြီး အကြောင်းကို စာရေးဆရာတို့ ရေးသားထားသည့် စာပေ, ဆောင်းပါး စသည်တို့ကို ဖတ်ရှုရသဖြင့် သပြေကန်ဆရာတော်ကြီးအကြောင်း သိတန်သလောက် သိရပါ၏။

http://www.dhammadownload.com



ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သည် သပြေကန်ဆရာတော်ကြီး၏ စာအရေးအသား ညက်ညောကြောင်း, အယူအဆ, အတွေးအခေါ်, အဆုံးအဖြတ် ရှင်းလင်းပြတ်သား၍ အတုယူဖွယ်ကောင်းကြောင်း, စာအရေးအသားမှာ ခေတ်မီ၍ ကောင်းမွန်ကြောင်းစသည်ကို ဤဆောင်းပါးရေးသားသူအား ပြောပြသည်ကို မှတ်သားခဲ့ဖူးပါ၏၊ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ, မင်္ဂလာအမြုတေစာအုပ်ကို ရေးသားသည့် မလှိုင် ကံကြီးဆရာတော် ကာဗျဝိဒူ အရှင်စန္ဒာဓောတိနှင့် ဤသပြေကန်ဆရာတော်တို့၏ စာရေးသားပုံတို့မှာ သူ့နည်းသူ့ဟန်နှင့် တစ်မျိုးစီ ကောင်းကြကြောင်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်က မိန့်ကြားသည်ကို နာယူဖူးပါ၏။

မဟာဂန္ဓာရုံဆရာတော်မှာ ဤဆောင်းပါးရေးသူ၏ ကျေးဇူးရှင် ဆရာတော်ဖြစ်၍ ဆရာတော်၏ စာအရေးအသားကောင်းမှုကို နားလည်သဘောပေါက်ခဲ့ရပါ၏၊ မလှိုင်ကံကြီးဆရာတော်၏ စာအရေးအသားကို မင်္ဂလာအမြုတေစာအုပ်ဖတ်ရသောအခါ ခေတ်မီမှု, ရှင်းလင်းမှု ရှိသည်ကို သိခွင့်ရခဲ့ပါ၏၊ သပြေကန်ဆရာတော်၏ စာအရေးအသား ကျွမ်းကျင်မှုကို ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ မိန့်ကြားချက်ဖြင့်ပင်

http://www.dhammadownload.com



လေးစားမြတ်နိုးနှင့်ပါ၏။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က ပြဿနာ(၇) ချက် မေး၍ သပြေကန်ဆရာတော်ကြီးက စာဖြင့်ရေး၍ ဖြေထားအပ်သော အဖြေများကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က တပည့်ရဟန်းငယ်တို့ကိုဖတ်ရှုစေ၍ မှတ်သားစေသဖြင့် သပြေကန်ဆရာတော်ကြီး၏ ပိဋကတ်ကျွမ်းကျင်မှု, အယူအဆ အတွေးအခေါ် ရှင်းလင်းပြတ်သားမှု, စာအရေးအသား ညက်ညောမှု တို့ကို သိရှိ ကြည်ညိုခဲ့ရပါသည်။

အဖြေပေးထားအပ်သော ထိုမေးခွန်း (၇)ချက်မှာ --

(၁) သက်သတ်လွတ်စားခြင်းသာ မြတ်သလော။

(၂) မာဂဏ္ဍီ၏ မိဘနှစ်ပါးကို တရားထူး ရစေသည့် တရားသည် သမီးမာဂဏ္ဍီအဖို့မူ အဘယ့်ကြောင့် ဒေါသပွစရာ ဖြစ်ရပါသနည်း။

(၃) အရှင်မောဂ္ဂလ္လာန်မထေရ်က နန္ဒောပနန္ဒနဂါးမင်းကို နှိမ်နင်းဆုံးမရာ၌ အပြစ် ရှိ-- မရှိ။

(၄) သောတာပန်ဖြစ်ပြီးနောက်လည်း ဗိုလ်ချုပ်ကြီးတာဝန် ကို ထမ်းဆောင်လျက်ပင် ရှိနေသော သီဟမှာ ပါဏာတိပါတ ကင်းနိုင်ပါသလော။

http://www.dhammadownload.com



(၅) မိဂါရသူဌေးက ချွေးမ ဝိသာခါ၏ နို့ကို စို့-မစို့။
(၆) "ကာမဂုဏ် မှီဝဲစဉ်မှာပင် ငါဘုရားကို မမေ့နဲ့ ဟု ဝိသာခါအား ဘုရားရှင် မိန့်တော်မူသည်"ဟု ဆိုရာ ထိုအဆို မှန်-- မမှန်။
(၇) နိုင်ငံခြားသား ရဟန်းတော်များနှင့် ဒေါ်လာကိစ္စတို့ ဖြစ်ပါ၏။

သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်သည် နာမည်ကြီးလှ၏၊ သို့သော် ဤဆောင်းပါးရေးသူ စေ့စေ့ငုငု မဖတ်ရှုရသေးမီက နာမည်ကြီးရခြင်း၏ အကြောင်းကို ကောင်းကောင်း မသိလှ၊ စေ့စေ့ငုငု ဖတ်ရှုမိသောအခါ၌မူကား သပြေကန်ဆရာတော်ကြီးကို ယခင်က လေးစားသည်ထက် ပို၍ လေးစားမိပါ၏။ ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် မိန့်ကြားအပ်သော စကားတို့ကိုလည်း ပို၍ နားလည် သဘောပေါက်လာပါ၏။ "စာရေးနည်း အတုယူ"ဟု တိုက်တွန်းအပ်ခဲ့သော စကားသည် ပို၍ လေးနက်လာပါ၏၊ တကယ်ပင် အတုယူဖွယ် ကောင်းပါ၏။

ဆရာတော်ကြီးသည် အနေအထိုင် အပြောအဆို ညက်သလောက် စာအရေးအသားကား သွက်လက်၏၊ ထက်မြက်၏၊ တက်ကြွ၏၊ ခေတ်မီ၏၊ ပိဋကဗဟုသုတ, ဘာသန္တရဗဟုသုတ

http://www.dhammadownload.com



စုံလင်လှပေ၏၊ ဤစာရေးသူ ဉာဏ်မီသမျှဖြင့် ဤသို့ သုံးသပ်မိပါ၏။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် တပည့်ရဟန်းပရိသတ်, သိက္ခာရှင်(သီလရှင်)ပရိသတ်, အမျိုးသား-အမျိုးသမီးယောဂီ ပရိသတ်တို့နှင့် အတူ ၁၃၅၄-ခု တပို့တွဲလပြည့်ကျော် (၈)ရက် (၁၅ -၂ - ၉၃)နေ့က ညနေ (၄)နာရီခွဲအချိန်တွင် သပြေကန်ဆရာတော်ကြီးကို ဖူးမြော်ကန်တော့သွားခဲ့ပြန်ပါ၏၊ ဤတစ်ကြိမ်ကား မလေးရှား, စင်္ကာပူ, အင်ဒိုနီးရှားနိုင်ငံတို့သို့ (၃)လကြာ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတစရီးမှ အပြန် သွားရောက်ကန်တော့ခဲ့သည့် အကြိမ် ဖြစ်ပါ၏။ ဤတစ်ကြိမ်တွင် သပြေကန်ဆရာတော်ကြီး၏ မျက်နှာတော်မှာ ပို၍ လန်းဆန်းနေပါ၏၊ စိုပြေနေပါ၏၊ ကျန်းမာရေး ပို၍ ကောင်းနေပုံ ပေါ်ပါ၏၊ သပြေကန်ဆရာတော်ကြီးထံ ရဟန်းငယ်ဘဝက အထက်တန်းစာပေလေ့လာနည်း ခံယူဖူးသည့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်နှင့် တပည့်အပေါင်းတို့က ညကာသဖြင့် ကန်တော့ကြပြီး ဆရာတော်ကြီးက ဆုပေးပါသည်။

http://www.dhammadownload.com



ထို့နောက် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က ဝိနည်းနှင့်စပ်သည့် မေးခွန်းတစ်ခုကို သပြေကန်ဆရာတော်ကြီးအား မေးပါ၏၊ ကျမ်းဂန် အကိုးအကားနှင့်တကွ သပြေကန် ဆရာတော်ကြီး၏ အဖြေကို လိုလားကြောင်း လျှောက်ထားပါ၏။

"အသက်ကြီးလာတော့ မေ့လာတယ်၊ ဆွမ်းစားပင့်ထားလို့ ဒိုင်ယာရီမှာ ညက ရေးမှတ်ထားပေမယ့် မနက်ရောက်တော့ မေ့သွားတယ်"ဟုဆရာတော်ကြီး၏ မိန့်ကြားသံကို နာကြားရသောအခါ "အသက်ကြီးလာရင် ရုပ်ခန္ဓာ ယိုယွင်း လာသည်နှင့်အမျှ သတိလည်း ယိုယွင်းလာတတ်ပါတကား"ဟု စဉ်းစားမိပါ၏၊ ကပ္ပိယကာရက တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ရာတွင် ဆရာတော်ကြီးက ဝိနည်းနှင့်အညီ အကပ်ခံထိုက်သည်ကိုသာ အကပ်ခံ၍ အကပ်မခံထိုက်သည်ကိုမူ မကပ်စေသည်ကို တွေ့ရသဖြင့် ဝိနည်းကို အသေးအမွှားလေးမှအစ လေးစား လိုက်နာသော ဆရာတော်ကြီး- ဟု ယခင်က ကြားရုံသာ ကြားခဲ့ဖူးရာ ယခုအခါမူ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရပါ၏၊ တပည့်ဖြစ်ဖူးသည့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကိုပင် "ဆရာတော်" ဟူသော အသုံးအနှုန်းဖြင့် သုံးနှုန်း ပြောဆိုသည်ကို မြင်တွေ့ရသောအခါ ဆရာတော်ကြီး၏ မာန်မာန မရှိပုံ, ဝါငယ်သူကိုပင် လေးစားပုံတို့ကို ကြည်ညိုရပါ၏၊ စကားကို

http://www.dhammadownload.com



အကျယ်ကြီး မပြော၊ တိုးတိုးသာသာ ပြောဆိုတော်မူ၏၊ ညင်ညင်သာသာ မိန့်တော်မူ၏၊ ဆရာတော်ကြီး သီတင်းသုံးရာ အခန်းထဲမှ ဧည့်ခန်းသို့ ကြွလာပုံ၊ ကုလားထိုင်ပေါ် ထိုင်တော်မူပုံ၊ တည်ငြိမ်အေးချမ်းသော မျက်နှာရှိပုံ၊ ဖြေညှင်း ညင်သာစွာ လှုပ်ရှားပုံ၊ ထန်းရွက်ယပ်တောင်ကို ကိုင်လျက် ပြုံးချည် တစ်ခါ တည်ချည်တစ်လှည့်ဖြင့် ဆရာတပည့်တို့ ပွင့်လင်းရင်းနှီးစွာ ဆက်ဆံကြပုံ၊ မေးပုံ၊ ဖြေပုံတို့ကို မြင်တွေ့ရ၍ ကြည်ညိုသဒ္ဓါ ပွားရပါသည်။

လာရောက်ကန်တော့ကြသည့် ပရိသတ်တို့တွင် ဗုဒ္ဓစာပေသင်ယူနေကြသည့် နီပေါမှ သိက္ခာရှင်(သီလရှင်) (၃)ပါးနှင့် မလေးရှားမှ သိက္ခာရှင် (သီလရှင်) တစ်ပါးတို့အပြင် ပြည်တွင်းမှ စာသင်သိက္ခာရှင်တို့လည်း ပါဝင်လာလေရာ ထိုသိက္ခာရှင်တို့အား ဆရာတော်ကြီးက ဩဝါဒစကား မိန့်ချွေလိုက်ပါသည်။

“ဂုဏ်–ဆိုတာ ရှိရတယ်၊ ခန္ဓာကိုယ်ကြီးက ပျက်စီးသွားပေမယ့် ဂုဏ်ဆိုတာကတော့ ကမ္ဘာတည်သရွေ့ ရှိနေမှာပဲ၊ ကမ္ဘာကျေသော်လည်း ဥဒါန်း မကျေစေရဘူး၊ လူသေပေမယ့် နာမည်မသေစေရဘူး၊စာသင်နေကြတဲ့ ဆရာလေးတွေ ဆိုတော့ ပရိယတ်ဂုဏ်၊ ပဋိပတ်ဂုဏ် ထွန်းထွန်းပေါက်ပေါက် ဖြစ်အောင် ကြိုးစားကြရမယ်၊ ကြိုးစားနိုင်ကြပါစေ”

၁၃၅၄(၁၉၉၃)–ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ

http://www.dhammadownload.com



သပြေကန်ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသနှင့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ ဟူသော ကျေးဇူးရှင် ဆရာအရှင်မြတ်ကြီး (၂) ပါး၏ ပြုမူပြောဆို ဆက်ဆံကြပုံ မေးပုံ, ဖြေပုံ စသည်တို့ကား ဤစာရေးသူတို့လို နှောင်းခေတ်သာသနာ့ဝန်ထမ်းငယ်တို့အဖို့ အတုယူဖွယ် ကြည်ညို ဖွယ် ဖြစ်ပါပေသည်။

သပြေကန်ဆရာတော်ကြီးကား သက်တော်(၈၃), ဝါတော် (၆၃)ဝါ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကား သက် တော်(၇၂), ဝါတော်(၅၂)ဝါ ရှိကြပေပြီ၊ သက်တော်, ဝါတော် ကြီးမားတော်မူကြသည်နှင့် အမျှ သီလ, သမာဓိ, ပညာ အင်အားကြီး မားတော်မူကြသည့် ကျေးဇူးရှင် ဆရာတော်ကြီး(၂)ပါး သက်တော်ရာ ကျော်ရှည်ကာ သာသနာ့အကျိုး သယ်ပိုးတော်မူနိုင်ကြပါစေ–ဟု ပတ္ထနာပြုကာ ခြေတော်ဦးခိုက်လိုက်ပါသည်။

(ဤဆောင်းပါးကို ၁၉၉၃–ခု မေလထုတ် ရတနာမွန်မဂ္ဂဇင်း၌ ဖော်ပြခဲ့ပါသည်။)

http://www.dhammadownload.com



ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဒကာကြီး ဦးထွန်းလွင် (ဓမ္မာစရိယ+ဘီအေ)ထံမှ တစ်ဆင့် စာရေးသူထံသို့ (၂၄-၆-၉၃)နေ့က စာတစ်စောင် ရောက်လာပါသည်၊ စာရေးလိုက်သူကား- မကွေးတိုင်း, ရေနံချောင်းမြို့, အမှတ် (၂၅၉) လက်မှတ်ကုန်းရပ်မှ မောင်အောင်ကြီး ဖြစ်ပါသည်။

သူရေးလိုက်သည့် စာကား--

သာမဏေကျော် အရှင်မြတ်ဘုရား

တပည့်တော် ရှိသေစွာ ရှိခိုးလျှောက်ထားအပ်ပါသည်ဘုရား။

၁၉၉၃-ခု မေလထုတ် ရတနာမွန်မဂ္ဂဇင်းမှာ အရှင်ဘုရား ရေးသားထားတဲ့ "သပြေကန်ဆရာတော်ကြီးနှင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်"အကြောင်း ဓမ္မဆောင်းပါးကို ဖတ်သားကြည်ညိုရပါသည်ဘုရား။

တပည့်တော် ဖတ်ရှုကြည်ညိုပြီးသည့်အခါတွင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ဘုရားက မေးခွန်း(၇)ချက် မေးထားသဖြင့် သပြေကန်ဆရာတော်ကြီးက ဖြေထားအပ်သော အဖြေများကို ဖတ်ရှုကြည်ညိုလိုလှပါသည် အရှင်မြတ်ဘုရား၊ ထိုမေးခွန်း (၇)ချက်၏ အဖြေများကို ဘပည့်တော်တို့ ဖတ်ရှုကြည်ညိုနိုင်ပါရန် ရတနာမွန်မဂ္ဂဇင်းမှပင်ဖြစ်စေ, (သို့မဟုတ်) အရှင်ဘုရား

http://www.dhammadownload.com



အားလပ်တော်မူသောအချိန်မှာ သီးသန့် စာပြန်ကြား ရေးသားတော်မူ၍ ဖြစ်စေ ချီးမြှင့်သနားတော် မူပါဘုရား–တဲ့။

စာဖတ်ပရိသတ်တို့ထံမှ ဤကဲ့သို့ တောင်းဆိုသည့် စာတွေ လာလေမည်ကို ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဒကာကြီး ဦးထွန်းလွင်(ဓမ္မာစရိယ+ဘီအေ)က ကြိုတင်နားလည်ထားပုံ ရပါသည်။ ထို့ကြောင့်ပင် ဒကာကြီး ဦးထွန်းလွင်က "သပြေကန် ဆရာတော်ကြီး၏ အဖြေများကို စာဖတ်ပရိသတ်များက မျှော်လင့်စောင့်စားနေကြပါလိမ့်မယ်ဘုရား၊ အဘိဓမ္မမဟာရဋ္ဌဂုရု ဆရာတော်ကြီး ဖြစ်သည့် သပြေကန်ဆရာတော်ကြီးရဲ့ အဖြေများဟာ ပညာရှင်တို့အဖို့ လေးစား မြတ်နိုးဖွယ် ဖြစ်ပါလိမ့်မယ်ဘုရား၊ ဒါ့ကြောင့် အဲဒီအဖြေများကို ဆက်လက်ရေးသားပေးပို့ပါဘုရား"ဟု လျှောက်ထားလာသဖြင့် ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ ရိပ်သာဆရာတော်၏ ခွင့်ပြုချက်ဖြင့် ရတနာမွန်မဂ္ဂဇင်းသို့ ပေးပို့ခဲ့ပါပြီ၊ "ရှုလိုင်လမှစ၍ ဆက်တိုက် ဖော်ပြသွားမည်"ဟုလည်း ဒကာကြီး ဦးထွန်းလွင်က လျှောက်ထားလာပြန်ပါသည်။

ထိုအဖြေများကို တောင်းဆိုမည်ဆိုလျှင်လည်း တောင်းဆို ထိုက်ပါပေသည်၊ ထိုအဖြေများသည် ပညာရှင်တို့အဖို့ တကယ်ပင် လေးစားမြတ်နိုးဖွယ်ဖြစ်ပါပေသည်။

http://www.dhammadownload.com



ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကဲ့သို့ပင် အခြားအခြား ဆရာတော်,သံဃာတော်တွေ, ဒကာ–ဒကာမတွေကလည်း သပြေကန်ဆရာတော်ကြီးအား မေးထားသည့် မေးခွန်းတွေ ရှိနေဦးမည်မှာ မလွဲပါပေ၊ ထိုမေးခွန်းတွေကိုလည်း ဆရာတော်ကြီးက ဖြေပေးခဲ့မှာ သေချာပါသည်၊ ထိုအမေး အဖြေများကိုလည်း စာဖတ်ပရိသတ်တို့က ဖတ်ရှုလိုနေကြပါလိမ့်မည်၊ သပြေကန်ဆရာတော်ကြီး၏ အနီးရှိ တပည့်တွေ ဖော်ထုတ်ပေးနိုင်မည်ဆိုလျှင် ကောင်းပါပေစွ၊ သာသနာတော်အား လွန်စွာ အကျိုးများပါလိမ့်မည်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် အမေရိက, အင်္ဂလန်, ဂျာမနီ, ပြင်သစ်, ဩစတြေးလျ, ကနေဒါ, ကိုရီးယား, မလေးရှား, အင်ဒိုနီးရှား, စင်္ကာပူ, သီရိလင်္ကာ, နီပေါ, ထိုင်း စသော နိုင်ငံတို့၌ ဗုဒ္ဓ၏ ဓမ္မဂုဏ်ရည်များကို လက်လှမ်းမီရာ၌ ဖော်ပြပေးလျက်ရှိပါ၏၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်အား အထက်ဖော်ပြပါ နိုင်ငံတို့မှလည်းကောင်း, အခြားအခြား နိုင်ငံတို့မှလည်းကောင်း ဘာသာပေါင်းစုံမှ လူပေါင်းစုံတို့က မေးခွန်းတွေ စုံနေအောင် မေးခဲ့ကြသဖြင့် ဆရာတော်သည် စွမ်းအားရှိသမျှ ဖြေကြားပေးခဲ့ပါသည်၊ သူတို့ကျေနပ်အားရမှု ရှိကြသည်ကို စာရေးသူကိုယ်တိုင် မြင်တွေ့လည်း မြင်တွေ့ရ, တစ်ဆင့်လည်း

http://www.dhammadownload.com



ကြားသိနေရပါသည်။

ထိုကဲ့သို့သော ဆရာတော်က သပြေကန်ဆရာတော်ကြီးအား သူသိလိုရာရာ ခက်ဆစ်ခက်ရာ ပြဿနာတို့ကို လေးလေးစားစား မြတ်မြတ်နိုးနိုး လိုလိုချင်ချင်ဖြင့် မေးမြန်းလျှောက်ထားသည်ကို တွေ့ရသဖြင့် ဆရာတော်ကြီးသည် ပိဋကတ်ဆိုင်ရာတွင် အလွန်ပင် ကျွမ်းကျင်ပညာရှင်ကြီး တစ်ပါးဖြစ်လိမ့်မည် ဟု တွေးဆခဲ့ပါ၏၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သည် ပြည်ပသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး ကြွလေတိုင်း သပြေကန် ဆရာတော်ကြီး ရေးသားထားသည့်, ဟောကြားထားသည့် တရား စာအုပ်တို့ကို ယူသွားလေ့ရှိ၏၊ ဖတ်ရှု၏၊ ဟောပြောရာတွင် အသုံးပြု၏၊ ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်စာအုပ်ကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က တပည့်ဒကာ မောင်လုမြင့်ကို အင်္ဂလိပ်လို ဘာသာပြန်စေပြီး၍ အမေရိကယောဂီတို့ထံ ပို့ပေးစေခဲ့ပါသည်၊ အမေရိကယောဂီတို့ ထိုစာအုပ်ကို လေ့လာ နေကြလေပြီ။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် အခါအခွင့် သင့်တိုင်း သပြေကန်ဆရာတော်ကြီးအား ခက်ဆစ်ခက်ရာများကို

http://www.dhammadownload.com



မေးမြန်းခဲ့ရာ ဆရာတော်ကြီးက လေးလေးစားစား မြတ်မြတ်နိုးနိုးဖြင့် ကြီးကြီးစားစား ဖြေကြားပေးသည်ကို တွေ့ခဲ့ရပါသည်။ တစ်ချို့ မေးခွန်းများကို နှုတ်ဖြင့် တိုက်ရိုက် ဖြေကြားပေးသည့်အခါ ရှိ၏၊ တစ်ချို့ မေးခွန်းများကို စာဖြင့်ရေး၍ ဖြေကြားပေးသည့်အခါ ရှိ၏၊ သပြေကန် ဆရာတော်ကြီး ပိဋကစာပေ မည်မျှ ကျွမ်းကျင်သည်၊ ဘာသန္တရစာပေတွေ မည်မျှ နံ့စပ်သည်ကိုမူ သပြေကန် ဆရာတော်ကြီးလို ပညာရှင်တစ်ဦးကသာ သိနိုင်ပါလိမ့်မည်၊ စာရေးသူတို့အသိမှာ ဆရာတော်ကြီး၏ အသိနှင့် နှိုင်းစာလျှင် တောင်ပေါ်က လူ၏အသိနှင့် တောင်အောက်က လူ၏အသိပမာ ကွာခြားပါလိမ့်မည်၊ ဆရာတော်ကြီး အဖြေပေးသည့်အခါတိုင်း စာရေးသူ၏ စိတ်ထဲမှာ ပေါ်လာမိသည်မှာ–သပြေကန်ဆရာတော်ကြီးသည် မတီး မမြည်၊ တီးမှ မြည်သည့်၊ စည်ကြီးနှယ် ပါတကား၊၊ လိုရာရာ ပစ္စည်းတွေကို ပေးနိုင်သည်ဟု ပြောဆိုကြသော ပဒေသာပင်ကြီးနှယ်ပါတကား ဟူ၍ပင် ဖြစ်ပါ၏။

သပြေကန်ဆရာတော်ကြီးတည်းဟူသော စည်ကြီးကို မေးခွန်းတည်းဟူသော လက်ခတ်ဖြင့် စမ်း၍ တီးခတ်လေလျှင် ပြောင်မြောက်သော အဖြေတည်းဟူသော စည်သံကြီးမှာ ကျယ်လောင်စွာ မြည်ဟိန်းလာလိမ့်မည်သာတည်း၊ ပိဋကစာပေဆိုင်ရာ ဗဟုသုတအဖြာဖြာတည်းဟူသော ပစ္စည်းဥစ္စာတို့ကို အလိုရှိလို့

http://www.dhammadownload.com



ဆရာတော်ကြီးတည်း ဟူသော ပဒေသာပင်ကြီးထံသို့ သွားယူလေလျှင်လည်း ပေးလိုက်နိုင်မှာ သေချာပါ၏၊ သို့သော် ဆရာတော်ကြီးမှာ အသက်ကြီးလာပြီ ဖြစ်သဖြင့် သတိတွေ မေ့လာပြီဟု ဆိုသော်ငြားလည်း အသိဉာဏ်ကား ကြီးမားလျက်ပင် ရှိနေပါ၏။

သပြေကန်ဆရာတော်ကြီးထံသို့ ဖူးမြော်ကန်တော့ သွားတိုင်း ဆရာတော်ကြီး၏ တည်ငြိမ်သော မျက်နှာတော်၊ အေးဆေးညင်သာသော အပြောတို့ကို ဖူးမြော်ကြားသိရသည့်အပြင် ကြီးမားလှသော ပညာ၊ မေတ္တာ၊ ကရုဏာတော်တို့ကို သိခွင့်ရသဖြင့် ဆရာတော်ကြီးလို တည်ငြိမ်သော မျက်နှာပိုင်ရှင် ဖြစ်ချင်ခဲ့လှပါပြီ၊ အေးဆေးညင်သာစွာ ပြောတတ်ချင်လှပါသည်၊ ကြီးမားသော ပညာရှင်၊ မေတ္တာရှင်၊ ကရုဏာရှင် ဖြစ်ချင်လှပါဘိသည်၊ ဆရာတော်ကြီး၏ မျက်နှာတော်က "ဘုရားသားတော်ရဲ့ မျက်နှာဟာ ဒီလို တည်ငြိမ်မှု ရှိရတယ်"ဟု ပြောပြနေသယောင် ရှိနေပါသည်၊ ဆရာတော်ကြီး၏ အပြောက "ဘုရားသားတော်ဆိုတာ ဒီလိုပြောဆိုရတယ်" ဟု ဆုံးမနေသယောင် ရှိနေပါသည်၊ ဆရာတော်ကြီး၏ ကြီးမားသော ပညာ၊ မေတ္တာ၊ ကရုဏာများက "အရှင်မြတ်လေးတို့- ပညာရှင်ကြီးဖြစ်လာအောင်၊ မေတ္တာရှင်ကြီး၊ ကရုဏာရှင်ကြီး ဖြစ်လာအောင် ကြိုးစားကြ"ဟု တိုက်တွန်းသယောင် ရှိနေပါတော့သည်။

ဝိနည်းကိုလည်း အသေးစိတ်ကလေးမှအစ ရှိရှိသေသေ

http://www.dhammadownload.com



လိုက်နာသည်ဟု သတင်းကြီးလှသော သပြေကန်ဆရာတော်ကြီးသည် သတင်းကြီးသည့်အတိုင်း တကယ်ပင် မှန်သလော ဟူသော စူးစမ်း လေ့လာသော အကြည့်ဖြင့် စူးစမ်းခဲ့ပါ၏၊ လေ့လာခဲ့ပါ၏၊ အစူးစမ်းခံနိုင်သည့် သီလပိုင်ရှင်, အလေ့လာခံနိုင်သည့် သီလပိုင်ရှင်, အနီးကပ်ကြည်ညိုလို့ရသည့် သီလပိုင်ရှင်အဖြစ် ကြည်ညိုခဲ့ရပါ၏၊ လေးစားခဲ့ရပါ၏။

"ဗဟုသုတရှိလျက် သီလမရှိလျှင် ရေမရှိသော ကန်နှင့်တူ၏၊ ပညာရှိလျက် သီလမရှိလျှင် အသီးမရှိသော သစ်ပင်နှင့် တူ၏၊ စာပေပို့ချနိုင်လျက် သီလမရှိလျှင် အသီးမချိုသော သစ်ပင်နှင့် တူ၏၊ တရားဟောကောင်းလျက် သီလ မရှိလျှင် အနံ့မရှိသောပန်းနှင့် တူ၏၊ ကျမ်းဂန်တတ်လျက် သီလ မရှိလျှင် အဆိပ်သီးပင် နှင့်တူ၏၊ ဘုန်းကြီးလျက် သီလ မရှိလျှင် အနှစ်မရှိသော သစ်ပင်နှင့်တူ၏၊ " ဟူသော ပထမရွှေကျင်ဆရာတော်ကြီး၏ ဩဝါဒတော်အရ ဆိုရလျှင် ၁၉၉၃-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ် ဆက်ကပ်ခံရသည့် တွဲဖက် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးဖြစ်သည့် သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည် ရေရှိသော ရေကန်, အသီးရှိသော သစ်ပင်, အသီး ချိုသော သစ်ပင်, အနံ့မွှေးသော ပန်း, အနှစ်ရှိသောသစ်ပင်တို့နှင့် တူလှပါပေသည်။

http://www.dhammadownload.com



မြတ်ဗုဒ္ဓသာသနာတော်မှာ သပြေကန် ဆရာတော်ကြီးကဲ့သို့ ကြီးမားသော, ခိုင်ခံ့သော သီလပိုင်ရှင်, သမာဓိရှင်, ပညာရှင်ကြီး တွေပေါ်များလာလျှင် ပေါ်များလာသလောက် မြတ်ဗုဒ္ဓသာသနာ ရောင်ဝါမှာ ထွန်းတောက်လျက် ရှိမည်မှာ မလွဲပါပေ။

(ဤဆောင်းပါးဖြင့် သပြေကန်ဆရာတော်ကြီး၏ အဘိဓဇ မဟာရဋ္ဌဂုရုပူဇော်ပွဲမှာ ဆရာတော်ကြီးကို ပူဇော်ခဲ့ပါသည်။)

http://www.dhammadownload.com



# ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် မေး၍ သပြေကန်ဆရာတော်ကြီး ဖြေသည်

"အရှင်ဘုရား--အရှင်ဘုရား ရေးသားခဲ့တဲ့ သပြေကန်ဆရာတော်ကြီးနှင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်အကြောင်းဆောင်းပါးမှာ ရွှေတောင်ကုန်းသာသာနာ့ရိပ်သာဆရာတော် (အရှင်ပဏ္ဍိတာဘိဝံသ)က မေးထားအပ်သော မေးခွန်း (၇) ချက်ကို သပြေကန်ဆရာတော်ကြီး (အရှင်ဝါသေဋ္ဌာဘိဝံသ) က ဖြေထားကြောင်း ပါရှိရာ ထိုအဖြေများကို စာဖတ်ပရိသတ်များက မျှော်လင့်စောင့်စားနေကြပါလိမ့်မယ်ဘုရား၊ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးဖြစ်သည့် သပြေကန်ဆရာတော်ကြီး၏ အဖြေများသည် ပညာရှင်တို့အဖို့ လေးစားမြတ်နိုးဖွယ်လည်း ဖြစ်ပါလိမ့်မယ်ဘုရား၊ ဒါကြောင့် အဲဒီအဖြေများကို ဆက်လက်ရေးသားပို့ပေးပါဘုရား"ဟု ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဒကာကြီးဦးထွန်းလွင် (ဓမ္မာစရိယ+ဘီအေ)က လျှောက်ထားလာသဖြင့် "ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်မေး၍ သပြေကန်ဆရာတော်ကြီးဖြေသည်"ဟူသော နာမည်ဖြင့် ထိုအဖြေများကို စာဖတ်ပရိသတ်တို့အား စာရေးသူက တစ်ဆင့် ဓမ္မဒါန ပြုလိုက်ပါသည်။

http://www.dhammadownload.com

သက်သတ်လွတ်စားခြင်းသာ

ဖြစ်သလော . . .

http://www.dhammadownload.com



ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် "သက်သတ်လွတ်စားခြင်းသာ မြတ်သလော"ဟူသော မေးခွန်းကို ၁၉၈၈-ခုနှစ်က တောင်ကိုးရီးယားနိုင်ငံသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီးမထွက်မီ သပြေကန်ဆရာတော်ကြီးအား မေးလျှောက်ခဲ့ပါသည်၊ တောင်ကိုးရီးယားနိုင်ငံသည် မဟာယာနဗုဒ္ဓသာသနာဝင်ပေါင်းများစွာတို့ နေထိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်ပါ၏၊ ထိုနှစ်ခရီးသည်လည်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ထံ သတိပဋ္ဌာန်တရားအားထုတ်ဖူးသည့် ကိုးရီးယားတပည့်ယောဂီများ, ထေရဝါဒမှ သတိပဋ္ဌာန်တရားကို စိတ်ဝင်စားကြ, မြတ်နိုးလိုလားကြသည့်, မဟာယာန ဘုန်းတော်ကြီးများ, မဟာယာန သီလရှင်များ, မဟာယာန ဗုဒ္ဓသာသနာဝင် ဒကာ-ဒကာမများက ပင့်လျှောက်ထားသဖြင့် ကြွရောက်ချီးမြှောက်ရသည့် ခရီးဖြစ်ပါ၏။

"သက်သတ်လွတ်စားခြင်းသာ မြတ်သည်"ဟု အစွဲသန်နေသည့် မဟာယာန ဗုဒ္ဓသာသနာဝင်တို့ကို ဗုဒ္ဓဝါဒအမှန် သိမြင်စေလိုသည့် ဆန္ဒသည်လည်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သန္တာန်တွင် အားသန်လျက် ရှိခဲ့ဟန်တူပါ၏၊

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် သူ့ထက်ပိဋကစာပေကို ပိုမို ကျွမ်းကျင်နှံ့စပ်သည်ဟု ထင်မြင်ယူဆကာလေးစားထားအပ်သော ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီးထံမှ

http://www.dhammadownload.com



အထောက်အထား ခိုင်လုံ၍ တိကျသော အဖြေကို လေးလေးစားစား မြတ်မြတ်နိုးနိုးဖြင့် မျှော်လင့်အားကိုးခဲ့ပါ၏၊ သပြေကန် ဆရာတော်ကြီးဘက်ကလည်း လေးလေးစားစား မြတ်မြတ်နိုးနိုးဖြင့် ကြိုးကြိုးစားစားဖြေထားသည်ကို စာရှုသူတို့ ရှုစားနိုင်ပါ၏။

"သက်သတ်လွတ်စားခြင်းသာ မြတ်သလော"ဟူသော မေးခွန်းနှင့် စပ်၍ သပြေကန်ဆရာတော်ကြီး ပြန်ကြားဖြေဆိုအပ်သော ပြန်ကြားဖြေဆိုချက်များကား ဤသို့ဖြစ်ပါ၏။

နေ့စွဲ။ ။ ၂၁-၆-၈၈

ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ လေးစားစွာ ရေးသားအပ်ပါသည် ဆရာတော်။ မနေ့က ကတိုက်ကရိုက် ရေးသားလိုက်ရ၍ စာက ရှုပ်သွားသည်ကို ခွင့်လွှတ်စေလိုပါ၏။

ဆရာတော်၏ ကိုးရီးယားခရီးမှာ အောင်မြင်သော သာသနာပြု ခရီးတစ်ခု ဖြစ်ပါစေကြောင်း တောင့်တပါ၏။

ဆရာတော်အရှင်, ထာဝစဉ်, ကြည်လင်ချမ်းမြေ့ပါစေသော်။

အရှင်ဝါသေဋ္ဌာဘိဝံသ

(ရွှေကျင်)

http://www.dhammadownload.com



# သက်သတ်လွတ်စားခြင်းသာ မြတ်သလော

အစွန်းသုံးပါးမှ လွတ်ကင်းစင်ကြယ်သော သားငါးကို ရဟန်းတို့အား ဘုရားရှင်ခွင့်ပြုတော်မူခဲ့၏၊ အရှင်ဒေဝဒတ်က ရဟန်းတော်များ အသက်ထက်ဆုံး သားငါး မစားဖို့ တားမြစ်ဖို့ရာ လျှောက်ထားသောအခါ ခွင့်မပြုခဲ့၊ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း အစွန်းသုံးပါး လွတ်ကင်း စင်ကြယ်သော သားငါး စားသောက်ဖို့ ငါဘုရား ခွင့်ပြုထားကြောင်း မိန့်ကြားတော်မူခဲ့၏။

ထိုထိုပါဠိအရ ဘုရားရှင်ကိုယ်တော်တို့၏ သားငါးဘုဉ်းပေးတော်မူသည်ကို သိရပါ၏၊ အာမဂန္ဓသုတ်အရ ဆိုလျှင်"ထမင်းဟင်းသားငါးတို့ကို အာမဂန္ဓ=အညှီအဟောက်"ဟု ဆိုသော အာမဂန္ဓရသေ့ကို သားငါးက အာမဂန္ဓမဟုတ်ကြောင်း၊ ပါဏာတိပါတစသည်၊ ကာမဂုဏ်မိစ္ဆာစသည်၊ ရသာရုံ၌ တွယ်တာမှုစသည်= ဤတရားများသာ အညှီအဟောက် အာမဂန္ဓဖြစ်ကြောင်း မိန့်တော်မူခဲ့၏။

ဤသုတ္တန်အရ သားငါးစသည်က ရသေ့ရဟန်းတို့အား အန္တရာယ်ပြုသည် မဟုတ်၊ တကယ် အန္တရာယ်ပြုသည်က သူတို့ကြောက်သော သားငါး မဟုတ်၊ ရသတဏှာ လောဘစ

http://www.dhammadownload.com



သည်တို့ကသာ အန္တရာယ်ပြုတတ်၏၊ ထိုအန္တရာယ်ပြုတတ်သော လောဘတဏှာစသည်မှာ သားငါးတို့ကိုသာ စွဲ၍ ဖြစ်သည် မဟုတ်၊ သူတို့က နိရာမဂန္ဓ (အညှီအဟောက်မဟုတ်) ဟု ဆိုလျက် သုံးဆောင်နေသော သစ်သီး သစ်ဥ သစ်ဖု စသည်တို့ကိုလည်း အစွဲပြုဖြစ်သည်သာ၊ ပေါရိသာဒ လူသား စွဲသလို သုဇာတသူကြွယ်၏ သားကလေး ရသေ့တွေ ပေးသော သပြေသီး စားရပြီး ရသေ့တွေ ပြန်သွား၍ မရသောအခါ သေသွားရသည်အထိ မက်မောစွဲလမ်းမှု ဖြစ်ရ၏။(ဇာတက-၄-၅၊၅၃၁)

ဤသို့ ဆိုလျှင် တဏှာဆိုသည်မှာ သားငါးစသည်ကို အစွဲပြု၍သာ လွန်ကဲစွာ ဖြစ်သည် မဟုတ်၊ သစ်သီး သစ်ရွက် သစ်ဥ စသော သက်သက်လွတ်ပစ္စည်းတို့ကို အစွဲပြု၍လည်း အလွန်အကဲ ဖြစ်ရသည်သာ။

ထို့ကြောင့် တကယ်ရှောင်ရမှာကသားငါးလော, သစ်သီး သစ်ရွက်စသည်လော, ရသတဏှာစသည်လော ဤအချက်ကို လေးနက်စွာ စဉ်းစားသင့်ပါ၏။

ဗုဒ္ဓဝါဒမှာ သားငါးရှောင်ကြဉ်ဖို့ မဟုတ်၊ ဆန္ဒရာဂ (လိုချင် တပ်မက်မှု) ရှောင်ဖို့ဖျက်ဖို့သာဖြစ်၏၊ သားငါးဟင်းကို ရှောင်ဖို့မဟုတ်၊ တိကောဋိပရိသုဒ္ဓ (အစွန်းသုံးပါး လွတ်ကင်းစင်ကြယ်မှု) ဖြစ်လျှင် အနဝဇ္ဇ (အပြစ်မရှိ) ဖြစ်သည် ဟူသော ဘုရားအလိုတော်အရလည်းကောင်း, ရှုမှတ်ပွားများခြင်းဖြင့်

http://www.dhammadownload.com



ဆန္ဒရာဂ ဖျက်ဖို့ လိုလားသော ဘုရားအလိုတော်အရလည်းကောင်း စားသင့်သော အာဟာရသာ ဖြစ်ပါပေသည်။

ဤနေရာ၌ ဗုဒ္ဓဝါဒကို အတန်ငယ် ပြဆိုသင့်ပါ၏၊ တိုင်းတစ်ပါး သွားမည့် ရဟန်းတော်တို့ကို နည်းပေးတော်မူသော အရှင်သာရိပုတြာက ပစ္ဆာဘူမက သွားမည့် ရဟန်းတော်တို့အား တိုင်းတစ်ပါး ရောက်သောအခါ မင်း ပုဏ္ဏား သူကြွယ် ရဟန်းပညာရှိတို့က "ကိံ ဝါဒီ ပနာယသ္မန္တာနံ သတ္ထာ ကိမက္ခာယိ=အရှင်ဘုရားတို့၏ ဆရာဘုရားသည် ဘယ်သို့သော ဝါဒ ရှိပါသနည်း"(သံ–၂–၆) ဟု မေးလျှင် "ဆန္ဒရာဂဝိနယက္ခာယိ ခေါ နော အာဝုသော သတ္ထာ=ငါ့ရှင်တို့ စင်စစ် ငါတို့ဆရာဘုရားရှင်သည် ဆန္ဒရာဂ (လိုချင်တပ်မက်မှု) ပယ်ရှားခြင်းကို ဟောတော်မူသည် ဟု ဖြေဖို့ နည်းပေးတော်မူခဲ့၏။

တစ်ခါ ဆန္ဒရာဂ ပယ်ရသည်ဆိုလျှင်" ဘယ်မှာ ဖြစ်သည့် ဆန္ဒရာဂကို ပယ်ရမည်နည်း"ဟု မေးလိမ့်ဦးမည်၊ ထိုအခါ "ရုပ်၌ ဖြစ်သော ဆန္ဒရာဂ,ဝေဒနာ၌,သညာ၌ ,သင်္ခါရ၌, ဝိညာဉ်၌ ဖြစ်သော ဆန္ဒရာဂကို ပယ်ဖို့ရာ ဟောတော်မူကြောင်း" ဖြေဖို့နည်းပေးခဲ့ပြန်သည်။

ရုပ်၌ ဖြစ်သော ဆန္ဒရာဂ ပယ်ရမည်ဆိုတော့ ကဗဠီကာရ

http://www.dhammadownload.com



အာဟာရရုပ်၌ ဖြစ်သော ဆန္ဒရာဂကိုလည်း ပယ်ရမည်သာ၊ “ကဗဠီကာရေ ဘိက္ခဝေ အာဟာရေ ပရိညာတေ ပဉ္စကာမဂုဏိကော ရာဂေါ ပရိညာတော ဟောတိ=ကဗဠီကာရအာဟာရကို ပိုင်းခြားသိအပ်သည်ရှိသော် ကာမဂုဏ်ငါးပါး၌ဖြစ်သော ဆန္ဒရာဂကို ပိုင်းခြားသိအပ်တော့သည်(သံ-၁-၃၂၃)”အရ သားငါးအာဟာရ ကဗဠီကာရ၌လည်း ပရိညာသုံးပါး ရနိုင်သည်သာ။

သစ်သီး သစ်ရွက် သစ်ဥ စသည့် ကဗဠီကာရ အာဟာရ ဩဇာ၌လည်း ပရိညာသုံးပါး ရနိုင်သည်သာ၊ သို့ဖြစ်လျှင် ရှုမှတ်ခြင်းဖြင့် သားငါး၌ ပရိညာတရား ဖော်နိုင်မှ အစာစားတတ်သူဖြစ်၍ အမြတ်ရသလို သစ်သီးစသော အာဟာရတို့၌လည်း ထိုသို့ပင် ရှုမှတ်ပွားများ ပရိညာတရား ပေါ်အောင် ပြုလုပ်တတ်က စားတတ်သူ, အမြတ်ရသူ ဖြစ်၍ ပရိညာ မတင်, အဆင်ခြင် မရှိ စားရုံမျှ သက်သတ်လွတ်သမား၌ကား ဘယ်ဂုဏ်မျှ မထင်, ဘယ်အမြင့်မျှ မတက်, သက်သက် စားရုံမျှ စားရသူ တစ်ယောက်ပါပေတည်း။

အမှန်တရား, လွန်ထွန်းကား, အများ ချမ်းသာစေ။
အမှားကိုကား, လူအများ, ပယ်ရှားနိုင်ပါစေ။

အရှင်ဝါသေဋ္ဌာဘိဝံသ (ရွှေကျင်)

http://www.dhammadownload.com

မဂဓကျော်၏ မိဘနှစ်ပါးကို

ဘုရားဖူးရခဲ့သည့် ဘုရားသည်

သိမ်းမဂဓကျော်အဖို့မှ

အဘယ်ကြောင့်

ဒေါ်ပွခရာ ဖြစ်ရပါသနည်း ...

http://www.dhammadownload.com



# မာဂဏ္ဍီ၏ မိဘ(၂)ပါးကို တရားထူး ရစေသည့် တရားသည် သမီးမာဂဏ္ဍီအဖို့မှု အဘယ့်ကြောင့် ဒေါပွစရာ ဖြစ်ရပါသနည်း

"မာဂဏ္ဍီ၏ မိဘ(၂)ပါးကို တရားထူး ရစေသည့်တရားသည် သမီးမာဂဏ္ဍီအဖို့မူ အဘယ့်ကြောင့် ဒေါပွစရာ ဖြစ်ရပါသနည်း" ဟူသော ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ အမေးကို သပြေကန်ဆရာတော်ကြီးက ဤသို့ အဖြေပေးထားပါ၏။

လေးစားအပ်သော
အရှင်ပဏ္ဍိတာဘိဝံသ နာယကမထေရ်ထံ

ဆရာတော်က ရိပ်သာမှာ တွေ့စဉ် မာဂဏ္ဍီနှင့် စပ်သော ဗုဒ္ဓဒေသနာတော်ကို မေးခဲ့ပါ၏၊ ထိုအခါက ဘုရားရှင်ဟာ ကျွတ်မည့်ပုဂ္ဂိုလ်ကိုသာ ကြည့်ကြောင်း၊ ဤကဲ့သို့ ခပ်ကြမ်းကြမ်းကလေး ဟောမှ တရားရမှာမို့ ခပ်ကြမ်းကြမ်းကလေး ဟောရကြောင်း အကျဉ်းမျှ ပြန်ကြားခဲ့ပါ၏။ ထို့နောက် တပည့်တော်လည်း ပြန်ပြီး စကား

http://www.dhammadownload.com



မစပ်မိခဲ့၊ ယခုမှ သတိရလို့ ပြန်ဆက်ရပါသည်။

တကယ်တော့ သမီးမာဂဏ္ဍီအဖို့က တရားကို ခံနိုင်သော ခါတ်ခံအဓျာသယ မရှိခဲ့၊ ၎င်းအဖို့မှာတော့ ကြမ်းသည်ဖြစ်စေ နုသည်ဖြစ်စေ သူ့ကို မလိုချင်တဲ့ ဘုရားရှင်ကို ကျေနပ်မည်မဟုတ်၊ မိဘနှစ်ပါး တရားရဖို့အတွက် ဟောရာမှာ မာဂဏ္ဍီကိုငဲ့ဖို့ မလို၊ ဒေသနာဝိလာသ ပုဂ္ဂလဇ္ဈာသယ(ဒေသနာတော်၌ ကျွမ်းကျင်မှုနှင့် ပုဂ္ဂိုလ်၏ အလိုအကြိုက်ကို သိမှု)အရာ ကျွမ်းကျင်နိုင်နင်းလှသော ဗုဒ္ဓအရှင်၏ ထိုဒေသနာမှာ လိုသည်၊ လွန်သည် မရှိ၊ အပြည့်အစုံ ဟောတော်မူခြင်းသာ ဖြစ်ရာ မာဂဏ္ဍီကို မငဲ့လား ဟု ဆိုဖို့ မရှိပါပေ၊ ဤနေရာမှာ သမီးနှင့်မိဘ အဇ္ဈာသယချင်း မည်မျှ ကွာလှသည်ကို တရားရ–မရက သက်သေပြနေပါသည်။

တကယ် သမီးမာဂဏ္ဍီအဇ္ဈာသယမျိုး ဖြစ်လျှင် မိခင်ကြီး မာဂဏ္ဍီမှာ ပို မခံချင်ဖြစ်ဖို့ ရှိပါ၏။ ငါ့သမီးကို ခြေထောက်နဲ့တောင် မတို့ချင် ဆိုရကောင်းလား ဟု ဒေါပွမည်သာ ဖြစ်ပါ၏။ အမိဆိုသည် မှာ အဖထက် ပို မခံချင်၊ သို့သော် ဘုရားခြေရာတော် မြင်ရထဲက စိတ်က နူးညံ့နေ၊ ကိုယ်တော်တိုင်ကို မြင်ရတော့ ကြည်ညိုခြင်းဖြင့် သာ၍ နူးညံ့နေ၏၊ ပုဏ္ဏားကြီးလည်း ထိုနည်း၊ စိတ်က ကြည်ညို

http://www.dhammadownload.com



ခြင်းဖြင့် အလွန်နူးညံ့ကောင်းမွန်နေသော မာဂဏ္ဍီတို့ ဇနီးမောင်နှံမှာ တရားကို ခံယူနိုင်ကြ၏၊ နဂိုက ဓာတ်ခံညံ့၊ ဘုရားကို မကြည်ညိုနိုင်စိတ်က တင်းမာနေတဲ့ မာဂဏ္ဍီသမီးအဖို့ကတော့ တရားခံနိုင်အောင် အဘယ်မှာ စိတ်ဓာတ်ခံ ပျော့ပျောင်းနိုင်အံ့နည်း။

သို့ဖြစ်၍ ဤတရား အတူကြားရသော သုံးယောက်တို့တွင် နှစ်ယောက်က တရားရ၊ တစ်ယောက်က ဒေါပွ၊ ဒေါပွသည်မှာ သည်တရားကြောင့် ဆိုရမည်ထက် တရားကို ခံယူနိုင်သော ဓာတ်ခံ မရှိသည်က ပဓာနသာ၊ ထို့ကြောင့်ပင် မိဘအတွက်လည်းကောင်း, သမီးအတွက်လည်းကောင်း မခံချင်ဖွယ်ဟု လောကက မြင်ရသော တရားတစ်ပုဒ်မှာ မိဘအတွက် အနာဂါမ်ဖြစ်ဖို့ ဖြစ်၍ သမီးအတွက် အကုသလအာဃာတ ဖြစ်သွားရသည်မှာ သားအမိ သားအဖ သုံးယောက်တို့၏ ဘယ်သူမပြု မိမိမှုသာ ဟု ဆိုရပါလိမ့်မည်တကား။

ဝါသေဋ္ဌာဘိဝံသတွေရော

http://www.dhammadownload.com

အရှင်မောဂ္ဂလာန်မထေရ်

နန္ဒောပနန္ဒနဂါးမင်းကို

နှိမ်နင်းဆုံးမရာ

အရှင်မောဂ္ဂလာန်မှာ

အပြစ် ရှိ—မရှိ ...

http://www.dhammadownload.com



"အရှင်မောဂ္ဂလာန်မထေရ်က နန္ဒောပနန္ဒနဂါးမင်းကို နှိမ်နင်းဆုံးမရာ၌ အရှင်မောဂ္ဂလာန်မှာ အပြစ်ရှိ–မရှိ" ဟူသော မေးခွန်းနှင့် "သောတာပန် ဖြစ်ပြီးနောက်လည်း ဗိုလ်ချုပ်ကြီးတာဝန်ကို ထမ်းဆောင်လျက်ပင် ရှိနေသော သီဟမှာ ပါဏာတိပါတ ကင်းနိုင်ပါသလော" ဟူသော မေးခွန်းတို့ကို ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်က မေးသဖြင့် သပြေကန် ဆရာတော်ကြီးက ဤသို့ အဖြေ ပေးထားပါသည်။

ဩဝါဒါစရိယဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ

အလေးထား ရေးသားအပ်ပါ၏၊ ဆရာတော်အရှင် လျှောက်ထားခဲ့သော ပြဿနာနှစ်ရပ်ကို ဖြေကြားပေးလိုက်ပါသည်၊ တပည့်တော်များကား အလုပ် မအားလှ၊ သူတစ်ပါးတာဝန် ပေးထားသော ပြင်ဖို့ ဆင်ဖို့ ရေးသားဖို့ တာဝန်အကြွေးများက များလှသည်ဖြစ်ရာ ဆရာတော် အတွက်စာမှာ ကြာသွားပါသည်၊ ခွင့်လွှတ်တော်မူပါရန်။

ဒွိဓာဝါဒကထာ ပြန်ရသည်ကို လွန်စွာ ဝမ်းသာလှပါ၏၊ ဤစာအုပ်မှာသပြေကန်မှာ တစ်အုပ် ရှိနေသော်လဲ ယခု ရှာမရ၊

http://www.dhammadownload.com



မန်းရွှေကျင်စာပေထိန်းသိမ်းရေး လှန်းမေးသော်လဲ ပြန်စာ မရ၊ ဆရာတော်လဲ မေ့တတ်ပါလားဟု သိရတော့ တို့လိုပါပဲလား... အောက်မေ့ရပါသည်၊ တပည့်တော်များလဲ အတော်မေ့တတ်ပါသည်၊ ကိုယ်က ပိုပြီး မေ့မေ့လာတော့ မေ့တတ်သော မဟာစည်ဆရာတော်ကြီးကိုလဲ အမှတ်ရလျက် ရှိပါသည်၊ တပည့်တော်များ စာ၌ မသင့်မလျော်ဟု ထင်သောအရာ ရှိက အားမနာ ပါးမနာ စေ‌ဒနာစေချင်ပါသည်၊ တပည့်တော်များက မိမိအမှားကို ထောက်ပြလျှင် ဝမ်းမြောက်ပါသည်။

ပရိယတ် ပဋိပတ် အမြွတ်နှစ်ပါးတရားတွေ တိုးအောင် အကျိုးဆောင်တော်မူနိုင်ပါစေ။

အရှင်ဝါသေဋ္ဌာဘိဝံသ

ရွှေကျင်

၁၃၅၀–ဝါခေါင်လဆန်း–၆

http://www.dhammadownload.com



# အရှင်မောဂ္ဂလာန်မထေရ် နန္ဒောပနန္ဒနဂါးမင်းကို နှိမ်နင်းဆုံးမရာ၌ အရှင်မောဂ္ဂလာန်မှာ အပြစ်ရှိ–မရှိ

နန္ဒောပနန္ဒနဂါးမင်းကို အရှင်မောဂ္ဂလာန် ဆုံးမရာ နှိမ်နင်းရာ၌ ၎င်းကို နာကျင်အောင် ပြုသည့်အတွက် အရှင်မောဂ္ဂလာန်၏ ကိုယ်နာကျင်အောင်ပြုမှုကို ကျမ်းဂန်အရ သိကြရသော ပုဂ္ဂိုလ်အချို့က ရဟန္တာတို့၏ ကိုယ်နာကျင်အောင် ပြုမှုမျိုးကို အပြစ် မရှိဟု ဆိုနိုင်ပါအံ့လောဟု စောဒနာလိုကြ၏၊ ရဟန္တာအရှင်များ၌ ဒေါသဝိဟိံသာစသော အကုသိုလ်တရားများ အလျှင်း ပယ်သတ်ပြီးဖြစ်ရာ အရှင်မောဂ္ဂလာန်မထေရ်မြတ် နန္ဒောပနန္ဒနဂါးမင်းကို နှိမ်နင်းဆုံးမရာ၌ စိတ်ဆိုးသောစိတ် ညှင်းဆဲလိုသောစိတ်ထား သဘောထားမျိုးဖြင့် ပြုခြင်းကား မဟုတ်ပါပေ၊ အကျိုးမဲ့ပြုနေသော သတ္တဝါတစ်ဦးအပေါ်၌ သနားငဲ့ညှာ မေတ္တာ ကရုဏာတရားဖြင့် ဒုက္ခရောက်မည့်အရေးမှ အကာအကွယ်ပေးခြင်းသာ ဖြစ်ပါသည်၊ အမူက ကြမ်းသော်လည်း စိတ်ထားက နူးညံ့လျက်ရှိရာ အပြစ်ရှိသည်ဟု မဆိုနိုင်ပါပေ။

ဤနေရာ၌ အဘယရာဇကုမာရသုတ်ဖြင့်လည်း ရှင်းလင်းနိုင်ပါသည်၊ တစ်ခါက အဘယမင်းသားအား နိဂဏ္ဌနာဋပုတ္တက ဝါဒတင်ရန် သင်ပေးခဲ့၏၊ "မြတ်စွာဘုရား... သူတစ်ပါး မနှစ်သက်

http://www.dhammadownload.com



သောစကားများ ပြောပါသလား”ဟုမေး၊ ပြောတယ်ဆိုလျှင် သို့ဖြစ်က “ပုထုဇဉ်နှင့် ဘာထူးသေးသလဲ”ဟု ဆိုရမည့်အကြောင်း , မပြောဘူး ဆိုလျှင် “မြတ်စွာဘုရားသည် ဒေဝဒတ်ကို အပါယ်သွားမည့်သူ, ငရဲလားမည့်သူ, ငရဲမှာ တစ်ကမ္ဘာလုံး တည်မည့်သူ, ကုစားမရ ကောင်းသူ”ဟု ပြောခဲ့သည် မဟုတ်ပါလော ပြောဖို့အကြောင်း, ဤသို့ နှစ်ဖက်စွန်းထွက်သော အမေးမျိုး မေးဖို့ရာ သင်ပေးခဲ့၏။

အဘယမင်းသားက ဘုရားရှင်ကို ဆွမ်းဘုဉ်းပေးပင့်လျက် နံနက် အိမ်ကြွ ဆွမ်းဘုဉ်းပေးပြီးသောအခါ သင်ပေးသည့်အတိုင်း မေးလျှောက်ခဲ့၏၊ ဘုရားရှင်က မပြောဘူး၊ ပြောတယ် တစ်ခုခု ပြောရမည့် ထောင်ဖမ်းပုံကို သိတော်မူသည့်အတိုင်း “ဤအချက်မှာ တစ်ထစ်ချ ပုံသေ ပြောမရဘူး မင်းသား” ဟု ဖြေတော်မူသောအခါ “ဤအရာမှာတော့ နိဂဏ္ဌတွေ ပျက်စီးကုန်ပါပြီဘုရား” ဟု လျှောက်ထားခဲ့၏၊ ဘုရားရှင်က အကြောင်းမေးသောအခါ နိဂဏ္ဌနာဋပုတ္တက မိမိကို ဘုရားရှင်ကို ဝါဒတင်ဖို့ သင်ပေးလိုက် ကြောင်း, ယခု ဘုရားရှင်က ရှောင်လွှဲဖြေလိုက်၍ သူတို့အလို အယူအဆတွေ ပျက်ရတော့သည်ဖြစ်ရာ ဤသို့ လျှောက်ရကြောင်း လျှောက်၏။

ထိုအခါက မင်းသားရင်ခွင်၌ သားတော်ကလေး ရှိနေရာ

http://www.dhammadownload.com



ထိုကလေးကို ပုံစံထားလျက် ဘုရားရှင် မိန့်တော်မူသည်။

"သင့် သားတော်ကလေးမှာ ကလေးထိန်းက မေ့လျော့တုန်း သစ်သားစ အိုးချမ်းကွဲ တစ်ခုခု မျိုချမိ၍ လည်ချောင်းထဲ တစ်ဆို့နေလျှင် သင် ဘာလုပ်မလဲ"၊ "တပည့်တော် မရအရ လက်ချိတ်ပြီး ဆွဲထုတ်မှာပါ၊ အကယ်၍ မရလျှင် သံဆူးခွဖြင့် ကော်ထုတ်တန် ကော်ထုတ်ရပါမည်၊ အဘယ့်ကြောင့်ဆိုသော် တပည့်တော်သား အပေါ်မှာ သနားချစ်ခင်ခြင်း ရှိသောကြောင့် ဖြစ်ကြောင်း" လျှောက်ထား၏။

"ထို့အတူပဲ မင်းသား-သူတစ်ပါး မနှစ်သက်သော်လည်း မှန်ကန်အကျိုးရှိသော စကားမျိုးကို ငါဘုရား အခါအားလျော်စွာ မိန့်တော်မူရကြောင်း၊ အကြောင်းမှာ သတ္တဝါတို့၌ ငါဘုရား သနားခြင်း ရှိကြောင်း" ဘုရားရှင်က မိန့်တော်မူခဲ့၏။(မ၊၂၊၅၄)

အရှင်မောဂ္ဂလာန်မှာ ဘုရားရှင်၏ ဤသနားကြင်နာခြင်း မျိုးဖြင့် နှိမ်နင်းဆောင်ရွက်ရခြင်းဖြစ်ရာ သား၏ လည်ချောင်းတွင်းမှ သစ်သားစ, အိုးချမ်းကွဲကို ဆွဲထုတ်သော မိဘမေတ္တာ, ကရုဏာမျိုးကို မြင်လျှင်, ကြည့်တတ်လျှင် ထိုအရှင်မောဂ္ဂလာန်၏ နှိမ်နင်းခြင်းကို အပြစ်ဟု မရှုနိုင်တော့ပါပြီ။

အရှင်ဝါသေဋ္ဌာဘိဝံသ

http://www.dhammadownload.com

သီဟဠဒေဝနုဝပတိနှင့်

အချို့ပုဂ္ဂိုလ်တို့၏

သံသယ ...

http://www.dhammadownload.com



# သီဟသေနာပတိနှင့် အချို့ပုဂ္ဂိုလ်တို့၏ သံသယ

"သီဟသေနာပတိသည် သောတာပန် ဖြစ်ခဲ့၏၊ သောတာပန် ဖြစ်ပြီးနောက်လည်း ဗိုလ်ချုပ်ကြီးတာဝန် ထမ်းလျက်ပင်၊ သို့ဖြစ်လျှင် သူ့အဖို့ ပါဏာတိပါတ ကင်းနိုင်ပါအံ့လော"၊ ဤအချက်ကို ဖြေရှင်းရပါမည်။

သီဟသေနာပတိသည် သောတာပန်ပင်၊ ထို့ကြောင့် ပါဏာတိပါတကိုကား မဖြစ်စေပါ၊ သောတာပန်ဖြစ်ပြီးနောက် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းဆက်ကပ်ဖို့ရာ ဟင်းလျာ ဝယ်ခိုင်းသောအခါ "ဂစ္ဆ ဘဏေ ပဝတ္တမံသံ ဇာနာဟိ= အချင်းယောကျ်ား-အလိုအလျောက် ပေါ်သော အသားကို ရှာချေလော"ဟု အပြစ်ကင်းအောင် မှာခဲ့၏၊ များစွာသော နိဂဏ္ဌတို့က ဝေသာလီပြည် လမ်းတကာ လျှောက် , လက်မောင်းတို့ကို မြှောက်၍ "သီဟသေနာပတိသည် ယနေ့ ဝဖြိုးသော နွားကို သတ်၍ ရဟန်းဂေါတမအား ဆွမ်းကပ်၏၊ မိမိကို ရည်မှန်း,မိမိကို အကြောင်းပြု၍ ဖြစ်လာသော ထိုအသားကို ရဟန်းဂေါတမ သိလျက် စား၏"ဟု ကြွေးကြော်ကြ၏။

ယောကျ်ားတစ်ယောက်က စစ်သူကြီးထံသွားကာ နားအနီးမှာ

http://www.dhammadownload.com



ထိုအကြောင်းကို ပြောသောအခါ "သူတို့ဟာ ကာလကြာမြင့်စွာက ပင် ဘုရား, တရား, သံဃာ၏ ကျေးဇူးမဲ့ ပြောနေကြပဲကွာ၊ တို့ဟာ အသက်ဟူသော အကြောင်းကြောင့်ပင် သူ့အသက် သတ်တော့မှာ မဟုတ်ပါဘူး"ဟု ပြန်ပြောခဲ့၏၊ ဤ၌ စစ်ဗိုလ်ချုပ်ကြီး ဖြစ်လျက် သူ့အသက် မသတ်ဟူသော စကားကို လက်ခံဖို့ ခက်သလို ဖြစ်ပါလိမ့် မည်၊ သို့သော် သူကား စစ်သားသာမန် မဟုတ်၊ ဗိုလ်ချုပ် ဖြစ်၏၊ ထို့ကြောင့် သူ့အဖို့စစ်မတိုက်ပဲ စီမံရုံ စီမံနိုင်သူ ဖြစ်၏၊ အပြစ်ကင်း သော တိုက်တွန်းမှု, စီမံမှုစသည်ဖြင့် အပြစ်ကင်းအောင် ဆောင်ရွက်နိုင်ပါသည်။ (ဝိ ၊ ၃ ၊ ၃၃၄ ။)

ဤအရာ၌ ဗိမ္ဗိသာရမင်းကြီး ဆောင်ရွက်ပုံကို သတိပြုသင့်၏၊ တစ်ခါက တိုင်းစွန်ပြည်နား ပစ္စန္တရစ်မှာ သူပုန်တွေထ၍ လာရောက် လျှောက်ထား သံတော်ဦးတင်ကြ၏၊ ထိုအခါ မင်းကြီးက "ဂစ္ဆထ ဘဏေ ပစ္စန္တံ ဥစ္စိနထ(ဝိ၊၃-၁၀၃)=အချင်းတို့ သွားကြ၊ ပစ္စန္တရစ်ကို ကြီးပွားသာယာအောင် ပြုကြ"ဟု ခိုင်း၏၊ "သာယာကြီးပွားအောင်" ဆိုသည်မှာ "သူပုန်တွေ ထွက်ခွါသွားကြပြီး ရပ်သူရွာသားတွေ ပြန်လာအောင် လုပ်ကြ"ဟု ဆိုလိုကြောင်း အဋ္ဌကထာက ဖွင့်ခဲ့၏၊ သောတာပန်ဖြစ်သောကြောင့် သတ်ကြ တိုက်ကြ ဟု မခိုင်းဘဲ ယခုလို

http://www.dhammadownload.com



တိုက်တွန်းခြင်း ဖြစ်ကြောင်းလဲ ဖွင့်ခဲ့ပါသည်။

သီဟသေနာပတိ၊ ဗိမ္ဗိသာရရာဇာတို့ပါဏာတိပါတကံ မထိုက်ပုံကို ပိုရှင်းလင်းစေဖို့ ဓမ္မပဒ၊ ပါပဝဂ္ဂ၊ ကုက္ကုဋမိတ္တဝတ္ထုလာ အချက်အလက်ကို အတန်ငယ်မျှ ပြပါဦးမည်။

ရာဇဂြိုဟ်ပြည်က သူဌေးသမီးတစ်ယောက် မုဆိုးကြီးနောက်လိုက်ကာ အတူအကွ ပေါင်းသင်းနေထိုင်ခဲ့၏၊

ထိုအမျိုးသမီးမှာ ငယ်ရွယ်စဉ်ကပင် သောတာပတ္တိဖိုလ် ဆိုက်ပြီး ဖြစ်၏၊ မုဆိုးကြီးနှင့် ပေါင်းသင်းနေထိုင်စဉ် မုဆိုးကြီး တောလည်သွားမည့်အခါ "လေး မြား လှံ တံကျင် ပိုက်ကွန် ယူခဲ့" ဆိုလျှင် ယူပေးရ၏၊ ဤအချက်ကို အစွဲပြု၍ "သောတာပန်များ ပါဏာတိပါတ ပြုသေးသလော"ဟု ရဟန်းများက ပြောကြဆိုကြ၏။

ဘုရားရှင်က "သောတာပန်များ ပါဏာတိပါတ ပြုကြသည် မဟုတ်ကြောင်း၊ တကယ်တော့ ထိုအမျိုးသမီးမှာ လင်ယောကျ်ား၏ စကားကို လိုက်နာမည်ဟူသော စိတ်ထားဖြင့် ထိုသို့ လက်နက်တွေ ယူပေးခြင်း ဖြစ်ကြောင်း၊ ဤလက်နက်တွေ ယူသွားပြီး အသက်သတ်မှု ပြုစေလို သောစိတ်ထား သူ့မှာ မရှိကြောင်း၊ လက်ဝါးပြင်မှာ အနာမရှိလျှင် အဆိပ်ကို ကိုင်သော်လည်း ထိုအဆိပ်က အစဉ်မလိုက် မလောင်မြိုက်နိုင်ကြောင်း၊ ထို့အတူ

http://www.dhammadownload.com



အကုသိုလ်စေတနာ မရှိခြင်းကြောင့် မကောင်းမှု မပြုသော ပုဂ္ဂိုလ်အား လေး၊ မြား စသည် ထုတ်ပေးသော်လည်း မကောင်းမှု မည်သည် မဖြစ်ကြောင်း" မိန့်တော်မူခဲ့၏။

ဤအမိန့်တော်အရ သောတာပန်တို့အား "ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်တူ" ဆိုသော ပါဏာတိပါတ မြောက်ကြောင်းအမှုများ မဖြစ်, မပြု၊ တာဝန်အရ, ဝတ္တရားအရ ပြုလုပ်ဆောင်ရွက်ရာ၌ ထိုအမှု ထိုစိတ်ထားများ ကင်းလျက်ရှိကြောင်း ပြ၏၊ ဤသို့ ဖြစ်ရသည်မှာလည်း မဂ်၏ အစွမ်းအရ ဟုလည်း ဆိုနိုင်ပါ၏။

မဂ်၏ အစွမ်းကြောင့်ဟုဆိုရာ၌ ယခုပြဆိုမည့် ခုဒ္ဒကပါဌလာ သုတ်တစ်ခု၏ အဖွင့်အဆိုကိုလည်း ရှုပါဦး၊ ထိုသုတ်အဖွင့်၌ ဤသောတာပန်အရိယာကား ဘဝတစ်ပါး၌သော်ပင် မိမိ၏ အရိယာသာဝကအဖြစ် မသိသော်လည်း ဓမ္မတာအားဖြင့် သာလျှင် ပဥ္စာနန္တရိယကံ, ဘုရားမှတစ်ပါး ဆရာကို ညွှန်ကြားခြင်း အညသတ္ထာရုဒ္ဒေသ ပါဏာတိပါတစသော ကံငါးပါး မပြုကြောင်း မိန့်ဆိုခဲ့၏၊ ဤ၌ ဓမ္မတာဆိုသည်မှာ မဂ္ဂါနုဘာဝကို ဆိုခြင်းတည်း၊ မဂ်၏ အာနုဘော်ကြောင့် ဤသို့သော စွမ်းရည် ရှိနေခြင်းတည်း။

ဤအချက် ထင်ရှားစေဖို့ရာ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ၂၇၃-က ဓမ္မတာသိဒ္ဓ အရိယာတို့၏ သဘာဝကိုလည်း အကျဉ်းပြပါဦးမည်၊ ကြိုးကြာတို့အား နို့နှင့် ရေ ရောတိုက်လျှင် နို့သာဝင်၍ ရေ

http://www.dhammadownload.com



မဝင်၊ ဤသည်မှာ ယောနိသိဒ္ဓ=အမျိုးဇာတ်အားဖြင့် ပြီးသော သဘာဝ တစ်ရပ် ဖြစ်ပါ၏။

ထို့အတူ အရိယသာဝကသည် ဘဝတစ်ပါး၌သော်လည်း အသက်ဟူသော အကြောင်းကြောင့်ပင် သတ္တဝါကို မသတ်တော့၊ သေရည်အရက်ကို မသောက်တော့၊ ထိုအရိယသာဝက၏ ခံတွင်း၌ သေရည်အရက်နှင့် နို့ရည် ရောလျက် လောင်းဦးတော့၊ နို့ရည်သာ ဝင်၏၊ သေအရက် မဝင်၊ ဤသို့ ဖြစ်ရသည်မှာ ဓမ္မတာသိဒ္ဓ=အရိယ မဂ်တရား၏ အာနုဘော်ကြောင့် ပြီးသော စွမ်းရည် သဘာဝ တစ်ရပ်ပေတည်း။

ဆိုခဲ့ပြီးသော သောတာပန်တို့၏ ဓမ္မတာသိဒ္ဓ=မဂ္ဂါနုဘာဝဖြင့် ပြီးသော အစွမ်းဂုဏ်ရည်တို့ကို သိမြင်ခဲ့ပါက သောတာပန်၏ တာဝန်အရ ဝတ္တရားအရ ဆောင်ရွက်ရသော ကိစ္စများ အကြောင်းပြု၍ ပါဏာတိပါတ ဖြစ်လေသလော စသော သံသယများ ကင်းနိုင် လောက်ပါပြီ။

အရှင်ဝါသေဋ္ဌာဘိဝံသ

http://www.dhammadownload.com

# မိဂါရ သူဌေးက
# ဝိသာခါနှို့ကို
# ဓို့—မဓို့ ...

http://www.dhammadownload.com



# မိဂါရသူဌေးက ဝိသာခါနို့ကို စို့-မစို့

"မိဂါရသူဌေးက ချွေးမ ဝိသာခါ၏ နို့ကို စို့-မစို့"ဟူသော ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏ မေးခွန်းကို သပြေကန်ဆရာတော်ကြီးက ဖြေထားသည်မှာ ဤသို့ ဖြစ်ပါ၏။

## နေယျတ္ထ-တဲ့

ကန့်လန့်ကာအတွင်းမှ နေ၍ တရားနာနေသော မိဂါရသူဌေးသည် သောတာပန်အဖြစ် ရောက်သွားသောအခါ ကန့်လန့်ကာမ,လျက် ထွက်လာကာ ချွေးမ ဝိသာခါ၏ သားမြတ်ကို ပါးစပ်ဖြင့်စုပ်ငုံ၍ "သမီးဟာ ယနေ့က စပြီး ငါ၏ အမေပဲ"ဟု ဝိသာခါကို အမိအရာ၌ ထားကြောင်း ဓမ္မပဒအဋ္ဌကထာ၌ လာရှိရာ ထိုစကား၌ "သုဏှာယ ထနံ မုခေန ဂဟေတွာ"ဟု လာရှိသော ပါဠိကို အစွဲပြု၍ အငြင်းပွားခဲ့ကြ၏၊ အချို့က "ဘုရားရှေ့မှာ ဤသို့ ပြုဖို့ မလျော်၊ သားကလဲ ခံချင်မည် မဟုတ်,"ဟု ယူဆလျက် ဤစကားကို နီတတ္ထစကားအဖြစ် မယူလိုကြ၊ ထို့ကြောင့် "နို့" ဆိုသည်မှာ ပကတိနို့မဟုတ်၊ ပညာနို့ကို ဆိုလိုကြောင်း နေယျတ္ထစကားအဖြစ် ယူလိုကြ၏။

http://www.dhammadownload.com



## နေယျတ္ထ ဟုတ်ပါ၏လော ?

"သာဏိကဏ္ဍံ ဥက္ခိပိတွာ အာဂတွာ သုဏ္ဏာယ ထန် မုခေန ဂဟေတွာ တွံ မေ အဇ္ဈတော ပဋ္ဌာယ မာတာတိ တံ မာတုဋ္ဌာနေ ဋ္ဌပေသိ" ဤပါဠိ၌ အထက်က မြန်မာလို ပြဆိုခဲ့သည့် အတိုင်း နေယျတ္ထအရိပ်အသွင် မထင်ခဲ့ပါပေ၊ ထိုအခါက မိဂါရသူဌေးကြီး၏ လှုပ်ရှားပြုမူပြောဆိုပုံကို အရှိအတိုင်း ဖော်ပြသော စကားအဖြစ် ပေါ်လွင်လျက် ရှိပါသည်၊ အချို့ ယူဆသကဲ့သို့ ပညာနို့ ဆိုရလောက် အောင်လည်း ထိုသို့ ယူဆဖို့ ပါဠိအသွားက ညွှန်ပြသည် ဆိုဖို့လည်း မလွယ်လှ၊ ပညာနို့ဖြစ်လျှင် ပညာနို့ဟု အဋ္ဌကထာ တိုက်ရိုက် ပြမည်သာ ဖြစ်ပါလိမ့်မည်။

## နေယျတ္ထ မဟုတ်ကြောင်းပြ စကားတစ်ရပ်

နေယျတ္ထ မဟုတ်ကြောင်းကို ညွှန်ပြသည့် စကားတစ်ရပ်လည်း ရှိပါသေး၏၊ ၎င်းမှာ "မဟာသေဋ္ဌိ သုဏ္ဏာယ ထန် ဝိဿဇ္ဇေတွာ" စသော ပါဠိပင်ဖြစ်ပါပေ၏၊ နို့ကို ခံတွင်းဖြင့် စုပ်စို့သည် ဖြစ်သောကြောင့်ပင် ချေးမ၏ နို့ကို လွှတ်၍ ဟူသော နောက်စကားကို ဆိုခြင်း ဖြစ်ဖို့ ရှိပါ၏၊ နို့ကို ပညာဟုယူလျှင် "သုဏ္ဏာယ ထန်

http://www.dhammadownload.com



ဝိသာခေတ္တာ” ဟူသော ဤစကားကို ဘယ်သို့ ယူပါမည်နည်း၊ သင့်လျော်စပ်ဟပ်အောင် ယူဖို့ လွယ်လှမည်မထင်ပါ။

## အရှင်မဟာဗုဒ္ဓဃောသ အဆို မဟုတ်

သို့ဖြစ်လျှင် ဆိုခဲ့ပြီး စကားတွေကို ဘယ်သို့ ဆိုမည်နည်း၊ ဤနေရာ၌ ဆက်လက် စဉ်းစားဖွယ်အချက်များ ရှိပါ၏၊ ဓမ္မပဒအဋ္ဌကထာ၌ အချို့အဆိုများသည် ထိုထိုအရှင်မဟာဗုဒ္ဓဃောသရေး အဋ္ဌကထာအချို့အဆိုများနှင့် ကွဲပြားခြားနားလျက်ရှိရာ အချို့က ထို ဓမ္မပဒအဋ္ဌကထာမှာ အရှင်မဟာဗုဒ္ဓဃောသရေး မဟုတ် ဆိုကြ၏၊ ထိုအဆိုတိုင်း ဆိုလျှင် ဆိုခဲ့ပြီး ဓမ္မပဒအဋ္ဌကထာအဆိုမှာ အရှင်မဟာဗုဒ္ဓဃောသအဆို မဟုတ်ဟု ဆိုရန် ရှိ၏၊ သို့သော် ဓမ္မပဒအဋ္ဌကထာ အရှင်မဟာဗုဒ္ဓဃောသမထေရ်ရေး မဟုတ် ဆိုသော စကားကို အများက လက်မခံကြ။

## ဓမ္မပဒဘာဏကတို့အဆို

အရှင်ဗုဒ္ဓဃောသမထေရ်ရေး အချို့အဋ္ဌကထာများ၌ပင် အဋ္ဌကထာတစ်ခုနှင့်တစ်ခု အဆိုမတူ ကွဲပြားသောအရာ၌ ထိုအချက်ကို ဆရာ့အဆို မဟုတ်ကြောင်း, ထိုထိုဘာဏကတို့၏

http://www.dhammadownload.com



အဆိုဖြစ်ကြောင်း ဆုံးဖြတ်ကြ၏၊ ဤဓိလည်း ဆရာ့အဆိုမဟုတ်၊ ဓမ္မပဒဘာဏကတို့အဆို ဖြစ်သည်ဟုဆိုရပါမည်၊ ထိုသို့ ဆိုရသည်မှာလည်း ဤဓမ္မပဒအဋ္ဌကထာနှင့် မတူကွဲပြားသော အဆိုတစ်မျိုးကို အင်္ဂုတ္တရအဋ္ဌကထာ၌ တွေ့ရသောကြောင့်တည်း။

ထိုအဋ္ဌကထာ၌ "ဒေသနာပရိယောသာနေ သေဋ္ဌိ သောတာ ပတ္တိဖလေ ပတိဋ္ဌာယ သာဏိ ဥက္ခိပိတွာ သတ္ထု ပါဒေ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ သတ္ထု သန္တိကေယေဝ စ 'တွံ အမ္မ အဇ္ဇ အာဒိံ ကတွာ မမ မာတာ' တိ ဝိသာခံ မာတုဋ္ဌာနေ ဌပေသိ" (အံ၊ ဋ္ဌ၊ ၁၊ ၃၂၀) ဟုဆို၏။

ဤအဋ္ဌကထာ၌ကား ကန့်လန့်ကာ မ,ထွက်လာကာ ဝိသာခါနှိ့ စို့ကြောင်း မလာ၊ ကန့်လန့်ကာ မ,ထွက်လာကာ ဘုရား ခြေတော်တို့ကို ရှိခိုး၍ ဘုရားရှေ့ ဘုရားအထံ၌ပင် "ချစ်သမီး သမီးသည် ယနေ့မှစ၍ ငါ့အမေပဲ" ဟု ဝိသာခါကို အမိအရာ ထားကြောင်းသာ လာ၏၊

ဤအဋ္ဌကထာစကားသည်သာ အငြင်းပွားစရာ အချက်မပါ စေဒနာဖွယ်အဆို မတွေ့ရသောကြောင့် ရှေးအဋ္ဌကထာ ဆရာတို့အဆို ဖြစ်လိမ့်မည်လော ဟု တွေးတောယူဆမိပါသတည်း။

အရှင်ဝါသေဋ္ဌာဘိဝံသ

http://www.dhammadownload.com

ဝိသာခါကို ဘုရားရှင်

မိန့်တော်မူသည် ဆိုသော

စကားတစ်ရပ်ကို မိခင်ချက် ...

http://www.dhammadownload.com



# ဝိသာခါကို ဘုရားရှင် မိန့်တော်မူသည် ဆိုသော စကားတစ်ရပ်ကို စိစစ်ချက်

"ကာမဂုဏ် မှိဝဲစဉ်မှာပင် ငါဘုရားကို မမေ့နဲ့ဟု ဝိသာခါအား ဘုရားရှင်က မိန့်တော်မူသည်ဟု ဆိုရာ ထိုအဆို မှန်ပါသလော" ဟူသော ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏ အမေးကို သပြေကန်ဆရာတော်ကြီးက ဤသို့ အဖြေပေးထားပါသည်။

## အာဂုမ်လည်း မရှိ

"ဝိသာခါ ငါဘုရားကို ဘယ်အခါများ မေ့သလဲ? ဤသို့ ဘုရားရှင် မေးတော်မူသည်ကို ကာမဂုဏ် ခံစားပျော်ပါးနေသောအခါ မေ့ကြောင်း လျှောက်ထားသော် ထိုသို့သောအခါ၌ပင် မမေ့ဖို့, အမှတ်ရဖို့ တိုက်တွန်းမိန့်ကြားတော်မူသည်"၊ ဤကား အချို့ပြောနေကြသော စကားတစ်ရပ် ဖြစ်၏၊ ထိုစကားကို ငယ်ရွယ်စဉ်ကပင် ကြားဖူးခဲ့ရာ ကျမ်းဂန်များ၌ စုံစမ်းသော်လည်း ရှာမတွေ့ခဲ့၊ ဓမ္မကထိကဆရာတော်တစ်ပါးက ထိုအကြောင်းကို ဆရာတော်ကြီး တစ်ပါး ဟောသံ ကြား၍ မိမိဟောခဲ့ကြောင်း, စာမှာ မတွေ့ရကြောင်း, ဘယ်မှာပါသည်ကို သိလိုကြောင်း လျှောက်ထားခဲ့၍ တိုက်ရိုက်အဆိုကို မတွေ့ရသော်လည်း အနီးကပ်ဆုံး ထိုသဘော

http://www.dhammadownload.com



ပါဝင်သော စကားများ တွေ့ရမည်လားဟု ရှာဖွေသော်လည်း မတွေ့ရ၊ စာတတ်ပေတတ်ဆရာတော်များအား မေးမြန်းကြည့်သော်လည်း မတွေ့ဖူးကြောင်းသာ ဆိုကြပါသည်၊ ကျမ်းဂန်မှာမပါ,အပြောအရသာ တွင်ကျယ်နေသော ထိုစကားကို အမှန်စကား မဟုတ်ဟုသာ ဆိုဖို့ ရှိပါတော့၏။

## ယုတ္တိလည်း စမ်းမရ

ဤသို့ အာဂမယုတ္တိအားဖြင့် စမ်းမရသော်လည်း သဘာဝယုတ္တိအားဖြင့် စမ်းကြည့်ကြပါစို့၊ "ကာမဂုဏ်မှိဝဲသောအခါမှာပင် ငါဘုရားကို အောက်မေ့ရမည်ဟု ရှင်တော်မြတ် မိန့်တော်မူသည်" ဟူသော စကားမှာ အာဂုံအားဖြင့်လည်းကောင်း, ယုတ္တိအားဖြင့် လည်းကောင်း ဘယ်ဘက်ကမှ ရှင်းမရသော စကားပင် ဖြစ်ပါသည်၊ သာမန်ဝတ္ထုအာရုံတွေပင် စွဲနေလျှင် ဗုဒ္ဓါနုဿတိ၏ သက်ရောက်ရာ မဟုတ်၊ ဥပမာ-အလွန်လှပသော မိန်းကလေးရုပါရုံတွင် နှစ်ဝင်အောင် မက်မောရှုစားနေသူအဖို့ ဘုရားဂုဏ် အာရုံပြုဖို့ရာ မလွယ်လှ၊ ယခုလို အလွန်စွဲမက်ဖွယ် ဖောဋ္ဌဗ္ဗအတွေ့ မေထုန်မှီဝဲရာအခါ၌ သတိရဖို့ ဆိုသည်မှာ သာလွန်ခက်ခဲလှပါသည်၊ ကာမဂုဏ်နှင့် နေက္ခမ္မက တစ်ဖက်တစ်လမ်း ဖြောင့်ဖြောင့် ဆန့်ကျင့်ဖက်ဖြစ်ရာ

http://www.dhammadownload.com



ကာမဂုဏ်ဖြစ်ရာ၌ နေကွမ္မမဝင်သာ၊ နေကွမ္မဖြစ်ရာနေရာ၌လည်း ကာမဂုဏ်သက်ရောက်နိုင်ရာ အခွင့်မရှိ၊ တစ်ဖက်တစ်လမ်း ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်ဖြစ်သောကြောင့်ပင် ဘုရားရှင်က ဤသို့ အရာမျိုး၌ မိမိကို မမေ့ဖို့ တိုက်တွန်းသည် ဆိုသည်မှာ အရာမဟုတ်၍ ယုတ္တိမရ ယူဆပါသည်၊ ဤ၌နေကွမ္မဆိုသည်မှာ ကာမမှလွတ်ရာ ဈာန်,ဝိပဿနာ စသောတရားများကို ဆိုလိုပါသည်။

## ပါဠိဖြင့် နှီးနှောကြဦးစို့

ဥပရိပဏ္ဏာသ ဒန္တဘူမိသုတ်၌ ဇယသေနမင်းသားက အစိရဝတသာမဏေကို 'သာသနာတော်၌ မမေ့မလျော့အားထုတ်နေသောရဟန်းမှာ သမာဓိရသည်ဆိုသည်မှာ ဟုတ်ပါသလော' ဟုမေး၏၊ ဟုတ်ကြောင်း ဖြေ၏၊ ထိုအခါ မင်းသားက တရားဟောဖို့ တောင်းပန်၏၊ ကိုရင်က ငြင်းသည်၊ ကိုရင် ဟောသောတရားကို မင်းသားနားလည်လျှင် ကောင်း၏၊ မသိလျှင် ကိုရင် ပင်ပန်းရုံရှိမှာပေါ့၊ သိချင်သိမှာပေါ့ ကိုရင်၊ ဟောသာဟောပါ ဟု လျှောက်သောအခါ "ကိုရင်ဟောသောတရားကို သိလျှင် ကောင်း၏၊ မသိလျှင် အသာနေ၊ ထပ်တွန့် မေးမနေနဲ့" ဟု ချည်တုပ်သောအခါ မင်းသားက ဝန်ခံ၏၊ ထိုအခါကိုရင်က "ကသိုဏ်း ဤသို့ပွား၊

http://www.dhammadownload.com



သမာဓိ ဤသို့ရလိမ့်မည်၊သမာပတ် ဤသို့ဝင်စားနိုင်လိမ့်မည်”စသည်ဖြင့် ဟောခဲ့၏၊ သူက လက်မခံ၊ သာသနာမှာ မမေ့မလျော့ အားထုတ်က သမာဓိ ရတယ် ဆိုတာ မဖြစ်နိုင် ဆိုကာ ထပြန်သွားခဲ့၏။

## ကာမသမားက နေက္ခမ္မကို လက်မခံနိုင်

ကိုရင်က သမာဓိဖြစ်ကြောင်းနည်း ပေး၏၊ နည်းကလည်း နည်းမှန်၊ သူက ကာမဂုဏ်သမား၊ သူ့စိတ်ထဲမှာ ကာမဂုဏ်တွေက နေရာယူထား၏၊ ကာမဓာတ်ခံ လက်ခံသိမ်းသွင်းထားသော သူ့စိတ်က ဘယ်မှာ သမာဓိဟူသော နေက္ခမ္မကို လက်ခံနိုင်ပါအံ့နည်း၊ ထို့ကြောင့်ပင် ငြင်းဆန်ထွက်ခွါသွားခြင်း ဖြစ်၏၊ ကိုရင်က ဤအကြောင်းကို ဘုရားရှင်ထံ သွားလျှောက်ထားသောအခါ ဘုရားရှင်က “နေက္ခမ္မဖြင့်သာ သိနိုင် မြင်နိုင် ရောက်နိုင်သော သမာဓိမျိုးကို ဘုရားရှင်ကို ကာမအလယ်မှာ နေ, ကာမဂုဏ်တွေ ခံစား, ကာမအကြံတွေ အစားခံနေရ, ကာမအပူတွေ အလောင်ခံနေရသော ဇယသေနလို မင်းသားမျိုး သိနိုင်သည်ဆိုသည်မှာ ဖြစ်နိုင်သော အကြောင်း မဟုတ်ကြောင်း ဟောတော်မူ၏။

http://www.dhammadownload.com



ဤဘုရားစကားတော်အရ ကာမနယ်သည် နေကွမ္မ သက်ရောက်ရာ မဟုတ်ကြောင်း သိနိုင်သည်ဖြစ်ရာ ဘုရားရှင်က ဝိသာခါအား ဤသို့ တိုက်တွန်းသည် ဆိုသည်မှာ ယုတ္တိ, အာဂမ နှစ်ဌာန မရသော အပြောတစ်မျိုးဟု ယူဆဖွယ်သာဖြစ်ပါ ပေသတည်း။

ကိံ နွယံ နိစ္ဆယော ယုတ္တော, န ယုတ္တောတိ ဝိစာရယံ။
ယုတ္တောတိ စေ မညေယျာသိ, ဂဏှ တံ ပဏ္ဍိတော တုဝံ။

(ကိံနွယံ-ကိံ နု အယံ)ဤအဆုံးအဖြတ်သည် သင့်သလော, မသင့်သလောဟု စဉ်းစားဆင်ခြင်လျက် သင့်သည်ထင်က ပဏ္ဍိတ မည်တွင် ဆရာတော်အရှင်သည် ထိုအဆုံးအဖြတ်ကို လက်ခံပါလေ။

အရှင်ဝါသေဋ္ဌာဘိဝံသ
ရွှေကျင်

http://www.dhammadownload.com

နိုင်ငံခြားရဟန်းတော်များနှင့်

ဒေါ်လာကိစ္စ ...

http://www.dhammadownload.com



# နိုင်ငံခြားသား ရဟန်းတော်များနှင့် ဒေါ်လာကိစ္စ

" နိုင်ငံခြားသား ရဟန်းတော်များနှင့် ဒေါ်လာကိစ္စ" အကြောင်းနှင့်စပ်၍ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်က မေးထားသဖြင့် သပြေကန်ဆရာတော်ကြီးက ဤသို့ပြန်လည် မိန့်ကြားကာ အဖြေ ပေးထားပါ၏။

၁၃၅၀၊ တော်သလင်းလပြည့်ကျော် (၅)ရက်

ဆရာတော် အရှင်ပဏ္ဍိတထံ

အလေးထား ရေးသားအပ်ပါ၏။ ဆရာတော်အရှင် တာဝန်ပေးထားတာ တော်တော်ကြာသွားပါပြီ၊ တကယ်တော့ ဝိနည်းအရာ ဆိုသည်မှာ လွယ်ကူလှသည် မဟုတ်၊ တိုက်ရိုက်အဆိုနဲ့ ဆုံးဖြတ်ရသည် မဟုတ်တော့ အဆုံးအဖြတ် မလွယ်သလို ဖြစ်ရ၏၊ ထို့ကြောင့် သုတ်, ဝိနည်း, အဘိဓမ္မာမှာ ဝိနည်းအဆုံးအဖြတ် အခက်ဆုံးဟု မိန့်ဆိုကြ၏။

http://www.dhammadownload.com



အာပတ်သင့်တဲ့ဖက် ရှုမြင်ဖို့ရာ မကြိုးစားဖို့ , အာပတ်မသင့်ခြင်းကို ကြည့်ရှုမည်ဟု စိတ်ထားဖို့ အဋ္ဌကထာ မှာခဲ့သည် တစ်ဖြာ, ပညာရှိတို့နှင့် တိုင်ပင်နှီးနှော ရှုးစမ်းဆင်ခြင် ဆုံးဖြတ်ရမည်ဆိုသည့် တစ်ချက်ကို သတိထားမိသော်လည်း ပညာရှိတို့နှင့် နှီးနှောခွင့် မရ၍ ပညာရှိ အရှင်ပဏ္ဍိတာဘိဝံသနှင့်သာ သံသန္ဒနအမှု (နှီးနှောမှု) ပြုရတော့မည်ဖြစ်၍ ဂရုတစိုက် ရှုစားဆင်ခြင်ပေးပါဟု တိုက်တွန်းရပါ၏။

အထောက်ပါဠိတွေကို ညွှန်းရုံသာညွှန်းလိုက်ပါသည်၊ တကယ်တော့ အဆုံးအဖြတ် သိဖို့က လိုရင်းဖြစ်ရာ ကြည့်နိုင်သော ပုဂ္ဂိုလ်များအဖို့တော့ ကျမ်းညွှန်းနဲ့ပင် လုံလောက်ပြီ သဘောရပါ၏၊ စာရေးပြီးတာတော့ ကြာပါပြီ၊ သို့သော် ကိုယ့်အဆို အားမရသလိုဖြစ်တိုင်း စာတွေကြည့်ရတာ တစ်ကြောင်း, တစ်ခြားကိစ္စ များလှတာ တစ်ကြောင်းကြောင့် ကြာသွားရသည်ကို ခွင့်လွှတ်တော်မူရန် တောင်းပန်ရပါသည်။

ကျန်းမာ၍ ချမ်းသာတော်မူပါစေ
အရှင်ဝါသေဋ္ဌာဘိဝံသ

http://www.dhammadownload.com



## နိုင်ငံခြားသား ရဟန်းတော်များနှင့် ဒေါ်လာ

နိုင်ငံခြားသား ရဟန်းတော်များ၌ ဒေါ်လာများ ပါလာရာ“ထို ဒေါ်လာထဲမှ ဒေါ်လာတစ်ရာကိုကား မလဲမနေရ၊ ဤနိုင်ငံက ငွေနှင့် လဲလှယ်ရ၏၊ ကျန်သော ဒေါ်လာများကိုကား ဘယ်လောက် ရှိသည်ဟု စာရင်းကြေငြာရသည်” ဆို၏၊ ထိုသို့ကြေငြာသည့်အခါ ပါသည့်အတိုင်း မကြေငြာဘဲ မိမိအကျိုးအမြတ်အတွက် မှော်လျက်ထိန်ဝှက် ချန်ထားတတ်၏၊ ဤကိစ္စ အတွက် ရဟန်းတော်များ၌ ဘယ်သို့ အပြစ်ရှိမည်ကို မေးလျှောက်ခဲ့ကြ၏၊ ဤအရာ၌ မိမိအမြင်ကို တင်ပြရပါမည်။

ဤအချက်၌ ထိုရဟန်းတို့သည် မရိုးသော စိတ်ထားဖြင့် လိမ်လည်လှည့်ဖျားဝှက်ထားခြင်းဖြစ်ရာ ထေယျာဝဟာရနှင့် ငြိနေမည်လော တွေးတောဖွယ်ရာ ဖြစ်နေပါ၏၊“ထေယျာဝဟာရ”ဆို သည်မှာ ပုန်းလျှိုးကွယ်လျှိုးပြုကာ အိမ်နံရံကို ဖောက်ချိုးခြင်းစသည်, ချိန်စဉ်းလဲ, တင်းစဉ်းလဲ, အသပြာစဉ်းလဲ စသည်တို့ဖြင့် လိမ်လည်လှည့်ဖျားလျက် ယူခြင်းဖြစ်၏။ (ဝိ၊ ၄၊ ၁၊ ၃၃၀)

ထိုထေယျာဝဟာရအရာ၌ လိမ်လည်လှည့်ဖျား ယူရာဝယ် ပစ္စည်းရှင်က ပေးအပ်သော ပရိစ္စတ္တဘဏ္ဍာ, မပေးအပ်သော

http://www.dhammadownload.com



ပရပရိဂ္ဂဟိတဘဏ္ဍာဟု နှစ်မျိုး ရှိနိုင်၏၊ ထိုဘဏ္ဍာနှစ်မျိုးကို လိမ်လည်လှည့်ဖျားယူမှု အစွဲပြု၍ ပါရာဇိက ကျ-မကျ ဆုံးဖြတ်ရ၏။

ပရိစ္စတ္တဘဏ္ဍာ ယူရာ၌ အဆုံးအဖြတ်ကို ဤသို့ သိအပ်၏၊ ရှေးက ရဟန်းတစ်ပါး သံဃာ၏ ဆွမ်းကို ဝေဖန်သောအခါ တကယ်မရှိသော ပုဂ္ဂိုလ်တစ်ဦးကို ရည်ညွှန်းလျက် တစ်ပါးပုဂ္ဂိုလ်၏ အဖို့ကို ပေးပါဟု အခြေအမြစ် မရှိဘဲ မရိုးမသားလိမ်လည်လှည့်ဖျားလျက် ယူခဲ့၏၊ နောက်ကုက္ကုစ္စ ဖြစ်၍ ဘုရားရှင်အား လျှောက်ထားသောအခါ "အနာပတ္တိ ဘိက္ခု ပါရာဇိကဿ၊ အာပတ္တိ သမ္ပဇာန မုသာဝါဒေ ပါစိတ္တိယဿ"ဟုအဆုံးအဖြတ် ပြုတော်မူခဲ့၏။ (ဝိ၊၁၊၇၃)

ဤ၌ မရှိသော ပုဂ္ဂိုလ်ကို ရည်လျက် ထိုသူအတွက် ပေးပါဟု လိမ်လည်လှည့်ဖျားတောင်းပါလျက် ပါရာဇိက အာပတ် မသင့် ဆိုသည်မှာ ဥစ္စာရှင်တို့က ပေးသောကြောင့် ဖြစ်ကြောင်း အဋ္ဌကထာ မိန့်ဆိုခဲ့၏။ (ဝိ၊ ဋ္ဌ၊၁၊ ၃၃၄)

ဥစ္စာရှင်တို့က ပေးသော ဥစ္စာမှာ ပရိစ္စတ္တ ဖြစ်၏၊ ပရပရိဂ္ဂဟိတ မဟုတ်တော့၊ ထို့ကြောင့် ပါရာဇိက မဖြစ်ရသည်ဟု သိ၊ ပစ္စည်းရှင်တို့က ပေး၍ ပါရာဇိက မကျသော်လည်း

http://www.dhammadownload.com



လိမ်လည်လှည့်ဖျား ယူသောကြောင့် ဘဏ္ဍာဒေယျကား ဖြစ်၏၊ ထိုစကား မှန်၏၊ လူတို့၏ ဥစ္စာကို ဥစ္စာရှင်ကဖြစ်စေ, ဥစ္စာရှင်စေခိုင်း အပ်သူကဖြစ်စေ ပေးလှူအပ်သည်ကို တစ်ပါးရဟန်း၏ အဖို့ကို ပေးပါဦး ဆို၍ ယူသော ရဟန်းအား ဘဏ္ဍာဒေယျ ဖြစ်၏ဟု အဋ္ဌကထာ ဆိုအပ်၏၊ တစ်ပါးရဟန်း၏ အဖို့ကို ပေးပါ ဆိုသည်မှာ ထင်ရှားမရှိသော ပုဂ္ဂိုလ်ကို ဖော်ပြ၍ ယူအပ်သောကြောင့် ဘဏ္ဍာဒေယျ ဖြစ်ရ၏။ (ဝိ ဋ္ဌ ၊ ၁ ၊၃၃၄၊သာရတ္ထ၊ ၂ ၊ ၁၆ ။)

ဆိုခဲ့ပြီးစကားများအရ ထေယျာဝဟာရအရာ၌ လိမ်လည်လှည့်ဖျားရုံ သက်သက်ဖြင့် အပြစ် ရောက်သည် မဟုတ်၊ လိမ်လဲ လိမ်, သူ့ထံမှ ပစ္စည်းလဲ ရယူမှ အပြစ်ရခြင်း ဖြစ်၏၊ ဆိုခဲ့ပြီး နိုင်ငံခြား ရဟန်းတော်များသည် ပစ္စည်းစာရင်းလိမ်ညာခြင်းသာ ပြုကြ၍ အစိုးရထံမှ ဘာပစ္စည်းကိုမှ ရသည် ယူသည် မဟုတ်သောကြောင့် ပါရာဇိကဖြင့် စွဲဆိုနိုင်ခွင့် မရှိပေ၊ ပစ္စည်း မရ မယူသောကြောင့်ပင် လိမ်လည်သော်လည်း ဘဏ္ဍာဒေယျဖြင့် မဆိုနိုင်၊ သမ္ပဇာနမုသာဝါဒ ပါစိတ် အာပတ်ဖြင့်သာ ဆိုခွင့်ရှိပါတော့၏၊ ထို့ပြင် ထိုပစ္စည်းအတွက် အကောက်ခွန်ပေးဖို့ သတ်မှတ် ပြဋ္ဌာန်းချက် စသည် တစ်စုံတစ်ရာ မရှိသောကြောင့် "သုင်္ကဃာတ" စသည်ဖြင့်လဲ

http://www.dhammadownload.com



စောဒနာခွင့် မရှိပါ။

၁၅-၂-၈၉

ဩဝါဒါစရိယ ပဓာနနာယက အရှင်ပဏ္ဍိတာဘိဝံသထံ အလေးထား ရေးသားအပ်ပါသည် ဆရာတော်။

ဆရာတော် မေးခဲ့သော ပဌမ ဒေါ်လာပြဿနာကို ဖြေပြီးနောက် ဒုတိယပြဿနာ(၅)ချက် မေးခဲ့ပြန်ပါသည်၊ ထိုအမေးကို လေ့လာရင်း ပဌမ အမေး အဖြေကို ပြန်လည်လေ့လာခဲ့မိပြန်ပါသည်၊ အရေးကြီးသော အကြောင်းအရာဖြစ်၍ အစိုးရ အကောက်ခွန်ဆိုင်ရာ ဥပဒေများကိုလည်း လေ့လာခဲ့ပါသည်၊ ထို့မှုမက ထိုထိုဆရာတော် များကိုလည်း မေးမြန်းခဲ့ပါ၏၊ မေးသမျှ ဆရာတော်အားလုံးကပင် ပါရာဇိကဖြင့် ဆုံးဖြတ်လိုကြပါသည်၊ ယခု ဆရာတော်ထံ ပို့လိုက်သော ဝိနိစ္ဆယရှင် အရှင်အဂ္ဂဉာနာဘိဝံသကျမှ အပြစ် မရှိ ကြောင်း ဝိနိစ္ဆယ ရခဲ့ပါ၏၊ ဤဆရာတော်ထံ တပည့်တော် ပေးခဲ့ သည်မှာ အတော် နောက်ကျ, စာတိုက်ကလဲကြာသဖြင့် တော်တော် ကြာသွားပါသည်။

http://www.dhammadownload.com



ဤဆရာတော်၏ အဆုံးအဖြတ်မှာ အတော်ကျနတိကျလှသည်ဖြစ်၍ ဗဟုသုတအများလည်း ပေးထား၍ မူရင်းအတိုင်း အပြည့်အစုံ ဆရာတော်ထံ ဆက်ကပ်စေရပါသည်၊ ဤမျှကြာသည်ထိအောင် ဖြစ်ရခြင်းဖြင့် မလေးစားသကဲ့သို့ ဖြစ်ရသည်ကိုလည်း ခွင့်လွှတ်စေချင်ပါသည်၊ ဆရာတော်နှင့် တစ်နေရာရာမှာ ဆုံမိတွေ့မိလျှင်လဲ မိမိ အကျိုးအကြောင်း ပြောဖြစ်ပါလိမ့်မည်၊ မတွေ့မဆုံရ၍လည်း မပြောဖြစ်ခဲ့ခြင်း ဖြစ်ပါ၏၊ ပါရာဇိကဟု ဆုံးဖြတ်ဖို့အရေးကြုံက တပည့်တော်မှာ ဝန်လေးပါ၏၊ ထို့ကြောင့်ပင် ပါရာဇိကမဖြစ်ဖို့ဖက်က သေချာအောင် လိုက်နေခြင်းဖြစ်ပါသည်။

ဆရာတော်အရှင်ထာဝစဉ် ကျန်းမာချမ်းသာတော်မူစေကြောင်း ဆုတောင်းလျက် ရှိပါသည်။

ဝါသေဋ္ဌာဘိဝံသထွေရော

ရွှေကျင်

http://www.dhammadownload.com



၁၃၅၀–ခု တပို့တွဲလဆန်း (၄)ရက် (၉–၂–၈၉)

ရွှေကျင်ဆရာတော်,
ကျိုတော်ရပ်, မင်္ဂလာတော်ညွန့်မြို့နယ်ထံ

တပည့်ရိုသေစွာ လျှောက်ထားပါသည် ဆရာတော်ဘုရား၊ ဆရာတော် ဘုရားထံမှ ပြာသိုလ်လဆန်း(၁)ရက် နေ့စွဲပါ စာကို ပြာသိုလ် လဆုတ်(၁၂)ရက်နေ့တွင် ရရှိပါသည်ဘုရား၊ ထိုစာ၌ ဆရာတော် ဘုရားက တပည့်အား ပြဿနာမေးခြင်းဖြင့် ချီးမြှောက်တော်မူသည်ကို တွေ့ရ၍ များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်ဘုရား၊ ဆရာတော် ဘုရား၏ မေးမြန်းမှုသည်–

အဒိန္နာဒါနမနုဿဝိဂ္ဂဟစီတိက္ကမာ ပန သုခုမာ စိတ္တာလ ဟုကာ၊ တေ သုခုမေနေဝ အာပဇ္ဇတိ၊ သုခုမေနေဝ ရက္ခတိ၊ တသ္မာ ဝိသေသေန တံဝတ္ထုကံ ကုက္ကုစ္စံ ပုစ္ဆိယမာနော“အာပတ္တိ”တိ အဝတွာ သစသ......။ပ။.....အနွေဝါသိကော ပဏ္ဍိတော အတ္ထိ၊ တဿ သန္တိကံ ပေသေတဗ္ဗော။ (ဝိ၊ဋ္ဌ၊၁၊၂၀၂)

http://www.dhammadownload.com



ဟူသော အဋ္ဌကထာ၏ ညွှန်ကြားမှုအရ ဖြစ်နိုင်သည့်အပြင် တပည့်အား ဝိနိစ္ဆယဉာဏ် ထက်သန်လာစေရန် ချီးမြှောက်ခြင်းလည်း ဖြစ်နိုင်သည်ဟု ယူဆမိပါသည်၊ တပည့် လူမမယ်ကလေးဘဝက မြစ်ကမ်းနား ရေချိုးရာတွင် မိခင်ကြီးက အောက်မှ လက်နှစ်ဘက်ဖြင့် ခံကာ သားဖြစ်သူ တပည့်အား ရေကူးသင်ပေးခဲ့ပါသည်၊ ဤသို့ဖြင့် တပည့်သည် ရေကူးကျွမ်းကျင်သူ အဖြစ်သို့ ရောက်ခဲ့ရပါသည် ဘုရား၊ ဤအတူပင် ဆရာတော်ဘုရား၏ စီဝရပြဿနာ, ဒေါ်လာကဟာပဏ္ဏပြဿနာ မေးမြန်းချီးမြှောက်ခြင်းဖြင့် တပည့်သည် ဝိနယဉာဏ် ကွန့်မြူး ဝိနစ္ဆယရေကူးတတ်မြောက်တော့မှာပဲ ဟု ဝမ်းမြောက်ရွှင်မြူး ကျေးဇူးအထူးတင်မိပါသည်ဘုရား၊ တပည့်၏ ဖြေကြားလျှောက်ထားလွှာကို ဆရာတော်ဘုရား နှစ်သက်ကြည်ဖြူ အလိုတော်ရှိတော်မူသည့်အတိုင်း (လက်ခံခြင်း,ပယ်စွန့်ခြင်းအမှု) ပြုတော်မူနိုင်ပါသည်ဘုရား။

၁။ ။ "ယခုခေတ် နိုင်ငံခြားရဟန်းတော်များ မြန်မာပြည်သို့လာရာ ပါလာသော ဒေါ်လာငွေများကို မကြေငြာပဲ ထိန်ဝှက်ချန်ထားပြီးလျှင် မှောင်ခိုဈေး လဲလှယ်ရာ ဒုတိယပါရာဇိက အာပတ် သင့်,မသင့်" ဟူသောပြဿနာကို –

http://www.dhammadownload.com



ဣမေဟိ စ ပန တီဟိ လက္ခဏေဟိ သမန္နာဂတေန ဝိနယဓရေန ဝတ္ထုဝိနိစ္ဆယတ္ထံ သန္နိပတိတေ သံဃေ ဩတိဏ္ဏေ ဝတ္ထုသ္မိံ စောဒကေန, စုဒိတကေန စ ဝုတ္တေ ဝတ္တဗ္ဗေ သဟသာ အဝိနိစ္ဆိနိတွာဝ ဆ ဌာနာနိ ဩလောကေတဗ္ဗာနိ" (ဝိ၊ ၄၊ ၁၊ ၂၁၀) ဟူသော အဋ္ဌကထာ၏ နယူပဒေသနှင့်အညီ ဝတ္ထု, မာတိကာ, ပဒဘာဇနီ, တိကပရိစ္ဆေဒ, အန္တရာပတ္တိ, အနာပတ္တိ တို့ကို ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်သင့်သည် ထင်ပါသည်ဘုရား။

၂။ ။ ရဟန်းတော်များသည် ဒေါ်လာငွေတို့ကို (ဒုတိယပါရာဇိကမှ လွတ်သည့်) တရားသော နည်းလမ်းဖြင့် နိုင်ငံခြားမှ ရရှိခဲ့ပါလျှင် ထိုရဟန်းတော်က မပေးစွန့်သမျှ (သို့မဟုတ်)ထိုရဟန်းတော် စုတိမကျ(မသေလွန်)သေးသမျှ ဒေါ်လာငွေများသည်-

အဒိန္နံ နာမ ယံ အဒိန္နံ အနိဿဋ္ဌံ အပရိစ္စတ္တံ ရက္ခိတံ ဂေါပိတံ မမာယိတံ ပရပရိဂ္ဂဟိတံ၊ ဧတံ အဒိန္နံ နာမ။ (ဝိ၊ ၁၊ ၅၇)

ဟူသော ပဒဘာဇနီနှင့်အညီ အာဒါန (အဝဟာရ) ကြိယာ၏ အာရုံဝတ္ထု မဟုတ်နိုင်ပါ၊ ရဟန်းတော်ပိုင် အတ္တပရိဂ္ဂဟိတ သကသန္တကသာ ဖြစ်ပါသည်၊ ထိုဒေါ်လာငွေကို မှောင်ခိုဈေး၌

http://www.dhammadownload.com



ကြာမေဟိ စ ပန တိဟိ လက္ခဏေဟိ သမန္နာဂတေန ဝိနယဓရေန ဝတ္ထုဝိနိစ္ဆယတ္ထံ သန္နိပတိတေ သံဃေ ဩတိဏ္ဏေ ဝတ္ထုသ္မိံ စောဒကေန, စုဒိတကေန စ ဝုတ္တေ ဝတ္တဗ္ဗေ သဟသာ အဝိနိစ္ဆိနိတွာဝ ဆ ဌာနာနိ ဩလောကေတဗ္ဗာနိ" (ဝိ၊ ဋ္ဌ၊ ၁၊ ၂၀၁ )

၃။ ။ သို့ရာတွင် အုပ်ချုပ်သူ အာဏာပိုင်တို့က သူတို့အာဏာလွှမ်းမိုးရာ(တိုင်းပြည်, နယ်ပယ်)အတွင်း၌ "ဤအရပ်သို့ ဤမျှသော ဒေါ်လာငွေတို့ကို ယူဆောင်လာလျှင် ဤမျှသော အခွန်အတုတ်ကို ပေးဆောင်ရမည်"ဟုဥပဒေအာဏာ ထားရှိပါလျှင် ထို ဥပဒေနှင့်အညီ အခွန်အတုတ်ကို ပေးဆောင်ရမည် ဖြစ်ပါသည်၊ အခွန်အတုတ် မပေးဆောင်ပဲ အခွန်ထိုက်သည့် ဒေါ်လာငွေများကို အခွန်ကောက်ခံရာ (သုင်္ကဌာန)မှ လွန်မြောက်အောင် ဆောင်ယူသွားပါလျှင်–

တတြ (သုင်္ကဋ္ဌာနေ) ပဝိသိတွာ ရာဇဂ္ဂံ ဘဏ္ဍံ ပဉ္စမာသကံ ဝါ အတိရေကပဉ္စမာသကံ ဝါ အဂ္ဃနကံ ထေယျစိတ္တော အာမသတိ၊ အာပတ္တိ ဒုက္ကဋဿ။ ဖန္ဒာပေတိ၊ အာပတ္တိ ထုလ္လစ္စယဿ။ ပဌမံ ပါဒံ သုင်္ကဃာတံ အတိက္ကာမေတိ၊ အာပတ္တိ ထုလ္လစ္စယဿ။ ဒုတိယံ ပါဒံ အတိက္ကာမေတိ၊ အာပတ္တိ ပါရာဇိကဿ (ဝိ၊၁၊၆၄)။ဟူသော

http://www.dhammadownload.com



ပါဠိတော်,

ရာဇဂ္ဂေ ဘဏ္ဍာနိ ရာဇာရဟံ (သုင်္ကာရဟံ) ဘဏ္ဍံ။ ယတော ရညော ပဉ္စမာသကံ ဝါ အတိရေကပဉ္စမာသကံ ဝါ အဂ္ဃနကံ သုင်္ကံ ဒါတဗ္ဗံ ဟောတိ၊ တံ ဘဏ္ဍာနိ အတ္ထော။--ထေယျစိတ္တောတိ "ဣတော ရညော သုင်္ကံ န ဒဿာမိ"တိ ထေယျစိတ္တံ ဥပ္ပါဒေတွာ တံ ဘဏ္ဍံ အာမသတိ၊ ဒုက္ကဋံ။---သုင်္ကဋ္ဌာနပရိစ္ဆေဒံ ဒုတိယံ ပါဒံ အတိက္ကာမေတိ၊ ပါရာဇိကံ။ (ဝိ၊ဋ္ဌ၊၁၊၃၁၄။) ဟူသော အဋ္ဌကထာတို့နှင့်အညီ ပါရာဇိက, ထုလ္လစ္စည်း, ဒုက္ကဋ်အာပတ်တို့ဖြင့် ထိုက်သင့်သလို ဆုံးဖြတ်ရမည်။

သို့သော်လည်း အခွန်အတုတ် မလွတ်ကင်းသည့် ဒေါ်လာငွေများကို အခွန်ကောက်ခံရာ(သုင်္ကဋ္ဌာန)မှ အခွန်မပေးဘဲ လွန်မြောက်သွားတိုင်း ဖော်ပြပါ အာပတ်တို့ဖြင့် ဆုံးဖြတ်ရမည် မဟုတ်ပါ၊ မှုခင်းဖြစ်ပုံ အခြင်းအရာ အားလျော်စွာ အာပတ်မှ လွတ်မြောက်နိုင်သော နည်းလမ်း ဥပါယ်များလည်း ရှိပါသည်၊ထို့ကြောင့် အဋ္ဌကထာ(ဝိ၊ဋ္ဌ၊ ၁၊ ၃၁၅)၌-

ဂစ္ဆန္တေ ယာနေ ဝါ အဿပိဋ္ဌာဒိသု ဝါ ဌပေတိ "ဗဟိ နီဟရိဿတီ"တိ၊ နီဟဋ္ဌေပိ အဝဟာရော နတ္ထိ၊ ဘဏ္ဍဒေယျမ္ပိ န

http://www.dhammadownload.com



ဟောတိ၊ ကသ္မာ? "အတြ ပဝိဋ္ဌဿ သုက္ကံ ဂဏှန္တဿ" တိ ဝုတ္တတ္တာ ဣဒ္ဓ သုက္ကံဋ္ဌာနဿ ဗဟိ ဌိတံ၊ န စ တေန နီတံ၊ တသ္မာ နေဝ ဘဏ္ဍာဒေယျံ န ပါရာဇိကံ။

အစရှိသည်ဖြင့် မိန့်တော်မူပါသည်၊ အခွန်မပေးဘဲ ရှောင်လွှဲရာ၌လည်း—

သုက္ကံ ပရိဟရတိ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊၁၊ ၆၄)

ဟူသော ပါဠိတော်,

သုက္ကံ ပရိဟရတီတိ ဧတ္ထ ဥပစာရံ ဩက္ကမိတွာ ကိဉ္စာပိ ပရိဟရတိ၊ အဝဟာရောယေဝါတိ ကုရုန္ဒဋ္ဌကထာယံ ဝုတ္တံ။ မဟာအဋ္ဌကထာယံ ပန " ပရိဟရန္တဿ ရာဇပုရိသာ ဝိဟေဌေန္တီတိ ကေဝလံ အာဒီနဝံ ဒဿေတွာ ဥပစာရံ ဩက္ကမိတွာ ပရိဟရတော ဒုက္ကဋံ။ အနောက္ကမိတွာ ပရိဟရတော အနာပတ္တီ" တိ ဝုတ္တံ၊ ဣဒံ ပါဠိယာ သမေတိ၊ ဧတ္ထ ဒွိဟိ လေဍ္ဍုပါတေဟိ ဥပစာရော ပရိစ္ဆိန္ဒိတဗ္ဗော။(ဝိ၊ ဋ္ဌ ၊ ၁၊ ၃၁၆)

ဟူသော အဋ္ဌကထာနှင့်အညီ ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

၄။ ။ ဤမှုခင်း၌ "ဒေါ်လာငွေတို့ကို ကြေငြာရမည် ဖြစ်ပါလျက်, ကြေငြာရမည်ဟု ဥပဒေရှိပါလျက် မကြေငြာဘဲ

http://www.dhammadownload.com



ယူဆောင်သွားခြင်းသည်ပင် ခိုးမှု အဝဟာရ မဖြစ်ပါလော” ဟု စောဒနာဖွယ် ရှိပါသည်၊ သို့သော်လည်း သက်ဆိုင်ရာ တရားရုံးတော်က ထိုက်သင့်သော ဒဏ်ငွေကို တပ်ရိုက်သောအခါမှ ပေးဆောင်ရမည့် ဒဏ်ငွေသည် ရာဇာရဟ ရာဇဒေယျဘဏ္ဍာ ဖြစ်ပါသည်၊ တရားရုံးတော်က ဒဏ်ငွေ မတပ်ရိုက်မိသော်လည်းကောင်း, (သို့မဟုတ်) မတပ်ရိုက်သော်လည်းကောင်း ရာဇာရဟ ရာဇဒေယျဘဏ္ဍာ အဖြစ်သို့ မရောက်ပါ၊ ထိုသို့ မရောက်လျှင် အဝဟာရ မဖြစ်နိုင်ပါ၊ ဒဏ်ငွေ တပ်ရိုက်ရာ၌လည်း တရားဥပဒေနှင့်အညီသာ တပ်ရိုက်ရပါမည်၊ တရားဥပဒေမဲ့ တပ်ရိုက်ပါလျှင် သက်ဆိုင်ရာ အာဏာပိုင်များလည်း ပသယှာဝဟာရ ဖြစ်ပါမည်။

အကယ်၍သာ ရဟန်းတော်သည် ဒေါ်လာငွေများကို ဝိနည်းတရားတော်နှင့်အညီ ကပ္ပိယကာရကဖြင့် ခံယူခဲ့၍ ကပ္ပိယက အပ်စပ်သော ဝတ္ထုပစ္စည်းများကို လဲလှယ်လှူဒါန်းပါလျှင် အပြစ်တစ်စုံတစ်ရာ မဖြစ်နိုင်ပါဘုရား၊ ဤအဆုံးအဖြတ်ကို

ပါဠိ အဋ္ဌကထာစ္စေဝ,သာဓိပ္ပါယမသေသတော။
ဩဂယှ အပ္ပမတ္တေန, ကရဏီယော ဝိနိစ္ဆယော။

http://www.dhammadownload.com



အာပတ္တိဒဿနဿာဟော, န ကတ္တဗ္ဗော ကုဒါစနံ။
ပဿိဿာမိ အနာပတ္တိ-မိတိ ကယိရာထ မာနသံ။

ဟူသော အဋ္ဌကထာ အနုသာသနီ (ဝိ၊ဋ္ဌ၊ ၁၊ ၃၄၆)နှင့်အညီ လျှောက်ထားတင်သွင်းရခြင်း ဖြစ်ပါသည်။

ရဟန်းကောင်း ရဟန်းမြတ်တစ်ပါးအနေဖြင့်မူ-

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု။ (အံ၊၁၊ ၆၅)-စသည်တို့နှင့်အညီ ဥပဒေ မလွတ်ကင်းသည့် ပြစ်မှုမျိုးကို တစ်စိုးတစ်စိ မပြုမိအောင် ရှောင်ကြဉ်သင့်ပါသည်။

အချို့ပုဂ္ဂိုလ် တို့က-

ဝိနယဝိနိစ္ဆယေ ဟိ အာဂတေ ဂရုကေ ဌာတဗ္ဗံ၊ ဧသာ ဝိနယဓမ္မတာ။ (ဝိ၊ ဋ္ဌ၊ ၁၊ ၂၇၆)

နှင့်အညီ ဂရုကဥ္စ တည်၍ ဆုံးဖြတ်သင့်သည်ဟု ယူဆကောင်းယူဆကြပါလိမ့်မည်၊ အရာခပ်သိမ်းဝယ် ဂရုကဥ္စ တည်၍ မဆုံးဖြတ်သင့်ကြောင်းကို ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်ဘုရား ငယ်ရွယ်စဉ်က ဆုံးဖြတ်တော်မူခဲ့သည့် စောရာဝဟဋ္ဌဝိနိစ္ဆယ (လက်ရေးမူ)မှ သုံးသပ်ချက်အချို့ကို ဆက်လက်လျှောက်ထား လိုပါသည် ဘုရား။

http://www.dhammadownload.com



## စောရာဝဟင္ဃဝိနိစ္ဆယ

၅။ ။ ဤအရာ၌ သူခိုး ခိုးသွားသောပစ္စည်းကို မူလပိုင်ရှင်နှင့်သူခိုး မည်သူ စိုးပိုင်သည်ကို ရှေးဦးစွာ စိစစ်သင့်၏၊ အများအားဖြင့် "သူခိုးလက်ရောက်ပြီးပစ္စည်း သူခိုးတစ်ဦးတည်း ပိုင်ဖြစ်ပြီ"ဟု သာမညဆုံးဖြတ် အမှတ်ပြုကြ၏၊ အချို့ကလည်း

ဣဒ္ဓ ကာသာဝံ အတ္တနော သန္တကံ ကတွာ စတေသော ဝ ဘိက္ခုနော ဒေဟိ (ဝိ၊၃၊၁၊၂၆၆)။ ဟု နိရာလယ မူလပစ္စည်းရှင်နှင့် ထေယျစိတ္တကသူခိုး နှစ်ဦးနှစ်ဝ စိတ်အေးကြရန် စီမံသော ဝိနိစ္ဆယ အဋ္ဌကထာလာဝတ္ထုကို ထောက်ဆ၍ ပစ္စည်းရှင်က အာလယ ပြတ်ပြီးလျှင် သူခိုးတစ်ဦးတည်းပိုင် ဖြစ်သည် ဟုဆိုကြ၏။ အချို့ကလည်း--

ဘဏ္ဍာဒေယျန္တိ ဥဘိန္နံ သာလယဘာဝေ သတိ စောရဿ ဝါ သာမိကဿ ဝါ သမ္ပတ္တဿ ကဿစိ ဒါတုံ ဝဋ္ဋတီတိ ဝဒန္တိ-

ဟူသော သာရတ္ထ ဝဒန္တိဝါဒ (သာရတ္ထ၊ ၂၊ ၁၆၄)ကို ထောက်ဆ၍ နှစ်ဦးလုံး အာလယရှိသည့်အရာ ဒွိသန္တက၊ နှစ်ဦးလုံးပြတ်သည့် အရာ အဿာမိက ဟုဆိုကြ၏။ အမှန်ကား-

http://www.dhammadownload.com



ဘဏ္ဍာဒေယျန္တိ ဥဘိန္နံ သာလယဘာဝေပိ စောရဿ အဒတွာ သာမိကဿေဝ ဒါတဗ္ဗံ၊ စောရေနာပိ သာမိကဿေဝ ဒါတဗ္ဗတော။ ဟူသောဝိမတိဋီကာ (၁၊ ၂၀၂ )

ဓုရနိက္ခေပံ ကတွာပိ စောရေဟိ အာဟဋံ စောဒေတွာ ဂဏှတော အနာပတ္တိတိ ဒီပိတံ ဟောတိ။ ဟူသော ဝဇိရဗုဒ္ဓိဋီကာ (၁၃၁) တို့နှင့်အညီ

သူခိုးနှင့်ပစ္စည်းရှင် မည်သူကပင် အာလယကပြတ်စေကာမူ ပြန်၍ ယူနိုင်,မူလပစ္စည်းရှင်သာ ပိုင်ဆိုင်၏၊ ပရိဂ္ဂဟိတအားဖြင့်ကား တစ်ဦးဦးက အာလယရှိမူ အာလယရှိသူ၏ ပရိဂ္ဂဟိတ, နှစ်ဦးလုံး အာလယရှိမူ နှစ်ဦးပရိဂ္ဂဟိတ ဖြစ်၏၊ ၎င်းကို ထေယျစိတ်ဖြင့် အခြားသူ ယူက ဒုတိယသိက္ခာပုဒ်ဖြင့် အပြစ်သင့်၏၊ နှစ်ဦးလုံးအာလယပြတ်က အပရိဂ္ဂဟိတ ဖြစ်၍ ထေယျစိတ်ဖြင့် တစ်ဆင့်ခိုးသော်လည်း ဒုတိယသိက္ခာပုဒ်ဖြင့် အပြစ်မရှိ၊ ထေယျစိတ်အတွက် ဒုက္ကဋ်သာ အာပတ်သာ သင့်၏။ ပံသုကူလသညာဖြင့် ယူသော်လည်းကောင်း, မူလဥစ္စာရှင်အား ပြန်ပေးရန် ယူသော်လည်းကောင်း ယူခြင်းကြောင့် အပြစ်မရှိ၊ ဘဏ္ဍာဒေယျဖြစ်၍ နှစ်ဦးစုံ ဓုရနိက္ခေပ ပြုသည့်အခါမှ ပါရာဇိက အာပတ်သင့်၏။ မူလ ပစ္စည်းရှင်ကိုယ်တိုင် ပြန်ယူမှုကား

http://www.dhammadownload.com



အထင်မှား၍ ထေယျစိတ်ဖြင့်ယူလျှင် ဒုက္ကဋ် အာပတ်မှတစ်ပါး အခြား အပြစ် တစ်စုံတစ်ရာမရှိ။

၆။ ။ ရှေးအခါ မန္တလေးမြို့တော်၌ အရေးတော်ဖြစ်စဉ် သူခိုး ခိုးယူပေါင်နှံထားသော စာထုပ်များကို စာထုပ်ရှင်များကလိုက်၍ ရွေးယူကြရာ စံကျောင်းဆရာတော်ကြီးက "ကိုယ့်ပစ္စည်းကို ငွေကုန်ခံပြီး ရွေးနေဖွယ် မရှိ၊ တွေ့မိသူထံက ပြန်ယူနိုင်သည်"ဟု မိန့်တော်မူသောဟူ၏၊ ငါတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ငယ်ရွယ်စဉ် ရွှေကျင်တိုက်မကြီး၌လည်း ပစ္စည်းများကို သူခိုးခိုးသွား၍ အများ ဝိုင်းလိုက်ကြရာ မန္တလေးတောင် ခုလတ်တွင် သူခိုးကို ပစ္စည်းနှင့်တကွ မိသော်လည်း "အတင်းလုယူက ပသယှာဝဟာရ၊ တောင်းယူက အညာတကဝိညတ္တိ ဖြစ်မည်"ကြောင့်ကြ၍ ဘာမှ မယူ ရန်မမူဘဲ ပြန်လာကြရာ ငါတို့ ကျေးဇူးရှင်ဆရာတော်ကြီးက "ကိုယ့်ပစ္စည်း ဆုံးအောင်ဘဲ ကုက္ကုစ္စ လွန်ကဲကြသည်"ဟူ၍ ပြောလိုက်ရကြောင်း မိန့်တော်မူဖူး၏။

ယခု လျှောက်လွှာပါ ကြိမ်မန်းရိုက်မည့်ဟန် စီမံသော ရဟန်း, အလိုတူ၍ ကူညီညာလိုင်း ဝိုင်းဝန်းပြောဆိုသော ရဟန်းများသည်

http://www.dhammadownload.com



မူလပစ္စည်းရှင်အား သူ့ပစ္စည်း သူပြန်ရရန် စီမံပေးကြသည်ဖြစ်၍ ဒုတိယသိက္ခာပုဒ်ဆိုင်ရာ ဘာအပြစ်သို့မှ မရောက်ကြ။

၇။ လျှောက်ထားတင်သွင်းခဲ့သော စည်ရှင်ဆရာတော်ဘုရား၏ သုံးသပ်ချက်များကို ထောက်ရှုက အရာရာ၌ အလေးဖက်တည်ကာ မဆုံးဖြတ်သင့်ကြောင်း ထင်ရှားလှပါသည်ဘုရား။

"ဒါ လောက်တောင် လေးချင်ရင် ခေါင်းပေါ်မှာ ကျောက်ခဲကြီးတင်ထား ပေါ့"ဟူသော မြောင်းမြဆရာတော်ကြီးထံမှ တစ်ဆင့်ကြားသိရသည့် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ မိန့်ခွန်းတော်ကိုလည်း နှလုံးသွင်း သင့်သည်ဟု ထင်မြင်ပါသည်ဘုရား။

အထူးအားဖြင့် မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရကျောင်း ဆရာတော် ဦးဥက္ကံသာဘိဝံသ၏ ဝိမတိစ္ဆေဒနီကျမ်း သုက်ဃာတာဒိ ဝိမတိစ္ဆေဒနီ (နှာ၊ ၁၉၁) ကိုလည်း ကြည့်ရှုသင့်သည် ဟု ထင်မြင်ပါသည် ဆရာတော်ဘုရား။

ဆရာတော်ဘုရား သက်တော်ရာကျော် ရှည်တော်မူ၍ သာသနာတော်ကြီး ဆက်လက် တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်တော်မူ

http://www.dhammadownload.com



နိုင်ပါစေဘုရား။

တပည့် - အဂ္ဂညနာဘိဝံသ

ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်

အနောက်တောင်မြို့နယ်

မန္တလေး

http://www.dhammadownload.com



# သပြေကန်ဆရာတော်ကြီးနှင့် သြစတြေးလျမှ အရှင်ပညာသာမိ

(အရှင်ပညာသာမိနှင့် အရှင်မုနိကတို့ မေး၍ သပြေကန်ဆရာတော်ကြီး ဖြေထားသည်တို့ကိုလည်း ဖော်ပြလိုက်ပါသည်။)

သြစတေးလျမှ အမိမြန်မာပြည်သို့ ခေတ္တပြန်ကြွလာသည့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ နာယက အရှင်ပညာသာမိသည် နက်ဖြန် (၁၅-၄-၉၃)နေ့တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာဆရာတော်ကြီးနှင့်အတူ အမေရိက, ကနေဒါ, ဂျာမနီ, ပြင်သစ်နိုင်ငံတို့သို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး ထွက်ပါတော့မည်၊ အရှင်ပညာသာမိသည် အမေရိက, အင်္ဂလန်, သြစတေးလျ, နယူးဇီလန်, မလေးရှား, စင်္ကာပူ, နီပေါ, သီရိလင်္ကာစသော နိုင်ငံတို့သို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး ကြွခဲ့ပေါင်းများလှလေပြီ၊ ပြည်ပ၌ ပြည်ပသားတို့အား သတိပဋ္ဌာန် ဓမ္မဂုဏ်ရည်များကို ပြသပေးခဲ့သည်မှာ နှစ်ပေါင်း (၁၀)နှစ်ပင် ကြာခဲ့လေပြီ၊ အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာခိုက် သပြေကန်ဆရာတော်ကြီးအား သူသိလိုသော အချက်များကို

http://www.dhammadownload.com



မေးလျှောက်လိုခြင်း, သပြေကန်ဆရာတော်ကြီးထံမှ အဆုံးအမ ဩဝါဒများကို ခံယူလိုခြင်းတို့ကြောင့် သပြေကန်ဆရာတော်ကြီး ထံမှောက်သို့ (၁၄-၄-၉၃) နေ့ ည(၈)နာရီ (၃၀)မိနစ်ခန့်က အရှင်မုနိက (မန္တလေးမှ ချမ်းမြသာစည်ကျောင်းဆရာတော်), စာရေးသူတို့နှင့်အတူ သွားရောက်ခဲ့ပါသည်။

ပုဗ္ဗန်တောင်မြို့နယ် ရွှေကျင်ကျောင်းတိုက်အတွင်းရှိ ဆရာတော် ကြီး သီတင်းသုံးတော်မူရာ "သာဓုဇနာနန္ဒ" အမည်ရှိသော စံကျောင်းတော်တံခါးကို ပိတ်ထားလေပြီ၊ ထိုကျောင်းတိုက်အတွင်းရှိ အခြားကျောင်းဆောင်တို့၌မူ သံဃာတော်တို့ကို လှမ်းမြင်ရပေ၏၊ ထိုသံဃာတော်တို့ထဲမှ ရဟန်းတော်လေးတစ်ပါးက ကြွလာပြီး စံကျောင်းတော်တံခါးကို ဖွင့်ပေးကာ ဆရာတော်ကြီး သီတင်းသုံး တော်မူရာ စံကျောင်းတော်အပေါ်ထပ်သို့ ခေါ်ဆောင်သွားပါသည်၊ အပေါ်ထပ်ရှိ ဆရာတော်ကြီး၏ အခန်းတံခါးကို ပိတ်ထားပြန်လေ၏၊ အခန်းတံခါးကို ထိုရဟန်းတော်လေးက (၃/၄)ခါလောက် ခေါက်မှ ဆရာတော်ကြီးတံခါးကို ဖွင့်ပေးလာလေ၏၊ ဆရာတော်ကြီးက အခန်းထဲသို့ ကြွလာကြရန် မိန့်တော်မူသဖြင့် အခန်းထဲသို့ဝင်ကာ ကန်တော့ခဲ့ကြပါ၏၊ အရှင်ပညာသာမိက ဆရာတော်ကြီးအား

http://www.dhammadownload.com



စာကြည့်မှန်ဘီလူးတစ်ခု, ခေါင်းရိပ်စက်တစ်လုံး, ကြက်သွန်ဖြူဖြင့် ပြုလုပ်ထားသည့် ပြည်ပဖြစ် ဆေးတစ်မျိုးတို့ကို လှူဒါန်းပြီး ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏ အလှူဖြစ်သော "Sheaffer" ဘော်လ်ပင်တစ်ချောင်းကိုလည်း လှူဒါန်းလိုက်ပါသည်။

ဆရာတော်ကြီး၏ အခန်းရှိတံခါးအားလုံးကို ပိတ်ထားလေ၏၊ လေအေးစက်ကိုကား ဖွင့်ထားပေ၏၊ သို့သော် အခန်းထဲမှာကား မအေးလှပေ၊ အခန်းတွင်းမှာ လှောင်ကာ ပူလျက်ရှိနေလေ၏၊ ဆရာတော်ကြီး၏ အသက်ရှူသံမှာ ပြင်းနေ၏၊ နှာခေါင်းပိတ်နေလေသည်၊ သတိတွေ မေ့မေ့လာလို့ ဦးနှောက်ကြည်ဆေးတွေကို ဆရာဝန်က စားခိုင်းထားလို့ အဲဒီဆေးတွေကြောင့် နှာခေါင်းတွေ ပိတ်နေသည်–ဟု မိန့်တော်မူ၏၊ ဆရာတော်ကြီးမျက်နှာတော်မှာ အရင်တစ်ခေါက် ဖူးမြော်ရတုန်းကလောက် လန်းဆန်းမှုမရှိပဲ ညှိုးနွမ်းနေပါ၏၊ သကြန်တွင်းမို့ လာရောက်ဖူးမြော်ကြသည့် ပရိတ်သတ်တို့အား ဟောရပြောရများသဖြင့် ပင်ပန်းတော်မူနေပုံ ရပါ၏၊ ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုးကား ရှိပါ၏။

ဆရာတော်ကြီး၏ အခြေအနေကို အရှင်ပညာသာမိက အကဲခတ်နေလေပြီ၊ ဆရာတော်ကြီးက နှုတ်ဆက်စကား မိန့်ကြားပြီးနောက်

http://www.dhammadownload.com



တိတ်ဆိတ်နေလေ၏၊ ထို့ကြောင့် အရှင်ပညာသာမိက သူမေးရန် ရည်ရွယ်ခဲ့သော မေးခွန်းတွေကို မေးဖို့ ပါးစပ်ပြင်နေလေပြီ၊ မေးဖို့ အချိန်တန်ပြီဟု ယူဆကာ လက်အုပ်ချီလိုက်လေ၏။

"သီရိလင်္ကာမှာ တပည့်တော် နေခဲ့စဉ်က တွေ့ကြုံခဲ့ရတဲ့ ရေသိမ်ကိစ္စအကြောင်း မေးမြန်းလျှောက်ထားခွင့် ပြုတော်မူပါဘုရား"-တဲ့။

ကျိန်းစက်ရာ ခုတင်ခေါင်းရင်းပိုင်း၏ မြောက်ဘက်တွင် ကပ်လျက်ခင်းထားသည့် သံကုလားထိုင်လေးပေါ် ထိုင်နေသော ဆရာတော်ကြီးသည် ပြုံးရယ်တော်မူကာ "မေးပါ, မေးပါ" ဟု မိန့်တော်မူ၍ ခွင့်ပြုလိုက်သောအခါ အရှင်ပညာသာမိက ဤသို့ မေးလျှောက်လိုက်ပါသည်။

မေး။ ။ ရေသိမ်အတွင်း ကမ္မဝါစာဖတ်သည့်အခါမှာ ရေထဲကို ဆင်းပြီး ဖတ်မှသာ ကံမြောက်ပါသလားဘုရား၊ ရေထဲ မဆင်းပဲ ရေစပ်မှာ ဖတ်ရင်ကော ကံမမြောက်နိုင်ပါလား ဘုရား။

ဖြေ။ ။ မိုးတွင်းလေးလ ရေရှိနေတဲ့ နေရာမျိုးဆိုရင် ရေထဲဆင်းပြီးလဲ ဖတ်နိုင်ပါတယ်၊ လှေအစရှိတဲ့ အရာဝတ္ထု တစ်ခုခု ပေါ်လဲ ဖတ်နိုင်ပါတယ်၊ မိုးတွင်းလေးလ ရေရှိတဲ့ မြစ်ချောင်းစတဲ့ နေရာမျိုးဖြစ်ရင် ကမ္မဝါစာဖတ်တဲ့အခါ ရေရှိမနေသော်လည်း အဲဒီမြစ်

http://www.dhammadownload.com



ချောင်းစသည် ထိုထိုနေရာမှာ နေကာ ဖတ်နိုင်ပါတယ်။

အရှင်ပညာသာမိက မေးသဖြင့် ဆရာတော်ကြီးက ဖြေပြီးသောအခါ သီရိလင်္ကာ၌ သိမ်နှုတ်ကိစ္စ ဆောင်ရွက်ခဲ့ရစဉ်က သီရိလင်္ကာရဟန်းတော်တို့ ကမ္မဝါစာဖတ်ကြပုံနှင့် စပ်၍ မေးခွန်းတစ်ခုကို အရှင်ပညာသာမိက ထပ်မေးလာပြန်ပါသည်။

မေး။ ။ သီရိလင်္ကာမှာ သိမ်နှုတ်ကိစ္စအတွက် ကမ္မဝါစာ ဖတ်ကြတဲ့ သီရိလင်္ကာရဟန်းတော်များဟာ ကမ္မဝါစာကို မတ်တပ်ရပ်ပြီး ဖတ်ကြပါတယ် ဘုရား၊ အဲဒါကိုရော ဘယ်လိုသဘောရပါသလဲဘုရား။

ဖြေ။ ။ မတ်တပ်ရပ်ပြီး ဖတ်တာကတော့ အကြောင်းမဟုတ်ပါဘူး၊ မတ်တပ်ရပ်ပြီး ဖတ်ဖတ်, ထိုင်ပြီး ဖတ်ဖတ် ဌာန်, ကရိုဏ်းမှန်ဖို့ကသာ အရေးကြီးပါတယ်။

အရှင်ပညာသာမိသည် သီရိလင်္ကာရဟန်းတော်များ ကမ္မဝါစာ ဖတ်ပုံကို အားမလိုအားမရ ဖြစ်နေပုံပေါ်ပါသည်၊ ထို့ကြောင့် ထိုကိစ္စနှင့်ပတ်သက်၍လည်း ဤသို့ မေးလျှောက်ပြန်ပါသည်။

မေး။ ။ သီရိလင်္ကာမှာ ရဟန်းတော်များ ကမ္မဝါစာ စာဖတ်တဲ့အခါ ဌာန်, ကရိုဏ်းကို အလေးပြုတဲ့သဘော မသက်ရောက်ပဲ ရိုးရိုး စာဖတ်သလိုနဲ့ ခပ်မြန်မြန် ဖတ်သွားကြပါတယ်။

http://www.dhammadownload.com



အဲဒါကိုကော ဘယ်လိုသဘောရပါသလဲဘုရား။

ဖြေ။ ။ မြန်မာတို့အနေနဲ့ ဖြည်းဖြည်း ဖတ်မှ ဥာဏ်, ကရိဏ်း ကျတယ်လို့ သိနေတာ ဖြစ်ပေမယ့် သီရိလင်္ကာတွေကတော့ သူတို့ရဲ့ သင်္ကေတ, သူတို့ရဲ့ သဘာဝနဲ့ မြန်မြန် ဖတ်သော်လည်း ဥာဏ်, ကရိဏ်းကျအောင် ဖတ်တာ ဖြစ်မှာပါ၊ ဥာဏ်, ကရိဏ်း ကျတယ်လို့ သိထားမှာ ဖြစ်တာမို့ မှန်ကန်တယ်လို့ပဲ ထင်ပါတယ်။

အရှင်ပညာသာမိသည် နိုင်ငံပေါင်းများစွာသို့ ရောက်ခဲ့လေသဖြင့် အတွေ့အကြုံတွေ များလှလေ၏၊ သူ့စိတ်ထဲတွင် ဘဝင်မကျ ဖြစ်ခဲ့ရသော အကြောင်းအရာတို့ကို ဆရာတော်ကြီးနှင့် တွေ့လျှင် မေးမည်ဟု တေးထားခဲ့ရာ မေးခွင့်ကြုံနေသဖြင့် ထိုင်းနိုင်ငံမှ အတွေ့အကြုံတစ်ခုကိုလည်း မေးလျှောက်လိုက်ပြန်ပါသည်။

မေး။ ။ ထိုင်းနိုင်ငံမှာ သိမ်သမုတ်တာ တစ်ခုကို တွေ့မိပါတယ်ဘုရား၊ သူတို့ သိမ်သမုတ်ပုံက–သိမ်သမုတ်မယ့် နေရာရဲ့ အလယ်ခေါင်မှာ ကျင်းကြီးတစ်ကျင်း တူးထားပါတယ်၊ အဲဒီကျင်းကြီးထဲမှာ အိုးကြီးတစ်လုံး ထားပြီး အဲဒီအိုးကြီးထဲမှာ ရေထည့်ကာ သိမ်သမုတ်တာ တွေ့ရပါတယ်၊ အဲဒါကိုတော့ ဘယ်လို သဘောရပါသလဲဘုရား။

http://www.dhammadownload.com



ဖြေ။ ။ ဘေးဖက် တစ်ခြားနေရာတွေမှာ သိမ်နိမိတ်တွေ ရှိနေအုံးမှာနဲ့ တူပါတယ်ဟု ဆရာတော်ကြီးက အမိန့်ရှိလိုက်သောအခါ အရှင်ပညာသာမိက "မရှိပါဘုရား" ဟု ဖြေလိုက်ပါသည်၊ "အဲဒီသိမ်သမုတ်ပွဲမှာ ဦးပညာသာမိ ကိုယ်တိုင်ကော ပါဝင်ခဲ့ရပါသလား"ဟု ဆရာတော်ကြီးက မေးသောအခါ အရှင်ပညာသာမိက "အဲဒီလိုတော့ မပါခဲ့ပါဘုရား၊ မပါပေမယ့် အဲဒါကိုတော့ သေသေချာချာ သိခဲ့ရပါတယ်ဘုရား" ဟု လျှောက်ထားလေ၏။

ဖြေ။ ။ အဲဒါကတော့ အသိရခက်ပါတယ်၊ စာတွေထဲမှာတော့ မတွေ့မိဖူးပါဘူး၊ သူတို့ ဘယ်လိုအစီအစဉ်, ဘယ်လို အသိ, ဘယ်လိုအယူအဆနဲ့ သမုတ်တယ်တော့ မပြောနိုင်ဖူးပေါ့၊ မန်လည်ဆရာတော်ကြီး အမိန့်ရှိတယ်လို့ ကြားနာမှတ်သားရဖူးတဲ့ ရှေးတုန်းက ရှမ်းပြည်ဖက်က ရဟန်းတော်တွေ ကထိန်ခင်းကြတာလိုလဲ ဖြစ်နေပါအုံးမယ်၊ သူတို့ ကထိန်ခင်းကြတဲ့ အခါ နှစ်ထပ်သင်္ကန်းကြီးကို ဖြန့်ပြီး အဲဒီနှစ်ထပ်သင်္ကန်းကြီးပေါ် တက်ကာ ကမ္မဝါစာ ဖတ်ပြီး ကထိန်ခင်းကြတယ်–တဲ့၊ အခုလဲ ထိုင်းနိုင်ငံက ကိုယ်တော်တွေ သိမ်သမုတ်တာက အဲဒီလို ဖြစ်နေတာပေါ့။

မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်အနီးရှိ "ချမ်းမြသာစည်

http://www.dhammadownload.com



ကျောင်းတိုက်”တွင် ကျောင်းထိုင်ဖြစ်ပြီး၍ မကြာသေးသော ဆရာတော်လေး အရှင်မုနိက၏ သိမ်ကျောင်း အဆောက်အဦးမှာ ကျဉ်းလျက်ရှိနေလေ၏–တဲ့၊ သူ့သိမ်၌ အတွင်းသိမ်တိုင်နှင့် အပြင်သိမ်တိုင်ဟူ၍ တိုင်(၂) မျိုးဖြင့် ပိုင်းခြားထားသော အပိုင်းအခြား (၂)မျိုး ရှိနေလေ၏၊ အပြင်သိမ်တိုင်အထိ အဆောက်အဦးကို တိုးချဲ့၍ ဆောက်လို့ ရနိုင်, မရနိုင် သိချင်နေလေ၏၊ ပိဋကစာပေ တတ်ကျွမ်းလှသော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးထံ ရောက်ခိုက်ဆိုက်ရောက်လာသည့် အခွင့်ကောင်းကို သူသည် လက်လွှတ်မခံလိုပေ၊ ထို့ကြောင့် အရှင်ပညာသာမိ မေးပြီးချိန်ကို စောင့်နေလေ၏၊ အရှင်ပညာသာမိ မေးလျှောက်စရာများ ကုန်သွား၍ အရှင်မုနိက မေးဖို့အလှည့်ရောက်လာလေပြီ။

မေး။ ။ အတွင်းသိမ်တိုင်ကို အပြင်သိမ်တိုင်နားသို့ ပြောင်းရွှေ့ပြီး အဆောက်အဦးကို တိုးချဲ့ဆောက်လျှင် ဖြစ်နိုင်ပါသလားဘုရား။

ဖြေ။ ။ ယခင် အုတ်လှေခါးကဲ့သို့ အုတ် ကျောက်စသည် ဖြစ်လျှင် ဗဒ္ဓသိမ်ပေါ် ရောက်သော်လဲ ဘူမိဂတိကဖြစ်၍ အပြစ် မရှိ၊ သစ်သား စသည်ဖြစ်လျှင် ဗဒ္ဓသိမ်ပေါ် ရောက်ခြင်း

http://www.dhammadownload.com



ကြောင့် သမေဒ ဖြစ်၏။ ဂါမနှင့်စပ်ခြင်းကြောင့်ကား အပြစ်မရှိ။

**မေး**။ ။ လှျပ်စစ်ဓာတ်ကြိုးတစ်ခုကို သိမ်နိမိတ်အပြင်ဘက်ကနေ မြေကြီးထဲ မြှုပ်ထားပြီး သိမ်နိမိတ်အတွင်းသို့ သွယ်ယူရင် သင့်ပါသလားဘုရား။

**ဖြေ**။ ။ တချို့က ဘူမိဂတိက (မြေကြီးထဲမြှုပ်သွယ်ထားတာ ဖြစ်လို့ မြေကြီးနဲ့ အလားတူပင်)ဖြစ်လို့ သင့်တယ် အယူရှိပြီး သွယ်ထားကြပါတယ်၊ သင့်ဖွယ်ရှိပါတယ်၊ တချို့ကတော့ ဤအချက်ကို မသင့်ဘူးလို့ အယူရှိနေကြပါတယ်။

**မေး**။ ။ သိမ်အတွင်းရှိ ကျောင်းဆောင်မှ အုတ်လှေခါးဟာ မြေကြီးနှင့်ဆက်စပ်ပြီး သိမ်နိမိတ်အပြင်ဖက်သို့ ထွက်နေရင် သင့်ပါသလား၊ အပ်ပါသလား။

**ဖြေ**။ ။ အုတ်လှေခါးက ဘူမိဂတိကဖြစ်၍ ဗဒ္ဓသိမ်ပေါ်ရောက်သော်မှ အပြစ်မရှိ ဟု ဆရာတို့ ဆိုကြ၏၊ ဂါမနှင့်စပ်ရာမှာ ဆိုစရာ မရှိ။

အရှင်ပညာသာမိနှင့် အရှင်မုနိကတို့လည်း မေးချင်တာတွေ မေးရလို့ အားရကျေနပ်နေကြကုန်လေပြီ၊ ထိုသို့ အားရကျေနပ်ဖွယ်ကောင်းလောက်အောင် အဖြေပေးနိုင်တဲ့ ဆရာတော်ကြီး၏ ပညာစွမ်းအားနှင့် လိုက်လိုက်လဲ့လဲ့ ထက်ထက်သန်သန်ဖြင့်

http://www.dhammadownload.com



လိုလိုလားလား လေးလေးစားစား ဖြေကြားပေးတော်မူသော ဆရာတော်ကြီး၏ မေတ္တာစွမ်းအား၊ ကရုဏာစွမ်းအားတို့ကို ကြည်ညိုခွင့် ရခဲ့လေပြီ။

အရှင်ပညာသာမိအဖို့ အလွန့်အလွန် ရခဲသော အခွင့်အရေးကောင်း တစ်ခု ဖြစ်ပါ၏၊ နောင်အခါတွင် ဤကဲ့သို့ လွယ်လွယ်ကူကူနှင့် အခွင့်ကောင်း ရဖို့ နှစ်ပေါင်းမည်မျှ စောင့်စားနေရအုံးမည် မသိ၊ ထို့ကြောင့် သူ့အား ဩဝါဒစကား မိန့်ကြားပေးဖို့လည်း လျှောက်ထားပြန်လေသည်။

"အင်း--မဟာစည်ဆရာတော်ကြီးဟာ သူ့ဝိပဿနာရှုနည်းကျမ်းကြီးကို ဗုဒ္ဓစကားတွေနှင့်အညီ အခိုင်အမာ တည်ဆောက်သွားတယ်။"

"ဦးပညာသာမိတို့လည်း ဝိနည်းဖက်မှာရော၊ ကမ္မဋ္ဌာန်းပြသရာမှာပါ အကောင်းဆုံး ဖြစ်အောင် ကြိုးစားကြပါ၊ အကောင်းဆုံး မဖြစ်နိုင်တောင် မမှားအောင်တော့ ဂရုစိုက်ကြပါ၊ ရောက်လေရာမှာ ပြင်ပဗဟုသုတတွေကိုလဲ ရအောင် ဆည်းပူးကြပါ၊ ဝိပဿနာတရား ပြသလိုလျှင် မဟာစည်ဆရာတော်ကြီး ရေးသားထားတဲ့ ဝိပဿနာ ရှုနည်းကျမ်း (၂)အုပ်ကိုတော့ ကျေပြွန်အောင် လေ့လာထားကြဖို့ လိုအပ်ပါတယ်။"

http://www.dhammadownload.com



ဆရာတော်ကြီးထံမှ ဩဝါဒ ရေစဉ်ရေအေးတို့ကို သောက်သုံးခွင့် ရရှိသော အရှင်ပညာသာမိသည် ဆရာတော်ကြီး၏ ခြေတော်အစုံကို ဦးတိုက်ကန်တော့ကာ ပြန်လာခဲ့ရသော်လည်း ဆရာတော်ကြီး၏ အဖြေစကားတို့နှင့် ဩဝါဒစကားတို့ကို အမေရိက, ကနေဒါ, ဂျာမနီ, ပြင်သစ်နိုင်ငံတို့သို့ ရောက်သွားသည့်တိုင် သူ့နားထဲတွင် ကြားယောင်နေမည်မှာ မလွဲပါပေ။

သာမဏေကျော်